www.burmeseclassic.com




BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ခုနှစ်၊ (ဧပြီလ)၊ အုပ်ရေ(၅၀၀)၊ ပထမအကြိမ်။

ဦးအောင်မြင့်၊ အောင်မြင့်ပုံနှိပ်တိုက် (မြ-၀၀၀၇၇)၊ အမှတ်(၁၄၅)၊ နှင်းဆီဖြူလမ်း၊ သုဝဏ္ဏ၊

အောင်မြင့်စာပေ (မြ-၀၀၂၇၆)၊ အမှတ်(၇) သီတာလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့။



# ပြိုဒဂ္ဂ

နဂါးကချေသည်



www.burmeseclassic.com

www.burmeseclassic.com

# ဗဟုသုတလက်ဆောင်

❖ စာအုပ်များဝယ်သော်လည်း
ပညာကိုတော့ သင်ယူရသည်။
တူရိယာပစ္စည်း ဝယ်ယူသော်လည်း
ဂီတပညာကိုတော့ သင်ယူရသည်။
ပညာကို ငွေဖြင့်ဝယ်ယူ၍မရပေ။

❖ ပင်လယ်ထဲမှာ ရေနစ်နေလျှင်
ကယ်တင်မည့်သူ တွေ့နိုင်သေးသည်။
ဗန်ခွက်ထဲမှာ ရေနစ်နေရင်တော့
အခြားသူက မကယ်နိုင်တော့ပေ။

❖ ချစ်သူတစ်ယောက်က
ဘဝလက်တွဲဖော်တစ်ယောက် ဖြစ်လာနိုင်ပါတယ်။
ဒါပေမယ့် ဘဝတလျှောက်လုံး အားကိုးထိုက်သူ
ဖြစ်လာနိုင်ဖို့တော့ မသေချာပါဘူး။

BURMESE CLASSIC

# ဗဟုသုတလက်ဆောင်

❖ ပြန်မရနိုင်တော့တဲ့
အတိတ်ဟောင်းတွေကို ထားလိုက်ပါတော့။
ပစ္စုပ္ပန်မှာ ဘာမှမရှိလည်း ဝမ်းမနည်းပါနဲ့။
သင်မမြင်နိုင်တဲ့ အနာဂတ်မှာ
တစ်ခုခုရှိနေမှာတော့ သေချာပါတယ်။

❖ ဝင့်ကူမျှင်တိုင်းသည်
ကြိုးတစ်ချောင်း၏ အစဖြစ်သည်။
သဲတစ်ပွင့်သည်
အဆောက်အဦး၏ အစိတ်အပိုင်းဖြစ်သည်။
ကြိုးစားခြင်းသည်
အောင်မြင်မှုအတွက် အခြေခံဖြစ်သည်။

❖ သိမ်းငှက်က စာကလေးကို မမြင်သဖြင့် ရှေ့မှပျံသည်။
နောက်မှပျံလာသော စာကလေးက
သူ့ကို သိမ်းငှက်က ကြောက်၍ ပြေးနေသည်ဟု ထင်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ခဏနုလက်ဆောင်

- ကိုယ်က ချစ်တတ်သူဖြစ်လျှင် ကောင်းသည်။
သူ့အချစ်ကို ရခြင်းကလည်း ကောင်းပါသည်။
ထို့ထက် သူချစ်ကိုယ်ချစ်ဆိုလျှင်
အကောင်းဆုံးဖြစ်ပေသည်။

- အိပ်ယာကောင်းသော်လည်း
အိပ်မပျော်လျှင် အသုံးမဝင်လှပေ။
လက်ထပ်ထိမ်းမြားသော်လည်း
အချစ်မပါလျှင် ပျော်ရွှင်မှု မရနိုင်ပေ။

- အကောင်းမြင်တတ်သူသည်
ဘေးအန္တရာယ်ကြုံသောအခါမှာပင်
အခွင့်အရေးကောင်းကို မြင်တတ်သည်။
အဆိုးမြင်တတ်သူမှာတော့
အခွင့်အရေးကောင်းရပါသော်လည်း
ဆိုးဝါးမှုကိုသာ မြင်တတ်ပေ၏။

# ခဏနုလက်ဆောင်

- လောကဌ်ရှိသော
ဆေးကောင်းဝါးကောင်းမှန်သမျှ
သေခြင်းတရားမရောက်ခင် အချိန်ထိသာ
အစွမ်းရှိကြပေ၏။

- စိတ်ကိုဆွဲဆောင်မှုရှိသော
စိတ်ဆက်ခြင်းများထဲတွင်
ချောမောလှပခြင်းသည်
ရှေ့ဆုံးမှပါဝင်လေသည်။

- မကောင်းသောစိတ်ဝိညာဉ်သည်
ကိုယ်တွင်းတစ်နေရာ၌ ခိုအောင်းနေလေ့ရှိသည်။
မိမိကိုယ်တိုင် အပြင်ထုတ်မှသာ
အခြားသူများက သိနိုင်မြင်နိုင်ခွင့်ရသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## ဤစာအုပ်တွင် ပါဝင်သောအခန်းများ


အခန်း(၁) မီးတောင်နတ်နှင့်ယုံကြည်မှုဓလေ့များ
အခန်း(၂) အင်ဒိုနီးရှားနှင့်တန္တရအယူဝါဒ
အခန်း(၃) စုန်းနတ်တို့ကိုပူဇော်ရခြင်းအကြောင်း
အခန်း(၄) နတ်ဆရာနှင့်ဖုတ်ဝင်နေသောအလောင်း
အခန်း(၅) နဂါးကချေသည်များ
အခန်း(၆) ကျောက်တလားအောက်မှထူးဆန်းသောအကြောင်း
အခန်း(၇) လူသားကျောက်ရုပ်ဘဝရောက်ခဲ့ရသူ
အခန်း(၈) နဂါးဘဝမှလာသောသူ
အခန်း(၉) မီးတောင်တွင်းမှအန္တရာယ်များ
အခန်း(၁၀) ဆီပူအိုးအတွင်းမှနတ်ဆရာ
အခန်း(၁၁) နတ်ဆရာနှင့်လွဲမှားနေသောအယူဝါဒ
အခန်း(၁၂) လျှောင်လှုပ်ခြင်းနှင့်ဆူနာမီရေလှိုင်းများ
အခန်း(၁၃) ဖုတ်ဝင်လာသောအလောင်းများ
အခန်း(၁၄) ဘဝနှင့်ရင်းရသောချစ်ခြင်းမေတ္တာ
အခန်း(၁၅) မီးတောင်ကြောင့်ကျွန်းများကွယ်ပျောက်ရခြင်း
အခန်း(၁၆) နဂါးပြည်မှလာသောချစ်သူ
အခန်း(၁၇) ဘဝခရီးနှင့်နေ့သစ်များစွာ






# အခန်း ( ၁ )

# မီးတောင်နတ်နှင့် ယုံကြည်မှုဓလေ့များ

ကမ္ဘာပေါ်၌ သဘာဝအတိုင်း ဖြစ်ပေါ်နေသော တောင်မြင့်များ၊ မီးတောင်များ ရှိကြသည်။ ပေတစ်ရာ နှစ်ရာမှ ပေသုံးထောင် လေးထောင်ခန့်မြင့်သော တောင်များမှာ အနိမ့်ဆုံးတောင် အမျိုးအစား၌ပါဝင်ပြီး ပေပေါင်း နှစ်သောင်းခန့်နှင့် ထို့ထက်ပိုပြီးမြင့်သော တောင်များကိုတော့ ဒုတိယအမြင့်ဆုံးတောင်များ စာရင်းတွင် ထည့်ကြသည်။

www.burmeseclassic.com



ကမ္ဘာပေါ်တွင် ပေနှစ်သောင်းကျော်အထက် မြင့်သော တောင်မြင့်ကြီးများကိုတော့ အမြင့်ဆုံးတောင်များအဖြစ် သတ်မှတ်ထားသည်။

မြန်မာနိုင်ငံနယ်နိမိတ်အတွင်း၌ရှိသော ခါကာဘိုရာဇီတောင်ကြီးကတော့ ပေပေါင်း ၁၉၂၆၉-ပေသာ မြင့်သောကြောင့် ကမ္ဘာ့အမြင့်ဆုံးတောင်များစာရင်းတွင် မပါဝင်တော့ပေ။ မြန်မာနိုင်ငံအတွင်းတွင် ပေတစ်သောင်းကျော်မှ နှစ်သောင်းနီးပါးမြင့်သော တောင်ကြီးများရှိနေကြသည်။

ပေနှစ်သောင်းကျော်အထက်မြင့်သော တောင်ကြီးများကိုတော့ ကမ္ဘာ့အမြင့်ဆုံးတောင် စာရင်း၌ ထည့်သွင်းထားကြသော်လည်း များများတော့ မရှိပေ။

မိုင်ပေါင်း '၁၅၀၀'ကျော် အလျားရှိပြီး ပေပေါင်း သုံးသောင်းကျော်ခန့်မြင့်သော ဟိမဝန္တာတောင်ကြီးကိုတော့ မည်သည့်တောင်ကြီးများတွင်မှ ယှဉ်မတုနိုင်ပေ။ အချို့တောင်များက အမြင့်ပေချင်း မတိမ်းမယိမ်းရှိကြသော်လည်း အလျားမိုင်ပေါင်း ၁၅၀၀-ကျော်ခန့်ရှည်သော တောင်မျိုးတော့ ကမ္ဘာပေါ်တွင် အခြားမည်သည့်နေရာမှ မတွေ့နိုင်ကြပေ။

ထို့ထက်ပို၍ ထူးခြားသောအချက်က ကမ္ဘာ့အမြင့်ဆုံး စာရင်းဝင် တောင်ပေါင်း ၃၀-ခန့်ရှိသည့်အနက် တောင် ၂၀-ခန့်က ဟိမဝန္တာတောင်တန်းပေါ်မှာပင် ရှိနေကြခြင်းဖြစ်ပေသည်။





ကမ္ဘာ့အမြင့်ဆုံး တောင်-၃၀နှင့် ၎င်းတို့ရှိသော နေရာဒေသတို့မှာ အောက်ပါအတိုင်းပင်ဖြစ်၏။

| | | | |
|---|---|---|---|
| (၁) | ဧဝရက်တောင် | ပေပေါင်း '၂၉၀၀၂'ပေ | (ဟိမဝန္တာ) |
| (၂) | ဂေါ်ဒွင်ဩတောင် | ပေပေါင်း '၂၈၂၅၀'ပေ | (ကေ ၂) |
| (၃) | ကန်ချင်ကျင်ဝါးတောင် | ပေပေါင်း '၂၈၁၄၆'ပေ | (ဟိမဝန္တာ) |
| (၄) | မကာလူးတောင် | ပေပေါင်း '၂၇၇၉၀'ပေ | (ဟိမဝန္တာ) |
| (၅) | ဒေါ်လာဂီရိတောင် | ပေပေါင်း '၂၆၈၁၀'ပေ | (ဟိမဝန္တာ) |
| (၆) | နန်ဂါဂါရဗတ်တောင် | ပေပေါင်း '၂၆၆၆၀'ပေ | (ဟိမဝန္တာ) |
| (၇) | အင်နာပူရဏတောင် | ပေပေါင်း '၂၆၄၉၂'ပေ | (ဟိမဝန္တာ) |
| (၈) | ဂါရှာဗရွမ်းတောင် | ပေပေါင်း '၂၆၄၇၀'ပေ | (ဟိမဝန္တာ) |
| (၉) | ဂိုစိန်သန်တောင် | ပေပေါင်း '၂၆၂၉၁'ပေ | (ဟိမဝန္တာ) |
| (၁၀) | နန္ဒာဒေဝီတောင် | ပေပေါင်း '၂၅၆၄၅'ပေ | (ဟိမဝန္တာ) |
| (၁၁) | ရာကာပိုရှီတောင် | ပေပေါင်း '၂၅၅၅၀'ပေ | (ဟိမဝန္တာ) |
| (၁၂) | နမ်ချာဗာရာတောင် | ပေပေါင်း '၂၅၄၅၅'ပေ | (ဟိမဝန္တာ) |
| (၁၃) | ကာမက်တောင် | ပေပေါင်း '၂၅၄၄၇'ပေ | (ဟိမဝန္တာ) |
| (၁၄) | ဂါလာမန်ဒါတာတောင် | ပေပေါင်း '၂၅၃၅၅'ပေ | (ဟိမဝန္တာ) |
| (၁၅) | ဟူလပ်မတ်စတာတောင် | ပေပေါင်း '၂၅၃၄၀'ပေ | (ကွင်လွင်) |
| (၁၆) | တီရစ်မာတောင် | ပေပေါင်း '၂၅၂၆၃'ပေ | (ဟိန္ဒူကွပ်ရှ်) |
| (၁၇) | တွန်ဂါတောင် | ပေပေါင်း '၂၅၁၄၆'ပေ | (ပေးမီးယား) |
| (၁၈) | ဗင်ယာကွန်ကာတောင် | ပေပေါင်း '၂၄၉၀၀'ပေ | (အက်ရှပ်မ်း) |
| (၁၉) | တီရန်ကန်ဂရိတောင် | ပေပေါင်း '၂၄၄၀၉'ပေ | (ဟိမဝန္တာ) |



www.burmeseclassic.com

www.burmeseclassic.com



(၂၀) ဂျွန်ဆွန်တောင် ပေပေါင်း '၂၄၄၃၆' ပေ (ဟိမဝန္တာ)
(၂၁) မူစတာအလာတောင် ပေပေါင်း '၂၄၃၈၈' ပေ (ပေးမီးယား)
(၂၂) အနောက်အီဗင်ဂါးမင်းတောင် ပေပေါင်း '၂၄၂၀၀' ပေ (ဟိမဝန္တာ)
(၂၃) ချိုမိုရာလီတောင် ပေပေါင်း '၂၃၉၃၀' ပေ (ဟိမဝန္တာ)
(၂၄) တယ်ဂရီခန်တောင် ပေပေါင်း '၂၃၆၂၀' ပေ (တီယန်းရှန်း)
(၂၅) ဂေါ်ရီဆန်ကာတောင် ပေပေါင်း '၂၃၄၄၀' ပေ (ဟိမဝန္တာ)
(၂၆) အပိတောင် ပေပေါင်း '၂၃၃၉၉' ပေ (ဟိမဝန္တာ)
(၂၇) ကာမူမန်တောင် ပေပေါင်း '၂၃၃၈၃' ပေ (ထရမ်း(စ်)အလိ)
(၂၈) ထရီဆူး(လ်)တောင် ပေပေါင်း '၂၃ ၃၆၀' ပေ (ဟိမဝန္တာ)
(၂၉) အကွန်ကာဂူးဝါးတောင် ပေပေါင်း '၂၂၈၃၅' ပေ (အန်ဒီးတောင်တန်း)
(၃၀) အူဟာတ်(စ်)ကာရမ်တောင် ပေပေါင်း '၂၂၂၁၁' ပေ (အန်ဒီးတောင်တန်း)

တို့ပင် ဖြစ်ကြလေသည်။

ကမ္ဘာပေါ်တွင် မြင့်မားသော တောင်မြင့်ကြီးပေါင်း များစွာ ရှိကြသလို ကြောက်စရာကောင်းသော မီးတောင်များ လည်း ရှိကြသည်။ မြန်မာနိုင်ငံအတွင်း၌ မီးတောင်ဟောင်း ဖြစ်ခဲ့သော နေရာအချို့ရှိသည်။ မီးတောင်ဟောင်းများထဲ တွင် ပုပ္ပားတောင်ကြီးမှာ ထင်ရှားသော တောင်တစ်တောင် ပင် ဖြစ်ပေသည်။

ကမ္ဘာမြေကြီးအတွင်းမှ အလွန်ပူသော ချော်ရည် ကျောက်ရည်များသည် အင်အားနည်းသည့် မြေပျော့မှ ထွက် ပေါက်ရှာ၍ အပြင်သို့ ပန်းထွက်လာသောအခါ မီးတောင်ဖြင့်





ပေါ်လာသည်။

ကျောက်ရည် ချော်ရည်ပူများရှိရာ မြေအတွင်းဖက် တစ်လျှောက်မှ မြေမျက်နှာပြင်သို့ မီးခိုးခေါင်းတိုင်သဖွယ် အပေါက်တစ်ပေါက်ရှိ၏။

ထိုအပေါက်မှ ပန်းထွက်လာသော အရာများသည် တအိအိကျဆင်းလာ၍ ကာလကြာမြင့်သောအခါ ထိပ်ဝ ကျယ်လာပြီးလျှင် အောက်ခြေ၌ ပွင့်ကားကာ ခမောက်ပုံ သဏ္ဌာန်ရှိသော တောင်ပူစာသဖွယ် ဖြစ်လာလေသည်။ ထိပ်၌မူ ချိုင့်ဖြစ်နေ၍ ယင်းကို မီးတောင်ထိပ်ဝဟု ခေါ်သည်။

အတွင်းမှ ရုန်းကန်ပန်းထွက်လာသော အရာများမှာ ချော်ရည်ချော်တုံး၊ ပြာတုံးပြာခဲ၊ ဖုံ၊ သဲနှင့် အပူငွေ့၊ မီးခိုးများ ဖြစ်ကြသည်။ ယင်းတို့အပြင် ကလိုရင်း၊ ကန့်နှင့် ကာဗွန်ဒိုင် အောက်ဆိုက်စသော ဓာတ်ခိုးဓာတ်ငွေ့များလည်း ပါဝင်၏။

မီးတောင်တစ်လုံးသည် ချော်ရည်ချော်မြုပ် မီးခိုး တစ်စုံတစ်ရာ မထွက်တော့ဘဲ ငြိမ်သက်သွားသောအခါ ယင်းကို မီးတောင်သေဟု ခေါ်သည်။

မြန်မာနိုင်ငံ မြင်းခြံနယ်ရှိ ပုပ္ပါးတောင်သည် မီး တောင်သေဖြစ်သည်။ တစ်ခါတည်း လုံးလုံးသေမသွားဘဲ ခေတ္တမျှ ငြိမ်သက်နေသော မီးတောင်များလည်း ရှိတတ်ရာ ယင်းတို့ကို "မီးတောင်မြုံ"ဟုခေါ်သည်။

ဥရောပတိုက်၌ ထင်ရှားသော မီးတောင်နှစ်လုံးရှိ



www.burmeseclassic.com

www.burmeseclassic.com



သည်။ တစ်လုံးမှာ စစ္စလီကျွန်းရှိ အက်တနာမီးတောင်ဖြစ်၍ အခြားတစ်လုံးမှာ ကွတလီနိုင်ငံတောင်ပိုင်း နေပယ်မြို့ အနီးရှိ ဗီဘူးဗီးယပ်မီးတောင်ဖြစ်သည်။

ဗီဆူးဗီးယပ်မီးတောင်သည် နှစ်ပေါင်းကြာမြင့်စွာ မီးတောင်သေကဲ့သို့ ငြိမ်သက်နေသဖြင့် အနီးပတ်ဝန်းကျင်၌ လူများသည် ရွာများတည်ဆောက်၍ အမှုမဲ့အမှတ်မဲ့ နေထိုင်ခဲ့ကြသည်။

သို့သော် ၁၉၀၆-ခုနှစ် ဧပြီလ နေ့တစ်နေ့တွင် ရုတ်တရက် မီးတောင်ပေါက်ကွဲသဖြင့် အနီးအနားရှိ လူနေအိမ်ခြေပေါင်းမြောက်မြားစွာ ပျက်စီးသွားခဲ့ရလေသည်။

မီးတောင်များသည် ငြိမ်သက်လျက်ရှိရာမှ ပေါက်ကွဲတော့မည်ဆိုသောအခါ ထိုနေရာတဝိုက်တွင် မြေငလျင်တုန်လှုပ်တတ်သည်။ မြေအောက်မှ ကြောက်မက်ဖွယ်ကောင်းသော ပဲ့တင်သံ၊ တော်လဲသံများ ကြားရတတ်သည်။ စိမ့်စမ်းများတွင် အပူအအေး ရုတ်တရက် ပြောင်းလဲသွားတတ်သည်။

အကယ်၍ မီးတောင်သေဖြစ်ပြီးလျှင် မီးတောင်ဝတွင် ရေအိုင်ကလေးတစ်ခုကဲ့သို့ ရေများရှိနေခဲ့သော် ထိုရေများသည် အလွန်ပူလာပြီးလျှင် တစ်ခါတစ်ရံ ပွက်ပွက်ဆူလာတတ်လေသည်။

ကမ္ဘာပေါ်တွင် မီးတောင်ပေါင်း ၃၀၀-ကျော် ၄၀၀-





ခန့် ရှိသည့်အနက် သုံးပုံတစ်ပုံသည် တိုက်ကြီးများပေါ်တည်ရှိ၍ ကျန်မီးတောင်များသည် ကျွန်းများပေါ်တွင် တည်ရှိကြသည်။

ပစိဖိတ်သမုဒ္ဒရာ၏ မျက်နှာပြင်အောက်၌ မီးတောင်များစွာရှိ၍ ထိုသမုဒ္ဒရာအတွင်းရှိ ကျွန်းများသည် အများအားဖြင့် မီးတောင်၏ တောင်ထိပ်များ၊ သို့မဟုတ် မီးတောင်မှ ဖြစ်လာသော ကျွန်းများဖြစ်သည်ဟု ယူဆဖွယ်ရှိသည်။

၁၇၉၆-ခုနှစ်က ပစိဖိတ်သမုဒ္ဒရာမြောက်ပိုင်းတစ်နေရာ၌ မီးခိုးများထွက်နေသည်ကို တွေ့ရ၏။ မကြာမီထိုနေရာ၌ တောင်ပို့ကြီးကဲ့သို့ မြေများရေမျက်နှာပြင်ပေါ်သို့ မောက်တက်လာသည်ကို တွေ့ရလေသည်။

နောက် ၆-နှစ်မျှကြာ၍ ထိုကျွန်းပေါ်သို့ လူအချို့ရောက်သွားသောအခါ မြေကြီးမှာ အလွန်ပူနေသေးကြောင်းကိုလည်းကောင်း၊ အတော်အတန်မြင့်နေသော တောင်တစ်တောင်ရှိ၍ တောင်ခြေမှာ ၃-မိုင်ပတ်လည်ခန့်ရှိကြောင်းကိုလည်းကောင်း တွေ့ရလေသည်။

အရှေ့အိန္ဒိယကျွန်းစုရှိ ကာရာကာတိုအားခေါ် ကျွန်းတစ်ကျွန်းပေါ်တွင် မီးတောင်တစ်လုံးရှိ၏။ ၁၈၈၃-ခုနှစ်က ထိုမီးတောင်ပေါက်ကွဲရာ ကျွန်းကလေးမှာ ရှေးဦးစွာ ထက်ခြမ်းကွဲ၍ နောက်မှ လုံးလုံးပျောက်ကွယ်သွားသည်။

ပင်လယ်မှ ထန်းတဖျားခန့်မြင့်သော လှိုင်းလုံးကြီး



www.burmeseclassic.com

www.burmeseclassic.com



များ တက်လာသဖြင့် ကမ်းခြေတလျှောက်ရှိ ရွာပေါင်း ၃၀၀ ခန့် ပျက်စီးပြီးလျှင် လူပေါင်း ၃၆၅၀၀ ခန့် ရေနစ်သေဆုံးကြသည်။

ထိုလှိုင်းလုံးကြီးများသည် ကမ္ဘာကို တစ်ပတ်ပတ်၍ သွား၏။ မီးတောင်ပေါက်ကွဲသံကြီးမှာ ကြောက်ခမန်းလိလိ ကျယ်လောင်လှ၍ မိုင်ပေါင်း ၂၅၀၀ ဝေးသောနေရာကပင် ကြားရသည်။

ကရာကာတိုအား မီးတောင်ပေါက်ကွဲခြင်းသည်ကား ကမ္ဘာ့သမိုင်း၌ မကြုံစဖူး အထူးကြောက်မက်ဖွယ်ကောင်းသော မီးတောင်ပေါက်ကွဲမှု တစ်ရပ်ဖြစ်သည်။

မီးတောင်ပေါက်ကွဲသောအခါ ချော်ရည်ချော်မြုပ်ထက် မီးတောင်ကမှုတ်ထုတ်လိုက်သော ပြာပူပြာခဲနှင့် အခိုးအငွေ့များကပို၍ ကြောက်စရာကောင်းသည်။ ချော်ရည်များမှာ တဖြည်းဖြည်းစီးဆင်း၍ အတန်ငယ်စီးဆင်းမိသောအခါ မာခဲသွားတတ်သည်။ မီးတောင်မှ မှုတ်ထုတ်လိုက်သော အရာများမှာကား ဝေးလံသောနေရာများသို့ လွင့်စင်ပျံ့နှံ့ကာ ပတ်ဝန်းကျင်ရှိ လူတို့၏ အသက်နှင့်စည်းစိမ်ဥစ္စာကို များစွာ ဆုံးရှုံးပျက်စီးစေနိုင်လေသည်။

မီးတောင်ပတ်ဝန်းကျင်ရှိ အရပ်ဒေသသည် အများအားဖြင့် အလွန်မြေဩဇာကောင်းသည်။ ထိုအရပ်ရှိ ကောက်ပဲသီးနှံများ အထူးဖြစ်ထွန်းသည်။





သို့ဖြစ်၍လည်း လူတို့သည် ကြောက်မက်ဖွယ်ကောင်းသော မီးတောင်များအနီးအနား၌ အရဲစွန့်ကာ နေထိုင်ကြလေသည်။ အီတလီနိုင်ငံ၊ တပ်စကင်နီနယ်၌မူ မီးတောင်မှ အပူအားကိုယူ၍ လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးရာ၌ အသုံးချကြသည်။

မီးတောင်အရေအတွက်သည် ကမ္ဘာမြေကြီး အသက်နုစဉ်က ယခုထက်ပို၍များသည်။ ထိုအခါက မြေကြီးသည် များစွာ မအေးသေးသဖြင့် အတွင်းမှ ချော်ရည်နှင့်အခြားအရာများသည် အင်အားနုနယ်သော မြေနေရာများမှ အပေါ်သို့ တိုးထွက်နိုင်ကြသည်။

ကမ္ဘာကြီးအသက်ရင့်လာသောအခါ ထိုကဲ့သို့ အင်အားနည်းသော မြေနေရာများနည်းပါးသွား၍ မီးတောင်များသည်း နည်းပါးလာရသည်ဟု ဆိုလေသည်။ မီးတောင်ပေါက်ကွဲရာ၌ ထွက်ပေါ်လာသော ချော်ရည်များသည် စင်စစ်အားဖြင့် မီးတောင်တွင်းရှိ ကျောက်တုံးကျောက်ခဲများ အရည်ပျော်ကျလာခြင်းပင် ဖြစ်သည်။

မီးတောင်ချော်ရည်သည် အပျစ်နှင့်အကျဲဟူ၍ နှစ်မျိုးနှစ်စားရှိသည်။ ဆီလီကာ ၅၈-ရာခိုင်နှုန်းထက် ပို၍မပါသော ချော်ရည်များသည် ကမ္ဘာမြေကြီးအောက် နက်သောနေရာများမှ ထွက်ပေါ်လာ၍ အပူချိန်ဖာရင်ဟိုက် ၂၂၅၀ခန့်တွင် အရည်ပျော်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤချော်ရည်များကို ပေးဆစ်ချော်ရည်ဟုခေါ်သည်။ ထိုပေးဆစ်ချော်ရည်များသည် အရည်ကျဲသည်။ ဆီလီကာ ၆၆-ရာခိုင်နှုန်းနှင့်အထက် ပါဝင်သော ချော်ရည်များသည် မြေကြီးအပေါ်ယံအထပ်များမှ ထွက်လာ၍ အရည်ပျစ်သည်။ အပူချိန် ဖာရင်ဟိုက် (၁၁၀၀၀ံ)မှာပင် အရည်ပျစ်လျက်ရှိ နေသေးသည်။ ဤ ချော်ရည်မျိုးကို အက်ဆစ်ချော်ရည်ဟုခေါ် သည်။

ပေးဆစ်ချော်ရည်သည် အရည်ပိုသွက်သဖြင့် အက် ဆစ်ချော်ရည်ထက် အစီးမြန်သည်။ ပေးဆစ်ချော်ရည် ထွက် လာသော မီးတောင်ထိပ်များသည် များသောအားဖြင့် နိမ့်၍ တောင်စောင်းများမှာလည်း ပြေပြေနိမ့်ဆင်းသည်။

အက်ဆစ်ချော်ရည်ထွက်သော မီးတောင်များမှာ မြင့်၍ တောင်စောင်းမတ်စောက်သည်။ မီးတောင်မှပန်းထွက် ခါစ ချော်ရည်လတ်လတ်ဆတ်ဆတ်များသည် တစ်နာရီလျှင် မိုင် ၅၀-နှုန်းလောက်နှင့် စီးဆင်းကြသော်လည်း ကြာသွား သောအခါ အစီးနှေးလာ၍ တစ်နာရီလျှင် တစ်မိုင်မပြည့်တစ် ပြည့်နှုန်းလောက်နှင့် စီးလေသည်။

မီးတောင်ထိပ်ဝမှ စီးဆင်းလာသော ချော်ရည်များ သည် အလွန်အအေးမြန်သောအခါ ကျောက်သလင်းဖြစ်ရန် အချိန်မရသဖြင့် ဖန်ကဲ့သို့ ပြောင်ချောချောအပြင် ဖြစ်သွား၍ ယင်းကို ဖန်ချော်ဟုခေါ်သည်။





ကျောက်ခဲကလေးများတွင်နစ်၍နေသော အက်ဆစ် ချော်ရည်အစိုင်အခဲကြီးများကို ဝတ်မှုန်ကျောက်ဟုခေါ် သည်။ ချော်ရည်မျက်နှာပြင်၌ ဓာတ်ငွေ့ကြောင့် စည်ဖောင်း ကလေးများဖြစ်ကာ အမြှုပ်ထနေတတ်သည်။

ဗီဆူးဗီယပ် မီးတောင်ပေါက်ကွဲစဉ်က စီးထွက်လာ သော ချော်ရည်များမှာ ကျောက်ခဲအတိ ဖြစ်နေသည်ကို ယနေ့တိုင် တွေ့ရှိနိုင်လေသည်။

အချို့အရပ်ဒေသများ၌ နေထိုင်ကြသောဒေသခံ များကတော့ မီးတောင်နှင့်ပတ်သက်သော အယူအဆအမျိုး မျိုး ရှိကြသည်။ အချို့က မီးတောင်များတွင်စောင့်သော ဒါမှ မဟုတ် ပိုင်ဆိုင်သော နတ်ဒေဝတာတို့ ရှိကြသည်ဟု ယုံကြည် ချက်ခံထားကြသည်။

ထို့ကြောင့် အချို့ဒေသခံများက မီးတောင်နတ် သို့မ ဟုတ် မီးနတ်တို့ကို ပူဇော်သောဓလေ့များ ရှိခဲ့ကြသည်။ မီး တောင်စောင့်နတ်တို့ကို ပူဇော်ကြခြင်းဖြင့် ဆန်ရေစပါး ကောက် သီးနှံများရရှိခြင်း၊ ဘေးအန္တရာယ်ကင်းရှင်းခြင်း၊ တန်ဖိုးရှိ သော ကျောက်မျက်ရတနာတို့ကို ရရှိစေနိုင်သည်ဟုလည်း ယုံကြည်ထားကြသည်။

မီးတောင်ဟောင်းများရှိသော နေရာတစ်ဝိုက်တွင် ကောက်ပဲသီးနှံများစိုက်ပျိုးလျှင် ဖြစ်ထွန်းအောင်မြင်မှုရှိကြ သည်။ အဘယ်ကြောင့်ဆိုသော် မြေသြဇာကောင်းမွန်


www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဖြစ်သည်။

ရှေးအခါက မြေတွင်းမြေအောက်မှ ကောင်းမွန် သော မြေဆီမြေနှစ်၊ မြေဩဇာများပါလာရာ နှစ်ကာလ ကြာမြင့်ပြီး ထိုနေရာ၌ စိုက်ပျိုးပါက အခြားနေရာထက် မြေ ဩဇာကောင်းမွန်လှသည်။ မီးတောင်ရှင်များ တစ်ဝိုက်မှာ တော့ စိုက်ပျိုး၍မရနိုင်ပေ။

မြန်မာနိုင်ငံအတွင်း၌ရှိသော ပုပ္ပားတောင်မကြီး သည် မီးသေသွားပြီဖြစ်သော မီးတောင်ဟောင်းတစ်လုံးပ ဖြစ်သည်။ ထိုနေရာတစ်ဝိုက်တွင် အသီးအနှံများ စိုက်ပျိုး သောအခါ အခြားနေရာများထက် ပိုမိုဖြစ်ထွန်းကြပေသည်

အချို့ဒေသများကတော့ ထိုကဲ့သို့ မီးတောင်ဟော ရှိသော နေရာများ၌ အသီးအနှံများ ဖြစ်ထွန်းအောင်မြင် ခြင်းမှာ မီးတောင်စောင့်နတ်များအား ပူဇော်ပသခြင်းကြော ရသည်ဟု ယုံကြည်ကြသည်။ မီးတောင်စောင့်နတ်များ ကူညီပေးမှုကြောင့် ရွှေငွေကျောက်မျက်ရတနာတို့ရခြင်း ဤသို့ဖြစ်ပေသည်။

မီးတောင်ပေါက်ကွဲစဉ်က မြေတွင်းမြေအောက်မှ သော စိန်နှင့်ပတ္တမြား၊ ရွှေတုံးရွှေခဲများကို ချော်ရည်ပူများ သယ်ဆောင်လာပြီး ထိပ်ဝမှ မှုတ်ထုတ်လိုက်သောအခါ ပြင်သို့ ရောက်လာကြသည်။

ချော်ရည်ပူများ အေးခဲသွားသောအခါ အချို့လည်း





အပေါ်ယံ၌ တွေ့ရသည်။ အချို့ ခဲနေသော ချော်ရည်ပူများ ထဲတွင် တွေ့ကြရသည်။ ထိုကဲ့သို့ တန်ဖိုးရှိသော စိန်၊ ပတ္တမြား သည်တို့ ရရှိခြင်းမှာ မီးတောင်နတ်တို့ ကူညီပေးမှုကြောင့် ဖြစ်သည်ဟု ဒေသခံအချို့က ယုံကြည်လက်ခံကြသည်။ ထို့ ကြောင့် မီးတောင်နတ်တို့ကို မိမိတို့အယူဝါဒရှိကြသည့်အ တိုင်း ပူဇော်ပသမှု ပြုကြလေသည်။



www.burmeseclassic.com



www.burmeseclassic.com





# အခန်း ( ၂ )

# အင်ဒိုနီးရှားနှင့် တန္တ အယူဝါဒ

မီးတောင်များအကြောင်းကို ဖော်ပြပါက အင်ဒိုနီးရှား
ငံရှိ မီးတောင်များကို ထည့်သွင်းဖော်ပြပါမှ ပြည့်စုံပေမည်။
ဖြစ်၍ အင်ဒိုနီးရှားနိုင်ငံရှိ မီးတောင်များအကြောင်းကို အ
ကျဉ်းမျှ ဖော်ပြပါမည်။ အင်ဒိုနီးရှားနိုင်ငံ၏ အခြေခံအချက်
များကို ဖော်ပြပါမည်။

အင်ဒိုနီးရှားနိုင်ငံသည် အာရှတိုက်နှင့် ဩစတြေးလျ

www.burmeseclassic.com

www.burmeseclassic.com



တိုက်အကြား၌ တည်ရှိနေသော ကျွန်းကြီးငါးကျွန်းနှင့် ကျွန်းငယ် ၃၀၀၀၀-ခန့် ပါဝင်သည့် နိုင်ငံကြီးဖြစ်သည်။ အရှေ့လောင်ဂျီကျူ ၉၅ မှ ၁၄၁အထိ မိုင်ပေါင်း ၃၃၀၀ ကျယ်၍ မြောက်လတ္တီကျူ ၆ မှ တောင်လတ္တီကျူ ၁၁ အထိ မိုင်ပေါင်း ၁၃၀၀ ရှည်သည်။ စုစုပေါင်း အကျယ်အဝန်းအားဖြင့် စတုရန်းမိုင်ပေါင်း ၇၃၅၈၆၅ ကျယ်ဝန်းသည်။

တောင်တရုတ်ပင်လယ်က မြောက်ဖက်မှရင်း၊ ပစိဖိတ်သမုဒ္ဒရာက မြောက်နှင့်အရှေ့ဖက်မှရင်း၊ အိန္ဒိယသမုဒ္ဒရာက တောင်နှင့်အနောက်ဖက်မှရင်း ဝန်းရံလျက်ရှိသည်။ အင်ဒိုနီးရှားနိုင်ငံတွင် ပါဝင်သော ကျွန်းကြီးများမှာ ဆူမတြားကျွန်း၊ ဗော်နီယိုကျွန်း၏ ၇၂-ရာခိုင်နှုန်းဖြစ်သော ကလီမင်တန်ပြည်နယ်၊ မဒူရာကျွန်းအပါအဝင် ဂျာဗားကျွန်း၊ စူလဝေဆီကျွန်း (ရှေးက စဲလဗီးကျွန်း)၊ နယူဂင်းနီကျွန်းမှ အနောက် အီရီယန်ပြည်နယ်တို့ဖြစ်သည်။

အခြားကျွန်းငယ်များမှာ ဗာလီကျွန်း၊ လွမ်ဗော့ကျွန်း၊ တီမော်ကျွန်း၊ ဆမ်ဗန်ကျွန်း၊ ဆန်ဗဝကျွန်း၊ ဖလိုးကျွန်း၊ အမ်မှိုင်နာကျွန်း၊ အရိုးကျွန်း၊ ဗုရုကျွန်း၊ စီရမ်ကျွန်း၊ ဟာလမာဟီရာကျွန်း၊ တနင်ဗာကျွန်း စသည်တို့ဖြစ်သည်။

အင်ဒိုနီးရှားတစ်နိုင်ငံလုံးတွင် ၁၉၇၂-ခုနှစ် ခန့်မှန်းခြေအရ လူဦးရေ ၁၂၀၄၀၀၀၀၀ ယောက်ရှိသည်။ ဂျားဗားလွမ်ဗော့နှင့် ဗာလီကျွန်းတို့တွင် လူဦးရေ အထူထပ်ဆုံးဖြစ်သည်။ တစ်နိုင်ငံလုံး လူဦးရေ၏ သုံးပုံနှစ်ပုံသည် မဒူရာကျွန်းအပါအဝင် ဂျားဗားကျွန်း၌ နေထိုင်ကြသည်။



လူဦးရေအားလုံး၏ ၉၀-ရာခိုင်နှုန်းသည် အစ္စလာမ်အယူဝါဒကို သက်ဝင်ယုံကြည်သူများ ဖြစ်ကြသည်။ ကျန်လူဦးရေများသည် ခရစ်ယာန်အယူဝါဒီ၊ ဗုဒ္ဓဝါဒီနှင့် ဟိန္ဒူအယူဝါဒကို သက်ဝင်ယုံကြည်သူများ ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံထဲ၌ ပါဝင်သော ကျွန်းကြီးတိုင်း၌လိုပင် အလယ်၌ တောင်တန်းကြီးများရှိသည်။ အင်ဒိုနီးရှားနိုင်ငံ၏ အမြင့်ဆုံးတောင်များမှာ ဆူမတြားကျွန်းရှိ ၁၂၄၆၁-ပေမြင့်သော ကေရင့်ဇီတောင်၊ ကလီမင်တန်ပြည်နယ်ရှိ ပေ ၇၄၆၀ မြင့်သော ဗူကစ်ရာယာတောင်၊ ဂျားဗားကျွန်းရှိ ၁၂၀၃၈-ပေမြင့်သော ရန်တေကုမ္ဗိလာတောင်၊ အနောက်အီရီယန်ပြည်နယ်ရှိ ၁၆၄၇၃-ပေမြင့်သော ကားစတင့်တောင်တို့ ဖြစ်ကြသည်။

အင်ဒိုနီးရှားနိုင်ငံတွင် မီးတောင်မြောက်မြားစွာရှိပြီးယင်းတို့အနက် မီးတောင် ၇၀-ကျော်သည် မီးရှင်တောင်များဖြစ်သည်။ အင်ဒိုနီးရှားတစ်နိုင်ငံလုံးတွင် ဂျားဗားကျွန်းသည် လူဦးရေများသလောက် စုံလည်းစုံသည်။ အင်ဒိုနီးရှားလူထုကို ယေဘုယျအားဖြင့် လူမျိုးကြီးလေးစု ခွဲနိုင်သည်။

၎င်းတို့မှာ တိုင်းရင်းသား အင်ဒိုနီးရှား လူမျိုးများ၊ တရုပ်လူမျိုးများ၊ အခြားအာရှတိုက်သားများ (အထူးသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



အာရပ် လူမျိုးများ)နှင့် ဥရောပတိုက်သားများ (အထူးသဖြင့် ဒပ်ချ်လူမျိုးများ ဖြစ်ကြသည်။)

တိုင်းရင်းသား အင်ဒိုနီးရှားလူမျိုးများအနက် ဂျားဗား ကျွန်းလူမျိုးတို့သည် တစ်ဝက်ကျော်ပါဝင်သည်။ အင်ဒိုနီးရှား နိုင်ငံ၏ ရုံးသုံးဘာသာမှာ ဗဟာစအင်ဒိုနီးရှားဘာသာဖြစ် သည်။

သမိုင်းမတင်မီခေတ်က ရှေးလူများသည် အင်ဒိုနီးရှား နိုင်ငံ၌ နှစ်ပေါင်း ၅၀၀၀၀၀ ခန့်က နေနိုင်ခဲ့ကြသည်ဟု သိပ္ပံ ပညာရှင်များက ယူဆကြသည်။

၁၈၉၁-ခုနှစ်က ဒတ်ချ် သိပ္ပံပညာရှင် ယူဂျင်းဒူးဗွိုင်း သည် ဂျားဗားကျွန်းအလယ်ပိုင်းရှိ ထရီနေးဟူသောအရပ် တွင် ဦးခေါင်းခွံနှင့် အရိုးခွံများကိုတွေ့ရှိရာ သမိုင်းတွင် အလွန် ရှေးကျသော ဂျားဗားလူများ၏ ဦးခေါင်းခွံနှင့် အရိုးဟု ယူဆ သည်။

အခြားတွေ့ရှိရသော အရိုးများနှင့် ဦးခေါင်းခွံများက လည်း ရှေးလူများ နေထိုင်သွားခဲ့ဖူးကြောင်း သက်သေခံ သည်။ ခရစ်မပေါ်မီ နှစ် ၁၀၀-ခန့်က အိန္ဒိယနိုင်ငံ တောင်ပိုင်း မှ ပလ္လဝါလူမျိုး ကုန်သည်များသည် ရွက်သင်္ဘောများဖြင့် အရှေ့အိန္ဒိယကျွန်းစုများသို့ လာရောက်ကုန်ကူးကြသည်။

တစ်ကျွန်းမှတစ်ကျွန်းသို့ ရွှေ့၍လည်း တဖြည်းဖြည်း နယ်သစ်များကို ပျိုးထောင်ကြသည်။ ကျွန်းများပေါ်၌တွေ့



သော တိုင်းရင်းသားများကိုလည်း ရွှေပုတီး၊ ရွှေသွယ်ပျောင်း၊ ဆင်စွယ်ဘီးစသော အသုံးအဆောင်များကို ပေးကမ်းကာ မိတ်ဆွေဖွဲ့လျက် ရောနှောနေထိုင်ကြသည်။

ပလ္လဝါတို့သည် ရှေးဦးဆုံး ဆူမတြားကျွန်း၏ အရှေ့ မြောက်ပိုင်းကမ်းခြေတစ်လျှောက်တွင် စတင်နေထိုင်ကြသည်။ ခကြာမီ ဆူမတြားကျွန်းအတွင်းရှိ ကုန်းမြေမြင့်များပေါ်တွင် သစ်တပ်မြို့ကလေးပေါင်း ရှစ်မြို့ခန့် တည်ထောင်နေထိုင်ကြ သည်။ ထိုနောက်တွင် သစ်တပ်မြို့ဘဝမှ အုတ်မြို့ရိုးနှင့် မြို့ ပိုင်းကလေးများ ဖြစ်လာသည်။

ပလ္လဝါတို့သည် ဗြာဟ္မဏကိုးကွယ်ဝင် ဟိန္ဒူများဖြစ်ရာ သူတို့ကိုးကွယ်သော ဟိန္ဒူဘုရားရှိခိုးကျောင်းများကိုလည်း တည်ဆောက်ကြသည်။ ဆူမတြားကျွန်း၌ကဲ့သို့ပင် ဂျားဗား ကျွန်း၊ ဗော်နီကျွန်းတို့၌လည်း ပလ္လဝါတို့ပင် စတင်အခြေတည် ကြသည်။

ဂျားဗားကျွန်းကို စတင်အခြေတည်သော ပလ္လဝါမင်း သည် 'အဇိသက'ဟု အမည်တွင်သည်။ ပလ္လဝါတို့ ကောင်း စားတိုးတက်လာသော အေဒီ လေးရာစုနှစ်မှစ၍ ပလ္လဝါတို့ သည် ဗုဒ္ဓအယူဝါဒကို သက်ဝင်ကိုးကွယ်ကြသူများ ဖြစ်လာ ကြသည်။

အရှေ့အိန္ဒိယကျွန်းများပေါ်၌ အတည်တကျ နေ သားတကျရှိလာသောအခါ ပကတိတိုင်းရင်းသား လူမျိုးသစ်

www.burmeseclassic.com

www.burmeseclassic.com



သဖွယ် ဖြစ်လာကြသည်။

ဆူမတြားတွင် သီရိဝိဇယအမည်ရှိသော နိုင်ငံသည် တန်ခိုးကြီးမား၍ ဗုဒ္ဓအယူဝါဒကို ယုံကြည်သက်ဝင်သော နိုင်ငံဖြစ်လာသည်။ ထိုအချိန်ထိ ဂျားဗားနှင့်ဗော်နီယိုကျွန်းတို့တွင် နေကြသူတို့ကား ဟိန္ဒူအယူဝါဒီများအဖြစ် စွဲမြဲနေကြလျက်ပင်ရှိ၏။

ဆူမတြားကျွန်းနှင့် ဂျားဗားကျွန်းသည် သက်ဝင်ကိုးကွယ်သည့် အယူဝါဒချင်းကွဲရုံမက အမြတ်အစွန်းကြီးစွာရသော ကုန်သွယ်ရေးတွင်လည်း အပြိုင်အဆိုင်ဖြစ်၍ မသင့်မတင့် ဖြစ်လာလေသည်။

ဤသို့သောအခါတွင် ဂျားဗားကျွန်း၏ အနောက်ပိုင်းရှိ ဗြာဟ္မဏဟိန္ဒူနယ်ပယ်များသည် စည်းလုံးညီညွတ်ခြင်းမရှိသဖြင့် ညီညွတ်၍ အင်အားတောင့်တင်းသော ဆူမတြားကျွန်း၏ ဩဇာခံအဖြစ်သို့ ရောက်သွားရလေသည်။

ထို့ကြောင့် ဗုဒ္ဓအယူဝါဒသည် ဂျားဗားကျွန်း အနောက်ပိုင်းဒေသသို့ ပြန့်သွားသည်။

သီရိဝိဇယနိုင်ငံ၏ အာဏာသည် ဂျားဗားကျွန်းမှတဆင့် ဗော်နီယို၊ ဖော်မိုဆား၊ ဖိလစ်ပိုင်အထိပင် ပြန့်သည်။ သို့ရာတွင် ဂျားဗားကျွန်း အရှေ့ပိုင်းကိုမူ မအောင်နိုင်ခဲ့ချေ။

၁၂၂၀-ပြည့်နှစ်သို့ရောက်သော် သီယိုသာရီနိုင်ငံ ဟူ၍ ထွန်းကားလာသည်။ ၁၂၆၈-ခုနှစ်သို့ ရောက်သောအခါ





သီယိုသာရီနိုင်ငံတွင် ‘ကာတနဂရမင်း’ နန်းတက်သည်။

ထိုမင်းလက်ထက်တွင် သီယိုသာရီနိုင်ငံသည် ကျယ်ဝန်းလာသည်။ မဒူရာကျွန်း၊ ဗာလီကျွန်း၊ အခြားကျွန်းငယ်များနှင့်တကွ ဆူမတြားကျွန်းတောင်ပိုင်းနယ်များသည် ဂျားဗားနိုင်ငံအောက်သို့ ရောက်လာလေသည်။

သီရိဝိဇယနိုင်ငံ၏ လက်အောက်ခံနယ်ပယ်အများပင် ဂျားဗားနိုင်ငံကို ဦးညွှတ်လာကြသည်။ ၁၂၇၅-ခုနှစ်တွင် ကာတနဂရမင်းသည် ကြီးစွာသော ဗိုလ်ပါတို့ကို စုရုံး၍ ဆူမတြားအနောက်ပိုင်းသို့ ချီတက်စေသည်။

ထိုအခိုက်တွင် တရုတ်နိုင်ငံကို စိုးမိုးအုပ်ချုပ်လျက်နေသော ကူဗလေခန်မင်းသည် ဂျားဗားနိုင်ငံသို့ သံတမန်များစေလွှတ်၍ သစ္စာပေးလေသည်။ သစ္စာမခံသောကြောင့် ဂျားဗားနိုင်ငံကို ဝင်ရောက်တိုက်ခိုက်လေသည်။

တရုတ်စစ်သည်တို့ အင်အားကြီးမားလှသောကြောင့် ရှေးဦးစွာတိုက်ခိုက်မှု၌ ဂျားဗားတို့ စစ်ရှုံးကြသည်။ ဉာဏ်အမြော်အမြင်ရှိသော ရာဒင်ဝိဇယ အမတ်ကြီးသည် တရုတ်စစ်ဗိုလ်တို့အား ပူပေါင်း၍ စစ်ရပ်စဲရန် ကြံဆောင်ခဲ့သည်။ တက်ဖက်မှုလည်း မိမိပိုင်မဇ္ဈာပဟိတမြို့၌ စစ်သားများကို စုဆောင်း လေ့ကျင့်ပြီးလျှင် တရုတ်စစ်တပ်များအား ရှောင်တခင်ဝင်၍ တိုက်ခိုက်သဖြင့် တရုတ်တို့တပ်ပျက်ဆုတ်ခွာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဒင်ဝိဇယသည် ဘုရင်ဖြစ်လာသည်။ ရာဒင်ဝိဇယမင်းလက်ထက်တွင် မဇ္ဈာပဟိတမြို့သို့ နေပြည်တော်ရွှေ့ပြောင်းပြီးလျှင် နိုင်ငံကို ပြန်လည်ထူထောင်လေသည်။

နောက်မင်းများလက်ထက်တွင် ဂျားဗားနိုင်ငံသည် ပို၍ထွန်းကားလာသည်။ ၁၃၅၀-ပြည့်နှစ်သို့ရောက်သောအခါ ဆူမတြားကျွန်း အလယ်ပိုင်းနှင့် မလ္လာယုကျွန်းဆွယ်မှအပ အခြားသော အရှေ့အာရှတောင်ပိုင်းဒေသများသည် မဇ္ဈာပဟိတနိုင်ငံအောက်သို့ ကျရောက်လာကြသည်။

မဇ္ဈာပဟိတနိုင်ငံခေတ်မှစ၍ အင်ဒိုနီးရှားနိုင်ငံသည် အနီးနှင့်အဖြူရောင်ကြားအလံကို နိုင်ငံတော်အလံအဖြစ် အသုံးပြုခဲ့သည်။ မဇ္ဈာပဟိတ နေပြည်တော်သည် အရှေ့တိုင်းသားတို့၏ ယဉ်ကျေးမှုအထက်တန်းကျကြောင်း သက်သေခံတစ်ရပ် ဖြစ်သည်။

အုတ်မြို့ရိုးပတ်ဝိုင်းထားသော နေပြည်တော်အတွင်းတွင် ကျောက်သားဖြင့်သော်၎င်း၊ အုတ်ဖြင့်သော်၎င်း တည်ဆောက်ထားသော အစိုးရရုံးကြီးများ၊ မှူးတော်မတ်တော်များ၏ အိမ်ကြီးများ၊ ပြည်သူတို့စုဝေးရာဌာနများ၊ ဈေးကြီးများ၊ ပြည်သူ့ကျန်းမာရေးအတွက် အားကစားကွင်းများမှာ ခမ်းနားမြိုင်ဆိုင်စွာ တည်ရှိလေသည်။

ဗုဒ္ဓအယူဝါဒဆိုင်ရာနှင့် ဗြဟ္မဏဟိန္ဒူအယူဝါဒဆိုင်ရာ စေတီပုထိုးနှင့် တန်ဆောင်းကြီးများသည် အလွန်လှပ





ခန်းကြယ်လေသည်။ အခန်းကြယ်ဆုံးမှာ ဗောရောဗုဒေါစေတီကြီး ဖြစ်သည်။

ခရစ်နှစ် ၁၅၀၀-ပြည့်ကျော်ကျော်ခန့်တွင် အင်ဒိုနီးရှားကျွန်းများသို့ ပါးရှင်းကုန်သည်များ ရောက်လာသည်မှစ၍ အစ္စလာမ်အယူဝါဒ ရောက်လာသည်။ ထိုအချိန်တွင်ပင် ပေါ်တူဂီကုန်သည်များလည်း ရောက်လာကြသည်။

ထိုအခါ အင်ဒိုနီးရှား အုပ်ချုပ်သူများသည် ခရစ်ယာန်အယူဝါဒီပေါ်တူဂီများကို နိုင်ငံရေးအရ မထောင်ထားနိုင်အောင် သတ်လိုသည့် ရည်ရွယ်ချက်ဖြင့် အစ္စလာမ်အယူဝါဒကို မြှောက်မြှောက်ပေးလိုက်လေသည်။ ယင်းသို့ဖြင့် ဟိန္ဒူအယူဝါဒကို အစ္စလာမ်ဝါဒက လွှမ်းမိုးလာခဲ့သည်။

သို့ရာတွင် ပေါ်တူဂီတို့လက်အောက်သို့ ဤကျွန်းများ ကျရောက်ခဲ့ရလေသည်။ ၁၅၉၆-ခုနှစ်တွင်မှ ဒတ်ချ် ကုန်သည်များ ဂျားဗားကျွန်းသို့ ရောက်လာကြသည်။ တဖြည်းဖြည်း ဒတ်ချ်အင်အားစုက များလာသောအခါ ဒတ်ချ်တို့သည် ဤကျွန်းစုများကို ပေါ်တူဂီတို့လက်ထဲမှ သိမ်းယူလိုက်ကြသည်။

ရှေးဦးကာလတွင် ဤကျွန်းစု၏ အုပ်ချုပ်ရေးနှင့် ဆောင်းဝယ်ရေးကို ဒတ်ချ်-အိန္ဒိယကုမ္ပဏီက အုပ်ချုပ်စီမံလေသည်။ ၁၇၉၈-ခုနှစ်ရောက်သော် ကုမ္ပဏီ၏လက်မှ ဒတ်ချ်အစိုးရကသိမ်းယူအုပ်ချုပ်လိုက်ရာ နယ်သာလန် အရှေ့အိန္ဒိယ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်းစုဟူသောအမည်ဖြင့် ဒတ်ချ်ကိုလိုနီတစ်ခုဘဝသို့ ရောက်လာသည်။

ဒတ်ချ်အစိုးရ တိုက်ရိုက်အုပ်ချုပ်သောအခါ ကျွန်းသူကျွန်းသား တိုင်းရင်းသားများသည် နှောင်ကြိုးမှလွတ်ရန်နည်းအမျိုးမျိုးနှင့် ကြိုးစားကြသည်။

နိုင်ငံချစ်စိတ်ထက်သန်ကြသော အင်ဒိုနီးရှားကျွန်းသားများသည် အိန္ဒိယအမျိုးသား ကွန်ဂရက်အစည်းအရုံးနှင့် တရုတ်နိုင်ငံ ဆွန်ယက်ဆင်၏ ကူအိုမင်တန်အသင်းများ၏ တော်လှန်မှုစနစ်များကို နည်းယူကြ၏။

ထို့ကြောင့် သပိတ်မှောက်မှုများနှင့် အဓိကရုဏ်းများ ပေါ်လာသည်။ ၁၇၇၂-ခုနှစ်တွင် လက်နက်စွဲကိုင်၍ပင် တော်လှန်ကြသည်။ ဒတ်(ချ်)အစိုးရကလည်း ကြမ်းကြုတ်စွာ နှိပ်ကွပ် လေသည်။

နပိုလီယန်စစ်ပွဲအတွင်း ခရစ်နှစ် ၁၈၀၀-ကျော်ကာလ ခန့်တွင် ဒတ်ချ်တို့လက်မှ ပြင်သစ်နှင့်အင်္ဂလိပ်တို့က အရှေ့ အိန္ဒိယကျွန်းစုကို ခေတ္တမျှ သိမ်းယူလိုက်ကြသည်။

သို့သော် ၁၈၁၅-ခုနှစ်တွင် အင်ဒိုနီးရှားလူထု ပြော ရေးဆိုခွင့်ရှိနိုင်ရန်ဟူသော ရည်ရွယ်ချက်ဖြင့် ပြည်သူ့ကောင်စီ တစ်ခု ဖွဲ့စည်းပေးသော်လည်း ထိုကောင်စီတွင် အာဏာပြည့် ပြည့်စုံစုံ မရှိသဖြင့် လူထုမှာ အဖိနှိပ်ခံဘဝဖြင့် နှစ်ပေါင်းများစွာ နေခဲ့ရသည်။





အင်ဒိုနီးရှားနိုင်ငံမှာ ဗုဒ္ဓဘာသာနှင့်ပတ်သက်ပြီး မှတ်တမ်းများစွာရှိသလို တန္တရ အယူဝါဒတို့ လွှမ်းမိုးခြင်းများစွာတို့ ရှိခဲ့ကြသည်။

သာသနာနှစ် '၉၅၈'-ခုနှစ်က တရုတ်ရဟန်းတော် ဖာဟီယန်သည် အိန္ဒိယမှ တရုတ်ပြည်သို့ အပြန်ခရီးတွင် အင်ဒိုနီးရှားနိုင်ငံသို့ လှည့်ဝင်ခဲ့သည်။

ထိုအချိန်က ဗုဒ္ဓဘာသာထွန်းကားခဲ့သော အင်ဒိုနီးရှားနိုင်ငံမှာ ဗြာဟ္မဏာဝါဒနှင့် တန္တရ မန္တရဂိုဏ်းများက နေရာယူခဲ့ကြပြီး ဗုဒ္ဓဘာသာဝင် အနည်းငယ်လောက်သာရှိကြောင်း မှတ်တမ်းတင်ထားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၃ )

# ဘိုးနတ်တို့ကို ပူဇော်ရခြင်းအကြောင်း

တန္တရယာနအယူဝါဒမှာ ပူပူနွေးနွေးပေါ်ပေါက်ခဲ့သော အယူဝါဒတော့ မဟုတ်ပေ။ မြတ်စွာဘုရား(
...တ်မူစဉ်ကပင် ပေါ်ပေါက်ခဲ့သော အယူဝါဒတစ်မျိုးဖြစ်ပေည်။ လောက၌ အကောင်းနှင့်အဆိုးတို့သည် အစဉ်သဖြင့်
...ဉ်တွဲ၍ ရှိနေတတ်ကြသည်။

မြတ်စွာဘုရား၏ ဗုဒ္ဓအယူဝါဒရှိသလို ရှတန်းဆိုး

www.burmeseclassic.com

www.burmeseclassic.com



များ၏ တန္တရ မန္တရ အယူဝါဒများကလည်း ယှဉ်တွဲလျက်ပင် ရှိခဲ့ကြလေသည်။

မြတ်စွာဘုရားရှိစဉ်ကပင် အဿဇိနှင့် ပုနဗ္ဗသုကတို့က ဆဗ္ဗဂ္ဂီ ရဟန်းဆိုးများဦးဆောင်သော ဆဗ္ဗဂ္ဂီ (၆-ပါးအုပ်စု) ဂိုဏ်းဝင် ရဟန်း-၅၀၀ တို့သည် ကီဋာဂိရိ ဇနပုဒ်၌ ကျောင်းထိုင်ပုဂ္ဂိုလ်များဖြစ်ကြလေ၏။

ထိုရဟန်းတို့သည် အရှက်ကင်းမဲ့စွာ အကျင့်ဆိုးများကို ပြုကျင့်ကြကုန်၏။ သစ်ပင်ပန်းပင်တို့ကိုစိုက်ပျိုး၍ သစ်သီးပေးခြင်း၊ ပန်းခိုင်ပန်းကုံးပေးခြင်းဖြင့် အမျိုးသမီးများကို စည်းရုံးကြသည်။ အမျိုးသမီးများနှင့် ရင်းနှီးမှုရရှိစေရန် လိုက်လိုက်လျောလျော ရောနှောနေထိုင်ကြသည်။

အမျိုးသမီးတို့နှင့် ထမင်းလက်ဆုံစားခြင်း၊ ရေတစ်ခွက်ကို အတူသောက်ခြင်း၊ အတူယှဉ်တွဲ၍ထိုင်ခြင်း၊ အတူယှဉ်တွဲ၍အိပ်ခြင်း၊ အိပ်ယာတစ်ခုပေါ်၌အတူအိပ်၍ စောင်တစ်ထည်ကို အတူပင်ခြုံကြသည်။

ညစာစားခြင်း၊ သေရည်သေရက်သောက်ခြင်း၊ အမျိုးသမီးတို့နှင့် အတူတကွ ပန်းပန်ခြင်း၊ နံ့သာလိမ်းခြင်းလည်း ပြုကြသည်။ ထို့ပြင် ရဟန်းဆိုးများမှာ သီချင်းသီဆိုခြင်း၊ တူရိယာဂီတ တီးမှုတ်ခြင်း၊ ကခုန်ခြင်းများလည်း ပြုကြသည်။ အမူအယာတို့ဖြင့်လည်း သရုပ်ဆောင်ကြသည်။ အဆိုတော် အငြိမ့်သမ၊ သိုင်းသမားတို့နှင့် တွဲဖက်လျက် တစ်လှည့်စီ



အပြန်အလှန် သီဆိုတီးမှုတ် ကခုန်ကြကုန်၏။ ဤနည်းဖြင့် အမျိုးသမီးများနှင့် အပျော်အပါး နှစ်သက်သူတို့ကို စည်းရုံးသိမ်းသွင်းကြလေသည်။

ထို့ပြင် လူငယ်လူရွယ်များ၊ ကလေးသူငယ်တို့နှင့် ရင်းနှီးခင်မင်မှုရစေရန် အိုးခွက်ငယ် အရုပ်ငယ်တို့ဖြင့် အတူတကွ ဆော့ကစားခြင်း၊ ထွန်ငယ်, ရထားငယ်, လေးမြားငယ်တို့ဖြင့် ဆော့ကစားပေးခြင်း၊ ကျည်းသားရိုက်ခြင်း၊ စကြာငယ်ဖြင့် ပြေးကစားခြင်း၊ စကားဝှက်ခြင်း၊ ဇယ်တောက်ခြင်း၊ အန်တုပစ်ခြင်း၊ ဂေါ်လီရိုက်ခြင်း၊ ရှစ်ကွက်ကျား၊ ဆယ်ကွက်ကျား၊ ဒိုးလမင်းကျား၊ ကောင်းကင်ကျားကစားခြင်းတို့ကို ပြုလုပ်ကြကုန်၏။

အတတ်ပညာလိုလားသော လူငယ်လူရွယ်တို့ကို စည်းရုံးသိမ်းသွင်းရန် ဆင်စီး၊ မြင်းစီး၊ ရထားစီးသော အတတ်ပညာများ၊ ဓားခုတ်၊ လှံထိုး၊ လေးမြားပစ်ခတ်ခြင်း အတတ်ပညာတို့ကို သင်ကြားပေးသည်။

လက်ပစ်လုံး(နဘမ်းလုံး)ခြင်း၊ လက်ဝှေ့ထိုးခြင်း၊ လေခွန်ခြင်း၊ လက်ခမောင်းခတ်ခြင်း၊ သိုင်းပညာစသော အတတ်ပညာတို့ကို သင်ကြားပေးကြသည်။

ထို့ပြင် ပွဲလမ်းသဘင်တို့ကိုသွားကာ အငြိမ့်စင်ပေါ်သို့တက်ကာ နှစ်ထပ်သက်န်းကြီး (ဒုကုဋ်)ကို ဖြန့်ခင်းလျက် အငြိမ့်သမကို. . .



www.burmeseclassic.com

www.burmeseclassic.com



“နှမ ဤနှစ်ထပ်သက်နင်းပေါ်၌ ကပါလော့”ဟု စေခိုင်းသည်။ ကပြီးသောအခါ “ကောင်းပေစွ”ဟု လက်ခုတ်သြဘာတီးလျက် အားပေးခြင်းပြုသည်။ အငြိမ့်သမနဖူးကို လက်ချောင်းများဖြင့်ထိ၍ မိမိနဖူးကို တို့ထိခြင်းဖြင့် ကောင်းချီးပေးကြကုန်၏။

ထို ဆဗ္ဗဂ္ဂီရဟန်းဆိုးများ၏ စည်းရုံးရေးကောင်းမှုကြောင့် ကီဋာဂီရိ ဇနပုဒ်နေလူများသည် မိမိတို့ဆရာ ရဟန်းများကိုသာ ကြည်ညိုကြပြီး အခြားသော ရဟန်းကောင်း ရဟန်းစစ် ရဟန်းမှန်တို့ကို တွေ့လျှင်ပင် မကြည်ညိုတတ်ကြတော့ပေ။

အခါတစ်ပါး၌ ရဟန်းတစ်ပါးသည် ကာသိတိုင်းရွာငယ်တစ်ခု၌ ဝါဆို၍၊ ဝါကျွတ်သောအခါ မြတ်စွာဘုရားရှင်ကို ဖူးမြော်ရန်အတွက် ကောသလတိုင်း သာဝတ္ထိမြို့သို့ ရှေ့ရှုလာရာ ကောသလတိုင်း၏ အစွန်အဖျား ကီဋာဂီရိ ဇနပုဒ်သို့ရောက်လေ၏။

နံနက်အချိန် သက်နင်းကို ကောင်းစွာဝတ်ရုံပြီးလျှင် မျက်လွှာကိုချလျက် တည်ငြိမ်သောဣန္ဒြေဖြင့် ကီဋာဂီရိ ဇနပုဒ်အတွင်းသို့ ဆွမ်းခံကြွလေသည်။ လူတို့သည် ထိုရဟန်းကိုမြင်သောအခါ. . .

“ဤရဟန်းကား ခြေတစ်လှမ်းခြင်း ဖြေးညှင်းစွာလှမ်း၍ နုံနုံနဲ့နဲ့သွားနေ၏၊ မလှုပ်တလှုပ်နှင့် သွားနေပုံမှာ အားမဲ့သလို ထင်ရ၏၊ လူမြင်လို့မှ ပြုံးပြုံးရွှင်ရွှင် နှုတ်မဆက်တတ်ချေ၊ မျက်မှောင်လည်း ကုပ်ထားသေးသည်၊ ဤရဟန်းမျိုးကို မည်သူက ဆွမ်းလောင်းလှူမည်နည်း၊ ငါတို့အရှင် အဿဇိ ပုနဗ္ဗသုက ရဟန်းတို့မူကား နှုတ်ချို၏၊ ပြုံးရွှင်သော မျက်နှာလည်း ရှိကြသည်၊ တွေ့သည်နှင့် ရှေ့ဦးစွာ စတင်နှုတ်ဆက်တတ်၏၊ လာပါ. . ကြွပါဟု ဖော်ရွေစွာ ကြိုဆိုလေ့ရှိကြကုန်၏၊ ငါတို့ဆရာလို ရဟန်းမျိုးကိုသာ ဆွမ်းလှူသင့်၏” ဟု ပြောဆိုကြကုန်၏။

ရဟန်းကောင်းတို့ကို ဖူးမြင်ဖူးသော ဒကာတစ်ယောက်သည် ထိုရဟန်းကို အိမ်သို့ပင့်ဖိတ်၍ ဆွမ်းကပ်လှူပြီးလျှင် “ကီဋာဂီရိ ဇနပုဒ်နေ ရဟန်းဆိုးများ၏ အမူအကျင့်ကို မြတ်စွာဘုရားထံ လျှောက်ထားပေးပါရန်” တောင်းပန်၏။

ထိုရဟန်းသည် ကြားခဲ့ရသောသတင်းကို မြတ်စွာဘုရားထံ လျှောက်ကြား၏။ မြတ်စွာဘုရားရှင်၏ အမိန့်တော်အရ အရှင်သာရိပုတြာနှင့် အရှင်မောဂ္ဂလာန်တို့သည် နောက်လိုက်နောက်ပါ သံဃာများနှင့်တကွ ကီဋာဂီရိ ဇနပုဒ်သို့ ကြွရောက်ပြီးလျှင် အဿဇိ၊ ပုနဗ္ဗသုက အမှူးပြုသော ရဟန်းဆိုး(၅၀၀)တို့ကို ကမ္မဝါစာဖတ်၍ နှယ်နှင်ဒဏ်တော်မူကြသည်။

ထိုကဲ့သို့သော အယူဝါဒ မတူသော ရဟန်းဆိုးများ





www.burmeseclassic.com

www.burmeseclassic.com



သည် မြတ်စွာဘုရားရှိစဉ်ကပင် နေရာအနှံ့၌နေခဲ့ကြပြီး မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးနောက်ပိုင်းတွင် ခေါင်းထောင်ထလာကာ နေရာအနှံ့သို့ပင် ပျံ့နှံ့သွားလေသည်။

သာသနာနှစ် '၁၀၀၀'ကျော်ကတည်းက တန္တရ၊ မန္တရ အယူဝါဒတို့မှာ အိန္ဒိယနိုင်ငံအဝှမ်း၌ ထွန်းကားခဲ့ကြသည်။ သာသနာနှစ် '၈'ရာစုကပင် အိန္ဒိယနိုင်ငံတွင် နာဂအဇ္ဇုန ရဟန်းတော်သည် နဂါးပြည်မှ ပိဋကတ်များ ရရှိခဲ့သည်ဟု ဆို၍ 'မဇ္ဈိမိကသုညဝါဒ' ကျမ်းများကို ရေးသားခဲ့သည်။ ၎င်းမှာ 'မဟာယာနဂိုဏ်း' ပေါ်ပေါက်လာခြင်း၏ အစပင်ဖြစ်ပေသည်။

သာသနာနှစ် '၁၀၀၀'ကျော်ရောက်သောအခါ အိန္ဒိယပြည်တွင် တန္တရ၊ မန္တရဂိုဏ်းဝင်ဘုန်းကြီးများသည် မန္တန်များ၊ အင်းအိုင်၊ ခါးလှည့်၊ လက်ဖွဲ့များ၊ အဆောင်များ၊ နတ်ရုပ်များ၊ မယ်တော်ကြီးရုပ်များ ကန်တော့ပွဲများဖြင့် ဟိတ်ဟန်ထုတ်ကာ တန်ခိုးပြ၍ စားခဲ့ကြသည်။

ယင်းတန်ခိုးရှင်ကြီးများသည် ထွက်ရပ်ပေါက် (သိဒ္ဓိရှင်) ဝိဇ္ဇာမိုရ်စသည်ဖြင့် အမည်ခံ၍ လူအများယုံကြည်မှုရစေရန် လှည့်စားခဲ့ကြသည်။ မျက်လှည့်ပညာတွင် အသုံးပြုသည့် လှည့်စားသော လိမ်နည်းများ၊ ထူးဆန်းသော ဓာတ်ပညာများကို အသုံးပြုလျက် တန်ခိုးပါဝါပြခဲ့ကြသည်။

လူအချို့ (အများစု)ကလည်း ယုံကြည်ကြသဖြင့်





ရွှေငွေပစ္စည်းသာမက လူကိုပါပေး၍ ပူဇော်မှုပြုကြသည်။

သာသနာနှစ် ၁၃၀၀-ကျော်သောအခါ အိန္ဒိယပြည်ကြီးကို တူရကီအနွယ်တို့က တစ်မြို့ပြီးတစ်မြို့ တိုက်ခိုက်သိမ်းပိုက်လာကြသော်လည်း သိဒ္ဓိရှင်များက ဘာမှလုပ်မပေးနိုင်ခဲ့ကြပေ။ ကောသလတိုင်းနှင့် မာဂဓတိုင်းတို့ ကျဆုံးသွားသော်လည်း အဆိုပါသိဒ္ဓိရှင်ကြီးများကား အရှိန်မပျက်ပင် လိမ်ညာပြီးနေခဲ့ကြသည်။

နောက်ဆုံး ဘင်္ဂလားပြည် (ဝင်္ဂတိုင်း)၏ ဘုရင်ပါလေမင်းကြီးပင် မဟာမေဒင်ဘာသာဝင် တူရကီတို့၏ အန္တရာယ်ကို ကာကွယ်ရန် မိမိ၏ စစ်သည်အင်အားနှစ်သောင်းကျော်တို့ကို စစ်ပြင်ဆင်မှု၊ စစ်ရေးလေ့ကျင့်မှုများ မပြုလုပ်ပဲ ဝိဇ္ဇာမိုရ်ဘုန်းကြီးများကို အလုံးစုံပုံ၍ ယုံကြည်အားကိုးထားခဲ့သည်။

ထိုအချက်ကိုသိသော တူရကီစစ်ဗိုလ်သည် မြင်းစီးစစ်သား ၂၀၀-မျှဖြင့် ယင်းဘုန်းကြီးကျောင်းတိုက်ကို ဝင်ရောက်တိုက်ခိုက်၍ ဝိဇ္ဇာမိုရ်ဘုန်းကြီးများကို သတ်လိုက်သည်။ ၎င်းတို့ ကိုးကွယ်သော နတ်ရုပ်ကြီးများကိုလည်း မီးရှို့ဖျက်ဆီးလိုက်ကြသည်။

ထို့နောက် မိမိစစ်သည်များကိုအားမကိုးဘဲ ဝိဇ္ဇာမိုရ်ဘုန်းကြီးများကိုသာ အားကိုးနေသော ပါလမင်းကို သတ်ဖြတ်ပြီး တိုင်းပြည်ကိုပါ သိမ်းပိုက်ခဲ့သည်။ ဝိဇ္ဇာမိုရ်ဘုန်းကြီးများလည်း ဘာမှမတတ်နိုင်တော့ပေ။ သို့သော်လည်း တန္တရ



www.burmeseclassic.com

www.burmeseclassic.com



မန္တရ အယူဝါဒများက ကွယ်ပျောက်မှေးမှိန်မသွားဘဲ အိန္ဒိယ မှတစ်ဆင့် အခြားအိမ်နီးချင်းနိုင်ငံများအထိ တဖြည်းဖြည်း ကူးစက်ပြန့်နှံ့ခဲ့လေသည်။

ယနေ့ကမ္ဘာပေါ်တွင် တန္တရဗုဒ္ဓဘာသာအဖြစ် ထင်ရှားလူသိများနေသော ဗုဒ္ဓဘာသာ ဂိုဏ်းကွဲများမှာ မဟာယာနဂိုဏ်းပေါ်ပေါက်ခဲ့ပြီး နှစ်ပေါင်းများစွာကြာမှ ပေါ်ပေါက်ခဲ့ကြခြင်းဖြစ်၏။

အိန္ဒိယနိုင်ငံ အေဒီ '၆'ရာစုလောက်ကမှ ပေါ်ပေါက်ခဲ့သော အတွေးအခေါ်အယူဝါဒ ဖြစ်သည်။ အိန္ဒိယနိုင်ငံ ကမ္ဘာကျော် နာလန္ဒ တက္ကသိုလ်ကြီး၌ မြစ်ဖျားခံသည်။ နောင်အခါ တိဗက်ကိုဗဟိုပြုပြီး နီပေါ၊ ဘူတန်၊ ဆစ်ကင်း၊ လာဒါ(ခ်)၊ မွန်ဂိုလီယား၊ ဆိုဗီယက်ရုရှား နိုင်ငံများအထိ ပျံ့နှံ့ခဲ့သည်။

တန္တရယာနနှင့် မန္တရယာနသည် မဟာယာန ဗုဒ္ဓဘာသာမှ ပျံ့ပွားခဲ့သော အယူဝါဒများဖြစ်ကြသည်။ တန္တရဟူသော အနက်အဓိပ္ပာယ်မှာ 'ဉာဏ်ပညာ' ဖြစ်သည်။ ဂါထာမန္တရားများသည် လောကီဉာဏ်ပညာမှစ၍ လောကုတ္တရာဉာဏ်ပညာအထိ ရရှိစေနိုင်သောကြောင့် တန္တရဟုခေါ်ခြင်းဖြစ်ပေသည်။

တန္တရ - ဉာဏ်ပညာဖြစ်ပြီး၊ ဉာဏ်ပညာရကြောင်းမှာ မန္တန်ဖြစ်သောကြောင့် တန္တရနှင့်မန္တရမှာ ယှဉ်တွဲလျက်





ရှိနေကြခြင်းဖြစ်၏။ ယောဂါစာရဂိုဏ်းမှ ဝိညာဏ်ကို ဦးစားပေး၍ ဝိညာဉ်တိုးတက်အောင် ဘာဝနာပွားများနည်းများကို အရေးထား ဖော်ပြရာမှ တန္တရ အယူဝါဒအမျိုးမျိုး ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။ ဓာရဏီခေါ် ပရိတ်အမျိုးမျိုးနှင့် မန္တန်များ၊ မဏ္ဍလခေါ် စက်ဝိုင်းအတွင်းရှိ ရုပ်ပုံများ၊ ဘြိဂံ၊ စတုရန်းစသော အင်းကွက်များသည် သမာဓိလုပ်ငန်းများအတွက် အရေးပါလာခြင်းဖြစ်သည်။

စုန်း၊ နတ်၊ တစ္ဆေ၊ ကဝေ၊ အောက်လမ်း၊ အထက်လမ်း စသောပညာနှင့်ဆိုင်သော၊ ဝိညာဉ်နှင့်သက်ဆိုင်သော ကိစ္စများသည် တန္တရဝါဒနှင့်သက်ဆိုင်သော အယူဝါဒများ ဖြစ်ကြသည်။ တန္တရအယူဝါဒ၌ နတ်အမျိုးမျိုး၊ မယ်တော်နတ်သမီး အမျိုးမျိုးတို့ကို လက်ခံထား၍ ထိုနတ်တို့၏ အကူအညီကြောင့် နတ်ကိုးကွယ်သူများ၊ မန္တန်ရွတ်သူများသည် သိဒ္ဓိအမျိုးမျိုး၊ တန်ခိုးအမျိုးမျိုး ရနိုင်သည်ဟု ယုံကြည်လက်ခံထားကြသည်။

တန္တရဝါဒမှာ ဗုဒ္ဓဘာသာဝင်များက စတင်ခဲ့ခြင်းမဟုတ်ပေ။ ကမ္ဘာဦး၌ စတင်ပေါ်ပေါက်ခဲ့ကြသည့် လူတို့သည်ပင် မန္တန်ကိုရွတ်ဖတ်ခြင်းဖြင့် မကောင်းဆိုးဝါးများ ကြောက်လန့်ကြသည်၊ ကောင်းကျိုးချမ်းသာများ ရနိုင်သည် ဟူသော ယုံကြည်ချက်ဖြင့် မန္တန်အမျိုးမျိုး အသုံးပြုခဲ့ကြခြင်း ဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေးနှစ်ပေါင်းများစွာကပင် လယ်ယာစိုက်ပျိုးကြသူတို့သည် မိုးကိုအားထားကြရသည်။ မြစ်ရေလျှံခြင်းကို ကြောက်ကြသည်။ မိုးကြိုး လေပြင်းမုန်တိုင်းတို့ကို ကြောက်ခြင်း၊ အသီးအနှံ မထွက်မှာ ကြောက်ကြသည်။ သို့ကြောင့် မိုးနတ်၊ လေနတ်၊ မိုးကြိုးနတ်၊ မုန်တိုင်းနတ်၊ မြစ်စောင့်နတ်၊ လယ်စောင့်နတ်တို့ကို ပူဇော်ကြရသည်။

တောတောင်များဖြင့် အသက်မွေးဝမ်းကျောင်းပြုသူတို့က တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို ပူဇော်ပသကြရသည်။ စစ်တိုက်ထွက်မည့် သူတို့ကလည်း စစ်ပွဲအနိုင်ရစေရန် စစ်နတ်တို့ကို ပူဇော်ပသကြရ၏။ ထိုသို့ပူဇော်ရာ၌ သက်ဆိုင်ရာနတ်တို့၏ ဂုဏ်ထူးများ၊ တန်ခိုးများကို ချီးကျူးဖွဲ့ဆို တင်မြှောက်ကြရသည်။

ထိုနတ်သမီးများသည် ကာလကြာမြင့်သော် အသုံးပြုရမည့် ဂါထာမန္တရားများ ဖြစ်လာကြသည်။ ထိုမန္တန်များကို ရွတ်ဆိုပူဇော်လျှင် နတ်ဒေဝတာတို့က သဘောကျနှစ်သက်သဖြင့် ကူညီစောင့်ရှောက်ပေးကြသည်ဟုလည်း ယုံကြည်လာကြသည်။

နောက်တော့ ယဇ်ပူဇော်သော ဓလေ့များပေါ်ပေါက်လာသည်။ ကျွဲ၊ နွား၊ ဆိတ်၊ ကြက်၊ ဝက်တို့ကို သတ်ဖြတ်ပြီး သွေးဖြင့်ပူဇော်ကြသည်။ အယူဝါဒ လွှမ်းမိုးမှုအင်အားကြီးလာသောအခါ လူကိုသတ်၍ ယဇ်ပူဇော်သော ဓလေ့များ





ပေါ်ပေါက်လာသည်။ စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေစသော ဝိဉာဉ်တို့နှင့် သက်ဆိုင်သော အယူဝါဒများမှာ ရှေးနှစ်ပေါင်းများစွာမှ ပေါ်ပေါက်ခဲ့ကာ ယခုမျက်မှောက်ကာလတိုင်အောင် ပျံ့နှံ့နေလျက် ရှိနေကြလေသည်။ နောက်ပိုင်းမှာတော့ တန္တရနှင့်ပတ်သက်သည့် ကျမ်းများပင် ပေါ်ပေါက်လာသည်။

၎င်းတို့မှာ. . .

(၁) ကုဏ္ဍလိနီ တန္တရကျမ်း၊
(၂) ယောဂိနီ တန္တရကျမ်း၊
(၃) ကုလာဝဏ္ဏ တန္တရကျမ်း၊
(၄) ဂုတ္တသာဓနေ တန္တရကျမ်း၊
(၅) ရုဒြယမလ တန္တရကျမ်း၊
(၆) ဗြဟ္မယမလ တန္တရကျမ်း

စသည်တို့မှာ ထင်ရှားလေသည်။

ရှေ့တွင် ရေးသားဖော်ပြပေးခဲ့သည့်အတိုင်း အိန္ဒိယနိုင်ငံမှစတင်ခဲ့သော ဗုဒ္ဓအယူဝါဒမှာ ကမ္ဘာ့နေရာအတော်များများသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ထို့အတူ ဗုဒ္ဓအယူဝါဒနှင့်အပြိုင် လျှို့ဝှက်စွာပေါ်ပေါက်ခဲ့သော တန္တရ မန္တရ အယူဝါဒများမှာ အိန္ဒိယနိုင်ငံ၊ တိဗက်နိုင်ငံတို့ကို ဗဟိုပြုလျက် အရှေ့အနောက် နိုင်ငံအတော်များများ ရောက်ရှိခဲ့သည်။

ပုဂံခေတ်က အရည်းကြီးဝါဒ ထွန်းကားခဲ့ခြင်းမှာ တန္တရ အယူဝါဒနှင့် အသွင်တူဖြစ်ပေသည်။ ထို့အတူ အင်ဒို

www.burmeseclassic.com

www.burmeseclassic.com



နီးရှားနိုင်ငံသို့လည်း ပျံ့နှံ့ရောက်ခဲ့လေသည်။ အင်ဒိုနီးရှား နိုင်ငံမှာ ရှေးအခါကပင် နတ်၊ စုန်း၊ ကဝေ၊ တစ္ဆေ၊ ဝိညာဉ် တို့နှင့် ပတ်သက်ပါက ယုံကြည်မှုလွန်ကဲသော နိုင်ငံဖြစ်သည်။

သာသနာနှစ် '၉၅၈'ခုနှစ်က တရုတ်ရဟန်းတော် ဖာဟိယန်သည် အိန္ဒိယမှ တရုတ်ပြည်သို့ အပြန်ခရီး၌ အင်ဒို နီးရှားသို့ ရောက်ခဲ့သည်။ ဗြာဟ္မဏဝါဒ လွှမ်းမိုးနေသဖြင့် ဗုဒ္ဓဘာသာဝင် အနည်းငယ်မျှသာ တွေ့ခဲ့ရသည်ဟု မှတ်တမ်း တင်ခဲ့သည်။

သာသနာနှစ် ၁၀၆၃-၌ ကသ္မီရဘုရင်၏သားတော် အရှင်ဂုဏဝမ္မသည် ဂျားဗားကျွန်းသို့ကြွ၍ သာသနာပြုရာ သာသနာတော် စည်ပင်ပြန့်ပွားလာကြောင်းကို 'ကာအိုဆင် ချွမ်' မည်သော တရုတ်ကျမ်းစာတစ်ခု၌ ဖော်ပြထား၏။

ထိုခေတ်က နလန္ဒတက္ကသိုလ်မှ ဆရာတော် ဓမ္မပါလ သည်လည်း အင်ဒိုနီးရှားပြည်သို့ သာသနာပြုကြွခဲ့သည်။ အင်ဒိုနီးရှားတွင် နာမည်ကျော် ဗောရောဗုဒ္ဓစေတီကြီးအပြင် ကလဆံစေတီနှင့် မင်ဒတ်စေတီတို့လည်း ရှိကြသေးသည်။ သာသနာ(၁၃၃၃)တွင် ရေးထိုးသော ကလဆံစေတီကျောက် စာမှာ ဒေဝနာဂရီ အက္ခရာဖြင့်ရေးထိုး၍ တာရာနတ်သမီး ကျောင်းနှင့် မဟာယာနကျောင်းတိုက်တစ်ခု ဆောက်လုပ်လှူ ကြောင်း မှတ်တမ်းတင်ထားသည်။

အိချင်(ယိကျင်)၏ မှတ်တမ်းအရ အင်ဒိုနီးရှားပြည်



တွင် သံဃာ ၁၀၀၀-ခန့် တွေ့ခဲ့ရသည်ဟုဆို၏။ ထိုခေတ်က အင်ဒိုနီးရှားကျွန်းကို သုဝဏ္ဏဒီပဟုခေါ်၍ နိုင်ငံကို သီရိဝိဇယ နိုင်ငံတော်ဟု ခေါ်ကြသည်။

(သုဝဏ္ဏ၊ ရွှေ၊ ဒီပ ကျွန်း)ဟုအဓိပ္ပာယ်ရှိရာ ရွှေထွက် သောကျွန်း ဟုလည်း အဓိပ္ပာယ်ကောက်ယူနိုင်လေသည်။ သာသနာ ၁၆၀၀-ခန့်တွင် သုဝဏ္ဏဒီပသည် မဟာယာန ဗုဒ္ဓ ဘာသာ၏ ဗဟိုချက်ဖြစ်လာသည်။ ဝိက္ကမသီလ တက္ကသိုလ် ကျောင်းအုပ်ကြီး အတိဆ(ဒီပင်္ကရ ဉာဏ)သည် သုဝဏ္ဏဒီပ ရှိ ဆရာတော် စန္ဒြကီတ္တိထံ တန္တရ မန္တရ ပညာရပ်များဆည်း ပူးရန် သုဝဏ္ဏဒီပသို့ ကြွခဲ့သည်။ အတိဆာသည် တိဗက် သာသနာပြု ဆရာတော်ဖြစ်သည်။

ထိုခေတ်က အင်ဒိုနီးရှား (သုဝဏ္ဏဒီပ)ကို သေလိန္ဒြ မင်းဆက်အုပ်စိုးသည်။ သေလိန္ဒြမင်းများသည် မလေးကျွန်း ဆွယ်အထိ အာဏာစက် ပျံ့နိုင်ခဲ့သည်။ မဟာယာန ဗုဒ္ဓဘာ သာကို အားပေးသည်။ ဗောရောဗုဒုစေတီကြီးကို သေလိန္ဒြ မင်းဆက် တည်ခဲ့သည်။ ထိုစေတီမှ ရုပ်ထုများကို စက်ဝိုင်း တည်ထားရာ မဏ္ဍလလေးမျိုးတွင် ကမ္မမဏ္ဍလဟုခေါ်၏။

အဂေါ်မှပါလမင်းများနှင့် အိန္ဒိယတောင်ပိုင်းမှ စောဠ မင်းများသည် အင်ဒိုနီးရှားပြည်၊ ဗုဒ္ဓသာသနာ ပျံ့ပွားရေးကို အားပေးကူညီ ထောက်ပံ့ကြသည်။ သေလိန္ဒြမင်းများသည် နာလန္ဒတက္ကသိုလ်၌ ကျောင်းဆောက်လှူဒါန်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကျောင်းကို စောင့်ရှောက်ထိန်းသိမ်းရန် ပါလမင်းနှင့် စောဠမင်းများက ကျေးရွာများ လှူဒါန်းကြရသည်။ (ပုဂံခေတ်တွင် ဘုရားစေတီများ စောင့်ရှောက်ထိန်းသိမ်းရန် ဘုရားကျွန်များ လှူဒါန်းခြင်းမျိုးပင်တည်း။) နောက်ပိုင်းတွင် ဘုရင်များက သာသနာကို အားပေးခြင်းမပြုသဖြင့် ဟိန္ဒူဘာသာက တဖြည်းဖြည်း လွှမ်းမိုးသွားလေတော့သည်။

ဆူမတြာ၊ ဂျားဗား၊ ဗာလီကျွန်းနှင့် ဘော်နီယိုကျွန်းများတွင် ဗုဒ္ဓဘာသာ ထွန်းကားခဲ့သော်လည်း နောက်ပိုင်းကာလတွင် ဗြာဟ္မဏဝါဒက ပြန်လည်လွှမ်းမိုးသွားလေသည်။

သာသနာနှစ် '၂၀၁၀'ခန့်တွင် သဘော်သား အာရပ်ကုန်သည်များသည် မလေးကျွန်းဆွယ် မလက္ကာရေလက်ကြားသို့ ရောက်ရှိနေထိုင်ခဲ့ကြသည်။ အာရပ်တို့သည် ဒေသခံတိုင်းရင်းသူများကို ယောက်ျားတစ်ဦးလျှင် မယားအများယူသောစနစ်ကို ကျင့်သုံးရာ မကြာမီ မွတ်ဆလင် လူဦးရေကများပြားလာတော့သည်။

ထို့ပြင် အာရပ်အနွယ်တို့သည် အင်အားကိုအသုံးချ၍ နိုင်ငံအာဏာကိုပင် သိမ်းပိုက်နိုင်ခဲ့ကြသည်။ အာဏာရပြီးနောက်မှာတော့ ၎င်းတို့၏ လုပ်ထုံးလုပ်နည်းများအတိုင်း တစ်တိုင်းပြည်လုံး မွတ်ဆလင်ဘာသာဝင် ဖြစ်စေရန် ပြုလုပ်ခဲ့ကြသည်။

ထိုအချိန်က ဗာလီကျွန်းတစ်ခု၌သာလျှင် ဟိန္ဒူဘာသာ ဆက်လက်တည်ရှိခဲ့သည်။



အင်ဒိုနီးရှားတို့သည် မွတ်စလင်ဘာသာဖြစ်ကြရသော်လည်း ဟိန္ဒူယဉ်ကျေးမှု အမွေအနှစ်ဖြစ်သော ရာမဇာတ်တော်ကို ကပြဆဲ၊ အားပေးနေကြဆဲပင် ရှိကြသည်။ ဂျားဗားကျွန်း၌ မဟာယာန ဗုဒ္ဓဘာသာ အမွေအနှစ် အဖြစ်ကျမ်းနှစ်ဆူလည်း ကျန်ရစ်ခဲ့ကြသည်။ ၎င်းတို့မှာ (၁)သံယုံက မဟာယန မန္တရနယကျမ်းနှင့် (၂) သံယုံကမဟာယနိ ကံကျမ်းတို့ပင် ဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံမှာ ရှေးနှစ်ပေါင်းများစွာကပင် တန္တရ၊ မန္တရ အယူဝါဒများကို လက်ခံကျင့်သုံးခဲ့သော နိုင်ငံတစ်နိုင်ငံ ဖြစ်ခဲ့ရာ နှစ်ပေါင်းများစွာကြာခဲ့ပြီး ခေတ်အဆက်ဆက် ပြောင်းခဲ့သော်လည်း ထိုအယူဝါဒများကိုပင် ယုံကြည်လက်ခံသူတို့ အတော်ပင်များခဲ့သည်။

သဘာဝအနေအထားအရ ပင်လယ်နှင့်ထိစပ်နေပြီး တောတောင်ထူထပ်သော အရပ်ဒေသလည်း ဖြစ်ခဲ့သည်။ ထို့ပြင် အချိန်မရွေး ပေါက်ကွဲနိုင်သော မီးတောင်များလည်း ဝန်းရံလျက်ရှိသည်။ အများအားဖြင့်တော့ ကျွန်းများ၊ တောများ၊ ပင်လယ်ကမ်းခြေနှင့်နီးသော နေရာများတွင် နေထိုင်ကြရသူများ ဖြစ်ကြသဖြင့် သဘာဝဘေးအန္တရာယ်တို့နှင့် မကြာခဏဆိုသလို ကြုံတွေ့ရင်ဆိုင်ကြရသည်။

သို့ကြောင့် ထိုဘေးအန္တရာယ်များမှ အကာအကွယ်



www.burmeseclassic.com

www.burmeseclassic.com



ရစေရန် အားကိုးရှာကြလေသည်။

နတ်၊ စုန်း၊ ကဝေ၊ တစ္ဆေ၊ သရဲ၊ နဂါး၊ ဘီလူး စသည်တို့နှင့် ယုံကြည်လက်ခံမှုများလည်း နေရာအနှံ့တွင် အများအပြားရှိခဲ့ကြပေသည်။





# အခန်း ( ၄ )

## နတ်ဆရာနှင့် ဖွတ်ဝင်နေသောအလောင်း

တန္တရ မန္တရ အယူဝါဒများမှ ဆင်းသက်လာသော အယူဝါဒများတွင် စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ၊ သရဲ ယုံကြည်မှုများလည်း ပါဝင်သည်။ အင်ဒိုနီးရှားနိုင်ငံအဝှမ်းတွင် ကြီးသောတောင်များ၊ မီးတောင်များ၊ လူသူအရောက်အပေါက်နည်းသော တောနက်ကြီးများက နေရာယူထားကြသည်။ မြို့ကြီးများတွင် နေကြသူများထက် တောတောင်များတွင်

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်သူက အရေအတွက် ပိုမိုများပြားလေသည်။ သာမန် ယဉ်ကျေးမှုလောက်သာ ရှိကြသူများမှ ပင်လယ်ကမ်းခြေ၌ နေကြသည့် ရေဘီလူးဟုခေါ်သည့် စမင်များအထိ အပါ အဝင်ဖြစ်သည်။

ရှေးအခါက စမင်ဟုခေါ်သော ရေဘီလူးများသည် လူတို့ကို ဖမ်းဆီးသတ်ဖြတ်ကာ စားသောက်ကြသည့် ဓလေ့ ကြမ်းများအထိ ရှိခဲ့ကြသည်။ တောနက်ကြီးများထဲမှာ နေ ထိုင်ကြသော လူရိုင်းများမှာလည်း လူ တိရစ္ဆာန်တို့ဖြင့် ယဇ် ပူဇော်ကာ ချက်ပြုတ်စားသောက်သော ဓလေ့များရှိခဲ့ကြသည်။

ယခင်က အင်ဒိုနီးရှားနိုင်ငံအတွင်း၌ရှိသော တော နက်ကြီးများအတွင်းသို့ လူသူမများပဲ၊ လက်နက်များမပါပဲနှင့် မသွားမလာဝံ့ကြပေ။ အကယ်၍ အရဲစွန့်ပြီး သွားလာမိပါက လူရိုင်းများနှင့် မတွေ့ရသော်မှ သားရဲတိရစ္ဆာန်များ၊ သဘာဝ ဘေးအန္တရာယ်နှင့်တွေ့ကာ မပြန်လမ်းသို့ ရောက်ကြရသည်။ စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေ သရဲ စသည်တို့ကို ယုံကြည်မှုများ သော အင်ဒိုနီးရှားနိုင်ငံအတွင်း၌ ဆန်းကြယ်သော ဓလေ့ အချို့လည်း ရှိသည်။

ထိုကဲ့သို့သော ဓလေ့ဆန်းများရှိသည့်အနက် သေသူ ၏အလောင်းကို ဖုတ်သွင်းပြီး လိုသောနေရာသို့ ခေါ်ဆောင် သော နည်းလည်းတစ်နည်း ပါဝင်လေသည်။ အချို့က သေပြီး နောက် ဖုတ်ဝင်ပြီး မိမိတို့ရွာ၊ မိမိတို့နေရာရောက်သည်အထိ ပြန်လာကြသည်။ အချို့ကတော့ နတ်ဆရာ၊ မှော်ဆရာတို့ အကူအညီဖြင့် သေဆုံးသူကို ဖုတ်သွင်းစေပြီးမှ မိမိတို့ နေရာ ရောက်သည်အထိ ပြန်ခေါ်ယူခြင်းဖြစ်သည်။

အင်ဒိုနီးရှားနိုင်ငံမှာ ပင်လယ်နှင့်၊ တောတောင်ထူ ထပ်လှသောနေရာ ဖြစ်သောကြောင့် တစ်နေရာနှင့်တစ်နေ ရာ သွားလာရန်ခက်ခဲလှသည်။ အသက်ရှိသူများပင် သွား လာရန် မလွယ်ကူသလို သေဆုံးပြီးသော အလောင်းကို မိမိ တို့နေရာ ရောက်သည်အထိ သယ်ယူရသော ကိစ္စမှာလည်း များစွာ ခက်ခဲလှပေသည်။

သို့ကြောင့် အလောင်းကိုဖုတ်သွင်းပြီး ခေါ်ယူလေ့ရှိ ကြသည်။ တစ်နည်းက တောထဲမှာ သေသူသည် ဂုဏ်ဖာသာ ဖုတ်ဝင်ပြီး နေရာမှထလာခြင်းနှင့် အခြားနည်းကတော့ နတ်ဆရာ မှော်ဆရာ၊ ဒါမှမဟုတ် စုန်းကဝေတစ်ဦးဦးက ဖုတ်သွင်းပေးလိုက်သောနည်းဖြစ်သည်။

ဗမာပြည်လိုနေရာမျိုးတွင် သေဆုံးပြီးခဲ့သူတစ် ယောက် ဖုတ်ဝင်ပြီးထလာပါက များစွာကြောက်စရာကောင်း သော အဖြစ်အပျက်ဟု ထင်ကြသည်။ အင်ဒိုနီးရှားမှာတော့ လူသေတစ်ယောက်က သူ့အလိုအလျောက် ဖုတ်ဝင်ကာ နေ ရာမှထလာခြင်းမှာ ဝမ်းမြောက်စရာကိစ္စမျိုးပင် ဖြစ်ပေသည်။

သေသူအလောင်းကို ဖုတ်သွင်းလိုက်ပါက ထလာ တာ သူ့အလိုအလျောက် လမ်းလျှောက်၍သော်လည်း

www.burmeseclassic.com



တောင်း၊ ဒါမှမဟုတ် သက်ဆိုင်သူတို့ ရှေ့မှဦးဆောင်ခေါ်ရာ နောက်သို့သော်လည်းကောင်း တန်းတန်းမတ်မတ် လိုက်လာတတ်ကြလေသည်။

ရှင်းတို့အယူအဆမှာ အရပ်တစ်ပါး၌ သေဆုံးသွားသူကို သေသည့်နေရာ၌ပင် မြေမြှုပ်သင်္ဂြိုဟ်ခြင်းထက် မိဘဆွေမျိုးများရှိသော နေရာသို့ ပြန်ရောက်စေခြင်းက ပိုကောင်းသည်ဟု ယူဆကြသည်။ ထိုသို့ရောက်မှသာ မိဘဆွေမျိုးများက ဘဝကူးကောင်းစေရန် ဓလေ့ထုံးစံများအတိုင်း ဆောင်ရွက်ပေးနိုင်ကြမည် ဖြစ်ပေသည်။ ထို့ကြောင့် လူတစ်ယောက်သေဆုံးသွားသောအခါ မည်သည့်နေရာ၌ပင် သေသည်ဖြစ်စေ မိမိရွာ၊ မိမိနေရပ် ဆွေမျိုးသားချင်းများရှိရာသို့ ပြန်ရောက်ရန်မှာ များစွာအရေးကြီးလှသည်။

ထိုအရပ်ဒေသ၌ အရပ်တစ်ပါး၌ သေဆုံးပြီးနောက် ဖုတ်ဝင်၍ မိမိရွာသို့ပြန်လာသည်ကိုတွေ့မြင်ပါက အနှောက်အယှက်မပြုကြရပေ။ လမ်း၌တွေ့လျှင်ပင် သဘောပေါက်စွာဖြင့် တိတ်ဆိတ်စွာ လမ်းဖယ်ပေးကြရသည်။ လူချင်းခင်မင်ရင်းနှီးလျှင်သော်မှ စကားပြောခြင်း၊ နှုတ်ဆက်ခေါ်ငင်ခြင်း မပြုလုပ်ကြရပေ။

နာမည်ခေါ်ပြီး နှုတ်ဆက်လိုက်ပါက ဖုတ်ဝင်ပြီး လမ်းလျှောက်လာသော အလောင်းမှာ ချက်ချင်းဖုတ်ထွက်သွားပြီး နေရာ၌ပင် လဲကျသွားတတ်ပေသည်။ ဖုတ်ဝင်ပြီး





မိမိအရပ်ဒေသသို့ ပြန်လာသူကလည်း လူများနှင့် မတွေ့နိုင်သည့် လမ်းမျိုးမှ ရွေးချယ်ကာ ပြန်လာတတ်လေသည်။

ထိုသို့ ပြန်ရောက်လာလျှင် သက်ဆိုင်ရာဆွေမျိုးများက အသံထွက်ပြီး ငိုကြွေးခြင်းမျိုး၊ ကျယ်လောင်စွာ စကားပြောခြင်းမျိုး မပြုလုပ်ကြရပေ။ ငိုကြွေးလိုလျှင်သော်မှ အသံမကြားနိုင်သောနေရာ၌ သွားရောက်ငိုကြွေးရသည်။ ဖုတ်ဝင်နေသူရှေ့၌ မငိုရပေ။

ဖုတ်ဝင်နေသော သူပြန်ရောက်လာသောအခါ သစ်သားခေါင်းတလားတစ်ခုပြုလုပ်ပြီး ထိုအိမ်ထဲမှာထားကာ ထိုအလောင်းအစဉ်အမြဲထားသော နေရာတစ်ခုကို မိဘဆွေမျိုးများက ဆောင်ရွက်ပေးကြရသည်။ ဖုတ်ဝင်၍ပြန်လာသောအလောင်းကို မြေမြှုပ်ခြင်း၊ မီးသင်္ဂြိုဟ်ခြင်းမျိုး မပြုလုပ်ကြပေ။

ထိုအရပ်၏ ဓလေ့ထုံးစံမှာ အလောင်းများကို လူသူဝေးသော ကျောက်တောင်နံရံ၌ ခေါင်းတစ်လုံးသွင်းသာအောင် အပေါက်ဖောက်၍ ထည့်ထားကြသည်။ အချို့လည်း ကျောက်စင်များပေါ်၌ တင်ထားကြသည်။ မာကျောလှသော ကျောက်နံရံ၌ ခေါင်းတစ်လုံးသွင်းသာအောင် ထွင်းဖောက်ရသောကိစ္စမှာ မလွယ်လှပေ။ လင့်စင်များထိုး၍ ခက်ခက်ခဲခဲ ဖောက်ထွင်းကြရခြင်းဖြစ်၏။

လူအကူအညီခေါ်၍ ဖောက်လျှင်သော်မှ တစ်လ



www.burmeseclassic.com

www.burmeseclassic.com



နှစ်လ အချိန်ကြာမြင့်တတ်သည်။ အကယ်၍ ခေါင်းတလားကို အတွင်းမသွင်းဘဲ ကျောက်တောင်အမြင့်၌ တင်ထားမည်ဆိုပါကလည်း နှစ်ပေါင်းများစွာကြာသည်အထိ မပျက်စီးအောင် စီမံပြုလုပ်ပေးကြရသည်။ ကျောက်တောင်နံရံအမြင့်ရောက်သည်အထိ လေးလံလှသော ခေါင်းတလားကြီး တင်ရသည်မှာ လွယ်ကူသောကိစ္စတော့ မဟုတ်ပေ။

ဦးစွာလူများက ကျောက်တောင်ပေါ်သို့ရောက်အောင် အရင်တက်ကြရသည်။ အပေါ်ရောက်တော့မှ ယူသွားသောကြိုးစများကို ချပေးသည်။ ထိုကြိုးဖြင့် ခေါင်းတလားကို တုပ်နှောင်ပြီးမှ လူအင်အားဖြင့်လိုအပ်သောနေရာ ရောက်သည်အထိ ဆွဲတင်ကြရလေသည်။ ထိုကဲ့သို့ ကျောက်တောင်နံရံထွင်းဖောက်ခြင်း၊ ကျောက်ဂူလားစင်များပြုလုပ်၍ မပြီးမချင်းဖုတ်ဝင်နေသောအလောင်းကို ကွျေးစရာရှိတာ ကွျေးပြီးယာယီခေါင်းထဲမှာပင် ထားလေ့ရှိကြသည်။

ဆန်းကြယ်သောအချက်မှာ ရက်လကြာနေသည်အထိ ခေါင်းတလားအတွင်းမှာ ရှိနေသောအလောင်းမှာ ပုတ်ပွပျက်စီးသွားခြင်းမျိုးမရှိဘဲ အသွေးအသားများ ခြောက်ခမ်းသွားကာ ကမ္ဗဒ္ဒါန်းရုပ်မျိုးအသွင်သာ ပြောင်းလဲသွားလေသည်။ အချို့ အလောင်းများမှာ အသားအရေခြောက်ခမ်းသွားသော်လည်း ဆံပင်၊ မျက်ခုံးမွေး၊ မုတ်ဆိပ်မွေးမျှား မူလအတိုင်းပင် ရှိနေတတ်ကြသည်။



အင်ဒိုနီးရှားနိုင်ငံတွင် အလောင်းများကို ဆေးစိမ်ထားခြင်း၊ ဆေးဝါးအစီအရင် ပြုလုပ်ထားခြင်းမျိုးမရှိပါဘဲ နှစ်ပေါင်ကြာသည်အထိ မပျက်မစီးဘဲ ရှိကြလေသည်။ အားလုံးအဆင်သင့်ပြင်ပြီးသောအခါ ထိုအလောင်းကို ကျောက်တောင်သင်္ချိုင်းသို့ပို့ရန် ပြင်ဆင်ကြရသည်။ သေဆုံးသူအား ခေါင်းအတွင်းမှ ထစေပြီး ၎င်းနှင့်သက်ဆိုင်သော အဝတ်အစား၊ အသုံးအဆောင်ပစ္စည်းတို့ကို လဲလှယ်ဝတ်ဆင်ပေးရသည်။ ထိုသို့ဝတ်ဆင်ပေးလျှင်လည်း ငြိမ်သက်စွာနှင့်ပင် ရှိနေတတ်သည်။ ထိုသို့လဲလှယ်ဝတ်ဆင်ပေးပြီးနောက် ကျောက်တလားတောင် သင်္ချိုင်းသို့ ခေါ်ဆောင်သွားကြလေသည်။

အခြားအရပ်ဒေသများလို သေဆုံးသူအားခေါင်းဖြင့်ထည့်၍ ထမ်းယူခြင်း၊ လှည်းဖြင့်သယ်ယူခြင်းမျိုးတော့ မဟုတ်ပေ။ ဖုတ်ဝင်နေသောအလောင်းက အသက်ရှိနေသောလူတစ်ယောက်ကဲ့သို့ သူ့ဖာသာလမ်းလျှောက်လိုက်လာခြင်းပင် ဖြစ်ပေသည်။

ကမ္ဘာပေါ်တွင် သေဆုံးနေသောအလောင်းတို့ကို သင်္ဂြိုလ်သော ဓလေ့အမျိုးမျိုးရှိကြရာ အများအားဖြင့်တော့ မြေမြှုပ်ခြင်း၊ မီးရှို့ခြင်းနှင့်ရေမျောခြင်း စသောဓလေ့များသာ အများရှိကြသည်။

အချို့ကတော့အလောင်းကို မပျက်စီးအောင် ဆေးအစီအရင်ပြုလုပ်ပြီး ကျောက်တလားများဖြင့် ထားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နှစ်ပေါင်းများစွာကြာသည်အထိ ထိုအလောင်းက မပျက်မစီးဘဲ မူလရုပ်အသွင်အတိုင်း ရှိကြသည်။ အခြားထူးခြားသော အလောင်းသင်္ဂြိုလ်သောနေရာကတော့ တိဗက်ဖြစ်သည်။ တိဗက်၌သစ်ပင်မရှိသောကြောင့် အလောင်းကိုမီးသင်္ဂြိုလ်၍ မရပေ။ ကျောက်သားမြေချည်းဖြစ်သဖြင့် မြေကျင်းတူးမြှုပ်ရန်လည်း မလွယ်ကူပေ။ ထို့ကြောင့် ထိုအလောင်းကို ဖျောက်ဖျက်သောနည်းမှာ တစ်နည်းပင်ရှိသည်။

အခြားမဟုတ်ပေ။ ထိုအလောင်းကို တစ်စစီဖြစ်အောင် ဓားဖြင့်ခုတ်၍ လင်းတစာကျွေးသောနည်း ဖြစ်သည်။ မြေမမြှုပ်၊ မီးမသင်္ဂြိုလ်ရပဲ ခဏချင်းမှာပင် အလောင်းတစ်ခုလုံး အစပျောက်သွားသောနည်း ဖြစ်သည်။ ယခု အင်ဒိုနီးရှားနိုင်ငံမှာတော့ သေဆုံးနေသော အလောင်းကိုထမ်းမယူ၊ လှည်းနှင့်မသယ်ရဘဲ အလောင်းက သူ့ဖာသာလမ်းလျှောက်လိုက်လာစေသောနည်းပင် ဖြစ်လေသည်။

ထိုသို့ခေါ်ဆောင်သွားရာမှာတော့ လိုက်ပို့သူများက အသံမထွက်ရန်။ မငိုရန်၊ တစ်ဦးနှင့်တစ်ဦး စကားမပြောရန်များစွာအရေးကြီးလှသည်။ အကယ်၍ အသံကြားပါက အလောင်းမှာဆက်မလိုက်တော့ဘဲ နေရာ၌ပင် လဲကျသွားသောကြောင့် ဖြစ်သည်။ သို့ကြောင့် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် အသုဘပို့ပေးကြရသည်။

ကျောက်တောင်သို့ရောက်သောအခါ ခေါင်းတလား





ပြုလုပ်ထားလျှင် အလောင်းက ထိုခေါင်းအတွင်းသို့ သူ့ဖာသာဝင်သည်။ ကျောက်တောင်နံရံ၌ ထွင်းဖောက်ထားသော အပေါက်တွင်းသို့ သူ့ဖာသာတက်သွားပြီး ဝင်သည်။ ထိုသို့ဝင်လျှင် အခေါင်းကိုအဖုံးပိတ်ခြင်း၊ အပေါက်ကိုပိတ်လိုက်ပြီးလျှင်တော့ အသုဘချသောကိစ္စ ပြီးဆုံးပြီဖြစ်လေသည်။ ထိုအချိန်ရောက်လျှင်တော့ စကားပြောခြင်း၊ ငိုကြွေးခြင်းများ ပြုလုပ်နိုင်ကြပြီဖြစ်၏။

လူကြီးများသေသောအခါ ထိုကဲ့သို့ သင်္ဂြိုလ်ခြင်းပြုသော်လည်း ကလေးများသေဆုံးလျှင်တော့ ထိုသို့မပြုလုပ်ကြပေ။ တောတွင်း၌ရှိသော ကြီးမားသောသစ်ပင်ကြီးများပင်စည်၌ အလောင်းထည့်သာရုံ ထွင်းဖောက်ကာ ကလေးအလောင်းကို ထိုအဝထဲထည့်ပြီး သစ်သားဖြင့်ပြန်ပိတ်ထားကြသည်။ ရက်လကြာသော် ထိုဖောက်ထွင်းထားသောနေရာမှာ မူလအတိုင်း ကျိုးပေါင်းတက်သွားသောကြောင့် ထွင်းဖောက်ထားသောနေရာကို မမြင်ရတော့ပေ။

၎င်းတို့၏ အယူအဆကတော့ သစ်ပင်ရှင်သန်ခြင်းကဲ့သို့ ထိုကလေး၏ ဝိညာဉ်မှာလည်း ဆက်လက်ရှင်သန်ခွင့်ရမည်ဟု လက်ခံယုံကြည်ကြသည်။ တောတွင်းသို့ဝင်ရောက်ကြသူတို့မှာ တစ်ခါတစ်ရံ သစ်ပင်ကြီးများရှိသောနေရာသို့ ရောက်ကြသည့်အခါ ကလေးငိုသံများ ကြားရတတ်သည်။

ထိုကဲ့သို့ ငိုသံကြားရလျှင်တော့ သစ်ပင်အတွင်း၌



www.burmeseclassic.com

www.burmeseclassic.com

ကလေးအလောင်းထည့်ထားသည်ကို သဘောပေါက်သဖြင့် ထိုနေရာမှ ရှောင်ကွင်းသွားကြလေသည်။

ရှေ့၌ရေးသားဖော်ပြခဲ့သလို ရုပ်ဝေး၌သေဆုံးသွားသူတစ်ယောက်က မိမိနေရပ်သို့ ပြန်ရောက်သည်အထိ သူ့ဖာသာ လမ်းလျှောက်ပြန်လာခြင်းမှာ နည်းလမ်းနှစ်လမ်းရှိသည်။ တစ်လမ်းက သူ့ဖာသာဖုတ်ဝင်ပြီး ပြန်လာခြင်းမျိုးရှိသလို အခြားတစ်နည်းကတော့ စုန်း၊ ကဝေ၊ နတ်ဆရာ၊ မှော်ဆရာတို့က ၎င်းတို့ပညာစွမ်းဖြင့် ဖုတ်သွင်းပြီး နေရပ်ပြန်စေသောနည်းဖြစ်သည်။

ထို့ကြောင့် ယခုထက်တိုင် တန္တရ မန္တရ အယူဝါဒများရှိနေသေးသော အင်ဒိုနီးရှားနိုင်ငံလိုနေရာမျိုးမှာ နတ်ဆရာ၊ မှော်ဆရာ၊ စုန်း၊ ကဝေတို့၏ အခန်းကဏ္ဍကလည်း ရှေ့တန်းမှ ပါဝင်လျက်ရှိကြသည်။ လူသေများကို ဖုတ်သွင်းပေးသော ကိစ္စများအပြင် ယောဂကုခြင်း၊ ပယောဂနှင်ထုတ်ပေးခြင်း၊ စုန်းတိုက် နတ်တိုက်များကာကွယ်ပေးခြင်း၊ သရဲတစ္ဆေတို့ နှောက်ယှက်ခြင်းမှ ကာကွယ်ပေးခြင်းများ ပြုလုပ်ပေးကြရသည်။ ယဇ်ပူဇော်ခြင်းများကို ဦးဆောင်ပြီးပြုလုပ်ပေးကြရသည်။

ထိုအရပ်ဒေသ၌ နေထိုင်ကြသော နတ်ဆရာတို့သည် ပယောဂပညာများသာမက ဗေဒင်ဟောခြင်း၊ နက္ခတ်ကြည့်ရှုခြင်း၊ အကြားအမြင်ဟောခြင်းများကိုလည်း ပြုလုပ်





ပေးကြသည်။ အရေးကြီးသော အကြောင်းကိစ္စများ ရှိတော့မည်ဆိုလျှင် ရွာသူရွာသားများကိုခေါ်ပြီး အသိပေးရသည်။

လေပြင်းမုန်တိုင်းများကျခြင်း၊ ပင်လယ်ဒီရေများတက်ခြင်း၊ မီးတောင်ပေါက်ကွဲတော့မည်ဆိုလျှင် ကြိုတင်အသိပေးရသည်။ ဖြစ်မည့်ရက်၊ အချိန်တို့ကိုပါ ခန့်မှန်းပြီးပြောပြပေးရသည်။

သို့မှသာ ပင်လယ်ကမ်းခြေနှင့်နီးသော၊ မီးတောင်နှင့်နီးသောနေရာများ၌ နေထိုင်ကြသူတို့မှာ ကြိုတင်ရှောင်ရှားနိုင်ကြမည် ဖြစ်ပေသည်။ မီးတောင်နတ်နှင့် ပင်လယ်နတ်တို့ကို ပူဇော်ပေးခြင်းမျိုးကိုလည်း ပြုပ်လုပ်ပေးကြရသည်။

သို့ကြောင့် ထိုအရပ်ဒေသတွင် နတ်ဆရာတို့၏ အခန်းကဏ္ဍများစွာ အရေးပါအရာရောက်ကြလျက်ရှိသည်။


www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၅ )

# နဂါးတစ္ဆေသည်များ

နတ်ဆရာတို့၏အခန်းကဏ္ဍ အရေးပါသောနေရာ၌ နတ်ဆရာတို့အကြောင်းရေးမည်ဆိုလျှင် မော်ဂနီရွာတွင်နေသော နတ်ဆရာကြီး 'ယက္ခရ'အကြောင်းကိုလည်း ရေးသားဖော်ပြရမည် ဖြစ်ပေသည်။

မော်ဂနီရွာမှာ ဟာလမာဟီရာကျွန်းပေါ်၌တည်ရှိပြီး ဝင်လယ်ကမ်းခြေ၌တည်ရှိသော ရွာကြီးတစ်ရွာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သည်။ အနောက်ဘက်တွင် တောနက်ကြီးများရှိပြီး အရှေ့ဘက်မှာတော့ ပင်လယ်ကမ်းခြေကို မေးတင်ပြီးတည်ထားသော ရွာကြီးတစ်ရွာဖြစ်သည်။

အိမ်ခြေပေါင်း ၂၀၀-ကျော်ခန့်ရှိပြီး အများအားဖြင့်တော့ လက်လုပ်လက်စားများကြသည်။ ထိုရွာ၌ နေထိုင်ကြသူ အများစုမှာ စုန်း၊ နတ်ကဝေတို့ကို ယုံကြည်ကိုးကွယ်ကြသူ များလေသည်။ ရွာအနောက်ဘက် သုံးမိုင်ခန့်ကွာသော နေရာမှာတော့ မီးတောင်တစ်လုံးရှိသည်။ အဝေးမှကြည့်လျှင် နဂါးတစ်ကောင် ဦးခေါင်းထောင်ထနေသည်နှင့်တူသောကြောင့် နဂါးမောက်တောင်ဟု ခေါ်ဝေါ်ကြသည်။

ထိုမီးတောင်မှာ ပေ ၄၀၀၀-ကျော်ခန့်မြင့်ပြီး ယခင်ကတော့ မီးသေနေသည့် မီးတောင်တစ်လုံးဖြစ်ပေသည်။ ထိုကဲ့သို့ မီးတောင်ဟောင်းနေရာတစ်ဝိုက်တွင် မြေဩဇာကောင်းလှသောကြောင့် ရွာများတည်ပြီးနေခဲ့ကြရာ ယခုတော့ ထိုမီးတောင်မှာ အသက်ပြန်ဝင်လာလေသည်။

မီးသေတောင်အဖြစ်မှ မီးရှင်တောင်အဖြစ်သို့ ပြောင်းလဲလာဟန်ရှိသော နဂါးမောက်တောင်ထိပ်တွင် ယခင်က မြူများဝေဆိုင်းနေရာမှ ပြီးခဲ့သောလပိုင်းများလောက်ကမှ ထူးခြားမှုတစ်ခု ဖြစ်ပေါ်လာခဲ့သည်။

အခြားတော့မဟုတ်ပေ။ အဖြူရောင် မီးခိုးငွေ့များ အူတက်လာခြင်းကို ဒေသခံများမှ တွေ့ကြရခြင်း ဖြစ်သည်။

ရှင်းတို့နေထိုင်သော ကျွန်းပေါ်၌ပင် မီးတောင်အချို့ရှိရာ အတော်များများကတော့ မီးသေတောင်များဖြစ်ကြလေသည်။

ထိုကျွန်းပေါ်တွင် မီးတောင်ပေါက်ကွဲမှုများရှိခဲ့သော်လည်း . ရှေးယခင်က ဖြစ်ခဲ့သည်။ တောင်မြေများ၌ ရွာများတည်ပြီး အခြေချနေထိုင်ခဲ့ကြပြီး နောက်ပိုင်းမှာတော့ ထိုကဲ့သို့ မီးတောင်ပေါက်ကွဲမှုနှင့် မကြုံကြိုက်ခဲ့ကြသေးပေ။ နှစ်အတော်ကြာခဲ့ပြီဖြစ်သည်။

သို့သော် မီးတောင်ပေါက်ကွဲလျှင် မည်ကဲ့သို့သော အန္တရာယ်များနှင့် ကြုံတွေ့ရသည်ကို လူကြီးသူမများ၊ အတွေ့အကြုံရှိသူများက ပြောပြကြသဖြင့် အားလုံးသိနေကြသည်။ ဗော်ဂနီရွာတွင် အကြားအမြင်ရပြီး သိဒ္ဓိရှိသော နတ်ဆရာကြီး 'ယက္ခရ'ရှိသဖြင့်လည်း ထိုကိစ္စကို သူကဖြေရှင်းပေးနိုင်မည်ဟု ယုံကြည်အားကိုးနေကြသည်။

တစ်နေ့တော့ ရွာလူကြီး ဆူရာဂျာက ရွာသူရွာသားများအားခေါ်ပြီး သတိပေးသည်။

"နဂါးမောက်တောင်ထိပ်က မီးခိုးဖြူတွေထွက်နေတာ သတိပြုမိကြတယ် မဟုတ်လား"

ထိုသို့မေးတော့ ခေါင်းညိတ်ပြကြသည်။

"ဒါဟာ မီးတောင်ပေါက်ကွဲလာနိုင်တဲ့ လက္ခဏာရပ်မျိုးပဲ"

"နဂါးမောက်တောင်က မီးသေတောင်မဟုတ်လား"





www.burmeseclassic.com

www.burmeseclassic.com

"မီးတောင်တွေရဲ့သဘောက.. မီးရှို့တဲ့တောင်က လည်း သေချင်သေသွားတတ်သလို၊ မီးသေနေတဲ့ တောင်က လည်း နှစ်ပေါင်းများစွာကြာမှ ပြန်ရှင်ချင်ရှင်လာနိုင်တာမျိုးပဲ"

*မီးတောင်ရှိသောနေရာများ၏ မြေအောက်တွင် မီး*တောက်မီးလျှံဖြင့် ရွေ့ရှားနေသော ချော်ရည်ပူများရှိရာ မီးတောင်ဟောင်းများမှ ရုတ်တရက်ပန်းထွက်လာခြင်း၊ ပေါက်ကွဲထွက်လာခြင်းမျိုး ရှိတတ်သည်ကိုတော့ ရွာသားများက မသိကြပေ။

"ဘာကြောင့် ဒီလိုဖြစ်တာလဲ"

"မီးတောင်နတ်တွေ မကျေနပ်ရင်လည်းအခုလို ဖြစ်တတ်တယ်၊ ဒါမှမဟုတ် နဂါးတွေစိတ်ဆိုးရင်လည်း အခုလို မီးတွေနဲ့မှုတ်ပြီး မီးတောင်ပေါက်ကွဲအောင် လုပ်တတ်တယ်"

အသက်အရွယ်ကြီးသော လူတစ်ယောက်က ပြောရာ ရွာသားများက ထိုအယူအဆကို လက်ခံကြသည်။

"တကယ်လို့ ဒီမီးတောင်ကြီး ပေါက်ကွဲရင် ဘယ်လို ဖြစ်မလဲ"

"မီးတောင်ပေါက်လို့ ချော်ရေတွေ စီးဆင်းလာရင် တောင်ခြေမှာနေကြတဲ့ လူတွေအားလုံးသေမယ်၊ ငါတို့စိုက် ထားတဲ့ တောင်ယာစိုက်ခင်းတွေ လယ်တွေပျက်စီးမယ်၊ ကျွဲ နွား တိရစ္ဆာန်တွေ သေကြေကြလိမ့်မယ်"

ထိုစကားကြားတော့ စိတ်ညစ်သွားကြသည်။ ထို...





ရာတစ်ဝိုက်မှာ မီးတောင်ဟောင်းနေရာဖြစ်သဖြင့် မြေသြဇာ ကောင်းသောကြောင့် စိုက်ပျိုးရတာ ဖြစ်ထွန်းသည်။ ပင်လယ် ကမ်းခြေကို မေးတင်ထားသောကြောင့် ငါးပုဇွန် ရှာဖွေ၍ရ သည်။ ပုလဲရသော ကမာကောင်များ အလွယ်တကူရှာဖွေရ နိုင်သည်။ ထို့ပြင် မီးတောင်ဟောင်းရှိသော နေရာတစ်ဝိုက် တွင် တစ်ခါတစ်ရံ ရွှေတုံးရွှေခဲများ ကျောက်မျက်ရတနာများ ရှာဖွေရရှိကြသည်။

သစ်တောကြီးကို ကျောထောက်နောက်ခံပြုထား သောကြောင့် သစ်တောထဲမှ သယံဇာတများ ရှာဖွေရရှိနိုင် သည်။ ထိုသစ်တောကြီးတစ်နေရာတွင် ကျောက်တောင်ကြီး များရှိသည်။ ထိုကျောက်တောင်ကြီးများကို သချိုင်းအဖြစ် အသုံးပြုထားကြသည်။ ကျောက်တောင်နံရံများ၌ အခေါင်း ပေါက်များ ထွင်းဖောက်၍ ဖုတ်ဝင်နေသော အလောင်းများ ထည့်ထားသည်။

ထိုနေရာတစ်ဝိုက်တွင် ကျောက်ဂူပေါက်ကြီးများရှိ သည်။ ထိုဂူပေါက်များအတွင်း၌ ပျားအုံများရှိသဖြင့် ပျားရည် ရသည်။ ဇီဝဖိုးငှက်များ လာရောက်နေကြသဖြင့် ငှက်သိုက် များရသည်။ သို့ကြောင့် နဂါးမောက်တောင်ရှိသော နေရာ တစ်ဝိုက်မှာ သူတို့အတွက်တော့ ရိက္ခာပြည့်စုံစေသော ရွှေမြေ နက်သန်နေရာမှန်ပင် ဖြစ်သည်။

ထိုနေရာတစ်ဝိုက်တွင် အခြေချနေထိုင်ခဲ့ကြသည်မှာ


www.burmeseclassic.com

www.burmeseclassic.com



လည်း သားစဉ်မြေးဆက် နှစ်ပေါင်းအတော်ကြာခဲ့ကြပြီ ဖြစ်ကြလေသည်။ ထို့ကြောင့် အခြားနေရာသို့ မရွှေ့ပြောင်းလိုကြပေ၊ မရွှေ့ပြောင်းချင်ကြပေ။ အခြားနေရာများ ရွှေ့ပြောင်းပြန်လျှင်လည်း ယခုကဲ့သို့ အဆင်ပြေအချောကျဖို့ မလွယ်ကူကြကြောင်း သိသဖြင့် ထိုနေရာမှ မခွာချင်ကြပေ။

"မီးတောင်ဆိုတာ ပေါက်ချင်မှပေါက်တာမျိုးပဲ၊ အခုလို မီးခိုးထွက်နေပြီးမှ အငွေ့ပြန်သေသွားတာမျိုးလည်း ရှိတတ်တာပဲ"

ရွာသားအချို့က ထိုကဲ့သို့သော အကြောင်းပြချက်မျိုးပေးသည်။

"ဒါဖြင့် ဘယ်လိုလုပ်မှာလဲ၊ ဒီနေရာမှာပဲ ဆက်နေကြမယ်မဟုတ်လား"

"ငါတို့သဘောနဲ့နေလို့တော့ မသင့်ဘူး၊ နတ်ဆရာကြီးကို အကျိုးအကြောင်းပြောပြပြီး၊ သူစီစဉ်တာကို လက်ခံရင် ပိုပြီးကောင်းမယ်ထင်တယ်"

ရွာလူကြီး ဆူရာဂျာစကားကိုတော့ မပယ်ရှားဝံ့ကြပေ။ အဘယ်ကြောင့်ဆိုသော် နတ်ဆရာကြီးယက္ခရကို ကြောက်ရွံ့ကြသောကြောင့် ဖြစ်သည်။ သို့ဖြင့် ညဦးပိုင်းအချိန်ရောက်သော အချိန်မှာတော့ ရွာလူကြီးက ဦးဆောင်ပြီး ရွာသားအချို့နှင့်အတူ နတ်ဆရာနေသော အိမ်သို့သွားကြလေသည်။





နတ်ဆရာနေသောအိမ်မှာ ရွာအစွန်ဘက်တောင်ကုန်းတစ်ခုပေါ်တွင် တည်ဆောက်ထားသည်။ ကျယ်ဝန်းလှသော မြေစိုက်အိမ်ကြီးဖြစ်ပြီး တောင်ကုန်းရှိသောနေရာမှ ကြည့်လျှင် ပင်လယ်ပြင်ကို ကောင်းစွာမြင်ရသလို နဂါးမောက်တောင်ကိုလည်း လှမ်းမြင်ရသည်။ ထိုအိမ်ကြီးမှာတော့ နတ်ဆရာယက္ခရနှင့် မိသားစုများနေကြသည်။

နတ်ဆရာယက္ခရက အသက်ငါးဆယ်ကျော်ခန့်ရှိပြီး ဥပဓိရုပ်ကြမ်းသူဖြစ်သည်။ ၎င်းသည် တရားဝင်ယူထားသော မိန်းမအပြင် တရားမဝင်ယူထားသော မိန်းမအချို့လည်း ရှိသေးသည်။

နှစ်ပေါင်း ၄၀၀-ကျော်လောက်ကတည်းက မူစလင်ဘာသာဝင် အာရပ်ကုန်သည်များရောက်လာပြီး မလက္ကာရေလက်ကြားတစ်ဝိုက်တွင် အခြေချနေထိုင်ပြီး ဒေသခံမိန်းမများကို ယူကြသည်။ ယောက်ျားတစ်ဦးလျှင် မယားအများအပြားယူသောဓလေ့ကို ကျင့်သုံးကြသည်။

နတ်ဆရာယက္ခရသည် အာရပ်မျိုးနွယ်ဝင်တစ်ဦး ဖြစ်သောကြောင့် မိန်းမအတော်များများ ယူထားသော်လည်း ညီသည့်ပြဿနာမှ မရှိခဲ့ပေ။ ထိုမိန်းမတို့မှမွေးသော သားသမီးများလည်း ရှိကြသည်။ ထိုအထဲတွင် မင်ဂူရီလည်းအပါအဝင် ဖြစ်သည်။ သို့သော် မစ်ဂျူရီဟုမခေါ်ပဲ 'မင်ဂူရီ'ဟုသာ ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းဖူရီက အသက် ၂၃-နှစ်ဝန်းကျင် အရွယ်ခန့်ရှိပြီး အာရပ်သွေးပါသူဖြစ်သဖြင့် မျက်လုံး၊ မျက်ခုံးကောင်းကောင်းနှင့် လှပချောမောသူတစ်ဦး ဖြစ်သည်။ သူမက ရိုးရာဂီတတီးခတ်ခြင်းနှင့် အကပညာကျွမ်းကျင်သူ ဖြစ်သည်။ အထူးသဖြင့် ၎င်းတို့အရပ်ဒေသတွင် လူကြိုက်များသော နဂါးအက ကပြရာတွင် သူမတူအောင် ပျော့ပျောင်းလှသူဖြစ်သောကြောင့် လူကြိုက်များကြသည်။

သူမကိုလည်း 'နဂါးကချေသည်'ဟု အမည်ပေးထားကြသည်။ မင်းဖူရီ၏ နဂါးအက ဂုဏ်သတင်းကြောင့်သော်လည်းကောင်း၊ ချောမောလှပသော ဂုဏ်သတင်းကြောင့်သော်လည်းကောင်း၊ နတ်ဆရာယက္ခရ၏ ဂုဏ်သတင်းပါ ကျော်ကြားပျံ့နှံ့ပြီး လူသိများလေသည်။

တစ်ခါတစ်ရံ ယာကားတားမြို့၊ ဆူရာဗာယာမြို့ကဲ့သို့ မြို့ကြီးများမှ အရှာရှိ အရာခံ ဧည့်သည်များလာရောက်သည့်အခါ မင်းဖူရီကခေါင်းဆောင်ပြီး အမျိုးသား အမျိုးသမီးများနှင့်အတူ နဂါးအကဖြင့် ကပြဖြေဖျော်ပေးရသည်။

သို့ကြောင့် သူမ၏ ချောမောလှပသော ဂုဏ်သတင်းနှင့် နဂါးအကများ အကြောင်းများက ရွာများ၌သာမက မြို့ကြီးများအထိပါ ပျံ့နှံ့ရောက်ခဲ့ခြင်း ဖြစ်ပေသည်။

ယခုအခါမှာတော့ ရွာလူကြီးကိုယ်တိုင်ရောက်လာသဖြင့် နတ်ဆရာကိုယ်တိုင် ဧည့်ခံလေသည်။



"ဘယ်လိုအကြောင်းကိစ္စရှိလို့လဲ"

"အနောက်ဘက်မှာရှိတဲ့ နဂါးမောက်တောင်မှာ မီးခိုးဖြူတွေ အူတက်နေတာတွေ့ရတယ်၊ ဘယ်လိုအခြေအနေများ ရှိပါသလဲ"

"နဂါးမောက်တောင်ဆိုတာ တခြားမဟုတ်ဘူး၊ မြေအောက်မှာရှိတဲ့ နဂါးတိုင်းပြည်နဲ့ ဆက်စပ်နေတဲ့နေရာတစ်ခုပဲ ပြောရရင်တော့ နဂါးတွေနဲ့သက်ဆိုင်တဲ့ ပိုက်နက်တစ်ခုပဲ"

"ဘာကြောင့် ဒီလိုဖြစ်လာတာလဲ"

"ခင်ဗျားတို့ သဘောပေါက်အောင်ပြောရရင်တော့ နဂါးတွေ မကျေနပ်မှုတွေရှိနေလို့ အခုလို အခိုးအငွေ့တွေ ထုတ်ပြနေတာဖြစ်တယ် "

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"

"နဂါးတွေကျေနပ်အောင် ပူဇော်ပသပေးရမယ်၊ နဂါးအကတွေနဲ့ ဖြေဖျော်ပေးရမယ်"

"ဒါတွေကိုတော့ နတ်ဆရာကပဲ ဆောင်ရွက်ပေးပါ၊ ကျွန်တော်တို့ရွာသူရွာသားတွေက လိုတာတွေလုပ်ပေးပါမယ်"

"ကျုပ်လည်း အဓိဋ္ဌာန်ဝင်ကြည့်ပါဦးမယ်၊ တကယ်လို့သာ အဓိဋ္ဌာန်ဝင်လို့မပေါ်ရင် မီးနဲ့သက်ဆိုင်တဲ့ကိစ္စဖြစ်နေရင်တော့ မီးထဲဆင်းရမယ်၊ ချော်ရည်ပူတွေနဲ့ သက်ဆိုင်တော့ ထဲဆင်းပြီး အဓိဋ္ဌာန်ဝင်ပြီး ကြည့်ရမယ်"

ထိုစကားကြားတော့ ရွာသူရွာသားများက နတ်

www.burmeseclassic.com

www.burmeseclassic.com



ဆရာအပေါ် များစွာအထင်ကြီးသွားကြလေသည်။ နောက်ရက်မှာတော့ နတ်ဆရာက ဦးဆောင်ပြီး နဂါးပူဇော်ပွဲကျင်းပရန် ပြင်ဆင်ထားသော တဲကြီးအတွင်းသို့ အစားအသောက်နှင့် ကန်တော့ပွဲများ ပို့ပေးကြရသည်။

ကန်တော့ပွဲများတွင် အုန်းသီး၊ ငှက်ပျော်သီးများအပြင် နဂါးများကြိုက်နှစ်သက်သည့် အစားအသောက်များပါထည့်ယူကြရသည်။ နွားနို့၊ ပေါက်ပေါက်၊ မုန့်အမျိုးမျိုး၊ အသားဟင်း၊ ငါးဟင်းများပါ တတ်နိုင်သလောက် ယူလာကြသည်။ ညအချိန် ရောက်တော့ ကျောက်ဖြင့်ပြုလုပ်ထားသော နဂါးရုပ်တုကြီးရှိသောနေရာရှေ့တွင် ဆိတ်တစ်ကောင်ကို သတ်ဖြတ်ပြီး ၊ ယဇ်ပူဇော်သည်။

ဆိတ်ကိုသတ်ပြီး သွေးကို ကြေးဖလားဖြင့်ခံယူကာ နဂါးရုပ်တုပေါ်သို့လောင်းချခြင်း၊ ကန်တော့ပွဲများဖြင့်ပူဇော်ခြင်း၊ ယူဆောင်လာသော အစားအသောက်များဖြင့် ပူဇော်ခြင်းများ ပြုလုပ်ကြသည်။

အတော်များများကတော့ နွားနို့များဖြင့် နဂါးရုပ်တုပေါ်သို့ လောင်းချကာ ပူဇော်မှုပြုပြီး ဆုတောင်းခြင်းများ ပြုလုပ်ကြသည်။ နဂါးရုပ်ကို ထုလုပ်ထားသည်မှာ အတော်ပင်လက်ရာမြောက်လှသည်။ ကျောက်စိမ်းသားကဲ့သို့ အစိမ်းပုတ်ရောင် ဖြစ်နေသည့် ကျောက်သားဖြင့် ထုလုပ်ထားပြီး မျက်လုံးနှစ်လုံးကိုတော့ နီရဲနေသော ကျောက်နှစ်လုံး တပ်



ဆင်ထားသည်။

ပုံသဏ္ဌာန်မှာ ခွေလျက် ဦးခေါင်းထောင်နေသည့်ပုံမျိုးဖြစ်၏။ သွေးများဖြင့်သော်လည်းကောင်း၊ နို့ရေများဖြင့်သော်လည်းကောင်း ဦးခေါင်းပေါ်မှ လောင်းချတော့ အခွေများပေါ်သို့ တစ်ရစ်ချင်းစီးသွားပြီးနောက်မှ အောက်သို့စီးဆင်းသွားရန် စီစဉ်ပြုလုပ်ထားသည်။

ညဦးပိုင်းရောက်တော့ နဂါးများကို ပူဇော်သည့် နဂါးကပွဲရှိသောကြောင့် မော်ဂနီရွာမှာနေထိုင်ကြသူများ လာရောက်ကြသည်။ ကလေးလူကြီး၊ ယောက်ျားမိန်းမတို့ကသစ်လွင်သော အဝတ်အစားများ ဝတ်ဆင်ပြီးလာကြသည်။ ရွာထဲမှာရှိသော ချောမောလှပသော မိန်းမပျိုများလည်း လာကြသည်။

၎င်းတို့မှာ နဂါးကပွဲတွင် နဂါးအကဖြင့် ကပြရန်လာရောက်ကြရခြင်းဖြစ်သည်။ နတ်ဆရာ ယက္ခရကတော့ ရှိုးရာဝတ်စုံများ ဝတ်ဆင်ပြီးနောက် လိုအပ်သည်များ စီစဉ်ပေးသည်။ နဂါးရုပ်တုအား တိရစ္ဆာန်သွေးများဖြင့် ပူဇော်သောကိစ္စကိုတော့ သူကိုယ်တိုင်ပြုလုပ်ပေးသည်။

ရွာသားများစုပေါင်း၍ ယဇ်ပူဇော်ရန် ယူဆောင်လာပေးသော တိရစ္ဆာန်မှာ ဆိတ်ဖြစ်သော်လည်း အချို့က အိမ်၌မွေးထားသော ကြက်၊ ဘဲ များယူလာပြီး သတ်ဖြတ်ပူဇော်စေသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပူဇော်ပြီး မီးတောင်အန္တရာယ်မှ လွတ်ကင်းစေရန်၊ အခြားအန္တရာယ်များမှ ကင်းဝေးစေရန်၊ ငါးပုဇွန် အမဲသားငါးများ ရစေရန် ဆုတောင်းခြင်းပြုကြသည်။

နဂါးရုပ်တုရှိသောနေရာတွင် ဆီမီးခွက်များ ထွန်းထားသောကြောင့် နဂါးမျက်လုံးတွင် တပ်ဆင်ထားသော အနီရောင်ကျောက်များမှ အရောက်လက်နေသည်။ နဂါးခံတွင်းတွင် တောတွင်းမှ ယူဆောင်လာသော သစ်မွှေးသားများကို မီးရှို့ပြီး ထည့်ထားသောကြောင့် အခိုးအငွေ့များ တလူလူထွက်နေသကဲ့သို့ သင်းပျံ့သောရနံ့များကလည်း ပတ်ဝန်းကျင်၌ ပျံ့နှံ့လျက်ရှိသည်။

ထိုရနံ့များကြောင့်ပင် ထိုပွဲသို့လာရောက်ကြသူတို့၏ စိတ်မှာ တက်ကြွပျော်ရွှင်နေကြသည်။ အခြားကိစ္စများ၊ မီးတောင်နှင့်ပတ်သက်သော ဘေးအန္တရာယ်များကို မေ့လျော့နေကြလေသည်။ ညဦးပိုင်းအချိန်ရောက်တော့ မဏ္ဍပ်ကြီးအတွင်းမှာ အောက်လင်းဓာတ်မီးများထွန်းကာ ချိတ်ဆွဲကြသည်။

အောက်လင်းဓာတ်မီးများ ထွန်းလိုက်သောအခါ မဏ္ဍပ်ကြီးအတွင်းမှာ အလင်းရောင်များရလာလေသည်။ နဂါးပူဇော်ပွဲသို့ လာရောက်ကြသူများကတော့ အခြားလုပ်ကိုင်နေသော ကိစ္စများလက်စသပ်ကာ မဏ္ဍပ်ကြီးအတွင်းသို့ ဝင်ရောက်ကာ နေရာယူကြသည်။



ဗမာနိုင်ငံ၏ ကျေးလက်တောရွာများတွင် အလှူအတန်းပြုလုပ်သည့်အခါ ဆိုင်းပွဲ၊ အငြိမ့်ပွဲ၊ ဇာတ်ပွဲများထည့်သွင်းလေ့ရှိရာ ပွဲစကာနီးသောအခါ မဏ္ဍပ်တွင်းသို့ ဝင်ရောက်နေရာယူကြသည့်ပုံမျိုးဖြစ်သည်။

နဂါးရုပ်ကြီးရှေ့၌ ကွက်လပ်ကျယ်ကြီးတစ်ခုရှိသည်။ ဖမတ်များကာရံထားသဖြင့် မသက်ဆိုင်သူများ မဝင်ရသော နတ်ရုပ်များကိုလည်း ထိုနေရာတစ်ဝိုက်တွင် စင်မြင့်ဖြင့်တင်ထားသည်။ ရှေ့တွင် ကန်တော့ပွဲနှင့် သက်ဆိုင်ရာ စားသောက်ပွဲများ တင်ထားသည်။ ဆီမီးခွက်နှင့် အမွှေးတိုင်များ ထွန်းထားသည်။

ထိုရှေ့ဘက်မှာတော့ နှီးကျောဖျာများအပြည့်ခင်းထားပြီး တောင်ဘက်မှာတော့ တီးဝိုင်းအဖွဲ့ရှိသည်။ တီးဝိုင်းရှိသောနေရာတွင် အောက်လင်းဓာတ်မီးတစ်လုံး ထွန်းပေးထားသည်။ တီးဝိုင်းမှ တူရိယာများဖြင့် ရိုးရာတီးလုံးများ တီးခတ်ပေးနေပြီ ဖြစ်၏။

နတ်ဆရာနှင့်မိသားစုများ၊ ရွာလူကြီးနှင့်မိသားစုများကတော့ တီးဝိုင်းရှိသောနေရာနှင့် မနီးမဝေးမှာရှိသည့် သီးသန့်ပြုလုပ်ပေးထားသော နေရာမှပွဲကြည့်ကြသည်။ သတ်မှတ်ထားသည့်အချိန် ရောက်သောအခါမှာတော့ မင်ဖွင့်ပြီး ဆင်သော နဂါးကချေသည်များ ထွက်လာကြသည်။

နဂါးဦးခေါင်းသဏ္ဌာန် ခေါင်းဆောင်းများ ဆောင်း

www.burmeseclassic.com

www.burmeseclassic.com



ထားကြပြီး အစိမ်းရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသည်။ အားလုံး အသက်(၂၀)နှင့် ဝန်းကျင်အရွယ်များသာ ရှိကြသေးပြီး ချောမောလှပသူများ ဖြစ်ကြသည်။

ကချေသည်အဖွဲ့ကို မင်ဇူရီကပင် ဦးဆောင်ပြီးကသည်။ သူမသည် နဂါးအကကို ကောင်းစွာကျွမ်းကျင်ပိုင်နိုင်စွာ ကတတ်သူဖြစ်သည်။

နဂါးတစ်ကောင်ကဲ့သို့ မြေ၌ လူးလိမ့်ကသောအခါ ကြည့်ရသူများက တကယ့်နဂါးတစ်ကောင်လူးနေသကဲ့သို့ပင် ထင်ရသည်။ ထိုအခိုက်မှာပင် ရွာအနောက်ဘက်မှာရှိသော ရေကန်နှင့်ရေအိုင်များ၌ရှိသော ရေများမှ အခိုးအငွေ့များ ထွက်လာသည်။ အတန်ကြာတော့ ရေခွေးဆူပွက်သကဲ့သို့ ဆူပွက်လာသည်။ ထိုအခြေအနေကိုတော့ ကပွဲရောက်နေသူများက သတိမပြုကြပေ။ နောက်တော့ အနောက်ဘက်တောထဲတွင် အိပ်တန်းတက်နေကြသော ငှက်ပေါင်းစုံတို့မှာ ဆူဆူညံညံ အော်ဟစ်ကာ ပျံသန်းနေကြသည်။

ထိုအသံကိုလည်း ဆိုင်းသံက ဖုံးနေသဖြင့် မကြားကြရပေ။ နောက်တော့ မြေလျှင်လှုပ်လာသည်။ အတန်အသင့် အင်အားရှိသော မြေလျှင်လှုပ်တော့မှ ပွဲကြည့်သူများ သိကြသည်။ မြေလျှင်လှုပ်မှန်းသိတော့ ဆိုင်းသံလည်း ရပ်သွားသည်။ ကနေသူများလည်း ရပ်တန့်သွားသည်။

"မြေလျှင်လှုပ်တယ်၊ မြေလျှင်လှုပ်တယ်"



အချို့က အလန့်တကြား အော်ပြောသည်။ လျှင်လှုပ်သဖြင့် မဏ္ဍာပ်ကြီးမှာလှုပ်ယမ်းနေသည်။ အပေါ်မှာ ချိတ်ထားသော အောက်လင်းဓာတ်မီးများလည်း ယိမ်းထိုးနေသည်။ စင်ပေါ်မှာတင်ထားသော နတ်ရုပ်များလည်း အသက်ဝင်နေသကဲ့သို့ဖြစ်ကာ လှုပ်ယမ်းနေကြသည်။ ပွဲကြည့်နေသူများမှာ ထိုအခြေအနေမြင်သဖြင့် ထိုင်ရမလို ထရမလို ဖြစ်နေကြသည်။

ထိုအခါ နတ်ဆရာကြီး ယက္ခရက ထိုင်နေရာမှထ၍ အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

"ဘာမှမကြောက်နဲ့. မစိုးရိမ်ကြနဲ့၊ ဒီလိုဖြစ်တာ တခြားကြောင့်မဟုတ်ဘူး၊ ပူဇော်ပွဲကို နဂါးပြည်က နဂါးတွေ လာရောက်ကြလို့ အခုလိုဖြစ်တာပဲ၊ မကြာခင်ပြန်ငြိမ်သွားလိမ့်မယ် "

ထိုသို့ပြောဆိုသော်လည်း လျှင်လှုပ်ယမ်းနေမှုများမှာ အတော်ကြာသည်အထိ ဆက်ဖြစ်နေပြီးမှ တဖြည်းဖြည်းနှင့် ပြန်ငြိမ်သွားသည်။ မဏ္ဍာပ်ကြီးငြိမ်သွားတော့ လှုပ်ယမ်းနေသော အောက်လင်းဓာတ်မီးများလည်း ငြိမ်သွားသည်။ စင်ပေါ်မှ နတ်ရုပ်များလည်း ပြန်ငြိမ်သွားသည်။

တောထဲမှပျံသန်းနေသော ငှက်သံများလည်း ငြိမ်သက်သွားသည်။ ရေကန်ရေအိုင်အတွင်း၌ရှိသော ရေများမှာလည်း စောစောက အငွေ့တထောင်းထောင်းထကာ

www.burmeseclassic.com

www.burmeseclassic.com



ဆူပွက်နေရာမှ တဖြည်းဖြည်းနှင့် မူလအခြေအနေအတိုင်း ပြန်ဖြစ်သွားလေသည်။ ထိုအခါ ဆိုင်းကဆက်တီးပြီး နဂါးကချေသည်များက ဆက်လက်ကပြလေသည်။

ရွာသားများကတော့ နတ်ဆရာ၏ပြောစကား မှန်သဖြင့် များစွာအထင်ကြီးလေးစားမှု ဖြစ်ကြသည်။







# အခန်း ( ၆ )

# ကျောက်တလားတောင်မှ ထူးဆန်းသောအကြောင်း

ရှေ့၌ နဂါးမောက်တောင်အကြောင်း သင့်သလောက် ရေးသားဖော်ပြပေးခဲ့ပြီး ဖြစ်ပေသည်။ နဂါးဦးခေါင်းနှင့် ပုံသဏ္ဍာန်တူသဖြင့် ထိုတောင်ကို နဂါးမောက်တောင်ဟုပင် အလွယ်တကူ အမည်ပေးပြီး ခေါ်ဝေါ်ကြရာမှ ကာလကြာသော် ထိုအမည်တွင် နေခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



နဂါးမောက်တောင်မှာ ပေ-၄၀၀၀ ကျော်ခန့်မြင့်ပြီး မီးတောင်ဟောင်းတစ်လုံးလည်း ဖြစ်သည်။ ရှေးအခါက တစ်ကြိမ်သို့မဟုတ် နှစ်ကြိမ်လောက်အထိ ပေါက်ကွဲခဲ့ဖူးလေသည်။ နောက်တော့ မီးသေတောင်အဖြစ် ပြောင်းလဲကာ ငြိမ်သက်နေခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီးဖြစ်၏။ ပြောရလျှင်တော့ မျိုးဆက်နှစ်ဆက်၊ သုံးဆက်လောက်အထိ မထူးခြားဘဲ ရှိခဲ့လေသည်။

လူကြီးများပြောပြချက်အရ ရှေးအခါက ထိုတောင်နှင့် နီးသောနေရာတွင် ကာတနဂရ မင်းဆက်များ အုပ်စိုးခဲ့သော မြို့ဟောင်းတစ်ခုရှိခဲ့ဖူးသည်။ နဂရမင်းဆက်မှာ နဂါးမျိုးနွယ်များ ဖြစ်သည်ဟုလည်း အဆိုရှိသည်။ ၎င်းတို့တိုင်းပြည်မှာ ရွှေ၊ ငွေ၊ ကျောက်မျက်ရတနာများ ချမ်းသာကြွယ်ဝကြသည်။

အရည်အသွေးကောင်းသော ပတ္တမြားနှင့်စိန် အများအပြားထွက်သောနေရာဖြစ်ရာ ဘုရင့်ဘဏ္ဍာတိုက်အတွင်းတွင် ကျောက်မျက်ရတနာမျိုးစုံတို့ မြောက်များစွာရှိသည်ဟု ပြောပြကြသည်။ နောက်တော့ မီးတောင်ပေါက်ကွဲမှုကြောင့် နာဂရမြို့မှာ ချော်ရည်ပူများအောက်သို့ နစ်မြုပ်ပျောက်ကွယ်သွားခဲ့လေသည်။

ထိုမြို့ဟောင်းကြီးချော်ရည်ပူများအောက်သို့ ရောက်သွားခဲ့သော်လည်း တောင်ခြေတစ်ဝိုက်မှာတော့ ထူးခြားဆန်း





ကြွယ်မှုများကတော့ ကျန်ခဲ့လေသည်။ မီးတောင်ပေါက်ကွဲပြီး မီးသေတောင်အဖြစ် ရောက်ရှိခဲ့ပြီး နှစ်အတော်ကြာသောအခါ တောင်ခြေပတ်ဝန်းကျင်တစ်ဝိုက်တွင် ကျေးရွာများထူထောင်ကာ လာရောက်နေထိုင်ကြသည်။

ကာလကြာတော့ တဖြည်းဖြည်းလူဦးရေများပြားလာခဲ့ပြီး တိုရာဂျာရွာ၊ သုဝဏ္ဏရွာ၊ ဟော်ဂနီရွာ၊ ဆူကရာရွာစသော ရွာများမှာ လူဦးရေများသော ရွာကြီးများဖြစ်လာကြသည်။ နီမောင်တို့နေသောနေရာမှာ သုဝဏ္ဏရွာဖြစ်သည်။ သုဝဏ္ဏရွာမှာ နဂါးမောက်တောင်နှင့် ပင်လယ်ကမ်းခြေကြား၌ တည်ရှိလေသည်။ အိမ်ခြေတစ်ရာကျော်ခန့်ရှိပြီး ရွာလူကြီးအုပ်ချုပ်သော ရွာဖြစ်သည်။

ထိုရွာကို အုပ်ချုပ်သောရွာလူကြီးမှာ 'ဇမုန်းထန်'ဖြစ်သည်။ ဇမုန်းထန်က မြန်မာနိုင်ငံဘက်မှကူးလာပြီး လာရောက်နေထိုင်သူဖြစ်သောကြောင့် ၎င်းရှိသောရွာမှာ မြန်မာနိုင်ငံဘက်မှ လာရောက်နေထိုင်ကာ လုပ်ကိုင်စားသောက်နေကြသူများ ရှိလေသည်။ ထိုအထဲတွင် နီမောင်တို့မိသားစုလည်း အပါအဝင် ဖြစ်ပေသည်။

နီမောင်က အသက်-၂၅နှစ် အရွယ်ခန့်ရှိပြီး ကြံ့ခိုင်သော လူရွယ်တစ်ဦးဖြစ်သည်။ တောအကြောင်း၊ တောင်အကြောင်း၊ ပင်လယ်အကြောင်းများကို ကျွမ်းကျင်နှံ့စပ်သူ ဖြစ်သောကြောင့် ထိုအရပ်ဒေသမှာ ၎င်းအတွက်များစွာ အ



www.burmeseclassic.com

www.burmeseclassic.com



ဆင်ပြေသော နေရာဖြစ်ခဲ့သည်။ လှေတစ်စင်းဖြင့် ငါးဖမ်းထွက်သည်။ တောတွင်းဝင်ပြီး အမဲလိုက်သည်။ တန်ဖိုးရှိပြီးဈေးကောင်းရသော သစ်မွှေးအပါအဝင် အခြားပစ္စည်းများရှာဖွေရောင်းချခြင်းဖြင့် မိသားစုနည်းသော ၎င်းတို့အတွက်တော့ အဆင်ပြေသောနေရာမျိုး ဖြစ်သည်။

မိသားစုကတော့ များများမရှိပေ။ ဖခင်ဦးဘရှိန်၊ မိခင်ဒေါ်ကျင်မေနှင့် ညီမဖြစ်သူ နှင်းမေတို့သုံးယောက်ရှိသည်။ နီမောင်အပါအဝင် လေးယောက်သာရှိသဖြင့် နီမောင်ရှာဖွေပေးသော ငွေနှင့်ပင် လုံလောက်မှုရှိလေသည်။ ထိုအရပ်တွင် နေထိုင်ကြသူများမှာ နဂါးမောက်တောင်ခြေတစ်ဝိုက်တွင် စိုက်ပျိုးလုပ်ကိုင်ကြခြင်းသာမကဘဲ အခြားသောလုပ်ငန်းတစ်ခုလည်း ရှိပေသေးသည်။

တောင်ခြေနှင့်နီးသော နေရာတစ်ဝိုက်သို့သွား၍ကျောက်မျက်ရတနာရှာဖွေသော အလုပ်ဖြစ်သည်။ သို့သော်ထိုအလုပ်က မသေချာပေ။ ကံကောင်းသူများက တန်ဖိုးရှိသော ပတ္တမြားကဲ့သို့သော ကျောက်များရပြီး နေ့ချင်းညချင်းကြီးပွားချမ်းသာသွားကြသလို ကံမကောင်းလျှင်တော့ ကျောက်တစ်လုံးမှမရဘဲ ပြန်ခဲ့ရသည်မျိုးလည်းရှိသည်။

ထိုကျောက်မျက်ရတနာများမှာ မီးတောင်ပေါက်တဲ့စဉ်က ပါလာသည်ဟုလည်း ပြောကြသည်။ မြို့ဟောင်းကြီးချော်ရည်ပူများအောက်သို့ ရောက်သွားစဉ်က ကျန်ခဲ့သည်ဟု





လည်း ထင်ကြေးပေးပြီး ပြောသူပြောကြသည်။ မည်သို့ပင်ဆိုစေ နဂါးမောက်တောင်ခြေ တစ်ဝိုက်တွင် ကံကောင်းလျှင်တော့ ပတ္တမြားစသော ရတနာများ ရရှိနိုင်ကြလေသည်။

ထို့ကြောင့် သွားရောက်ရှာဖွေကြသူများရှိသည်။ သို့သော်လည်း လွယ်လွယ်ကူကူ ရရှိကြခြင်းတော့ မရှိပေ။ ထိုနေရာတစ်ဝိုက်မှာ အန္တရာယ်များသော နေရာများတွင် တစ်နေရာပါဝင်လေသည်။ မြို့ကြီးတစ်မြို့လုံး ချော်ရည်ပူများအောက်ရောက်ခဲ့ရသဖြင့် ညအချိန်တွင် မီးရောင်များဖြင့်စည်ကားနေသော မြို့ဟောင်းကြီးကို ပြန်တွေ့ရခြင်း၊ မကျွတ်လွတ်သော ဝိညာဉ်တို့၏ နှောက်ယှက်ခြင်းများနှင့်လည်းတွေ့ကြရသည်။

ထိုနေရာတစ်ဝိုက်တွင် ကျောက်ဂူပေါက်များရှိပြီး ထိုဂူများအတွင်း၌ ကျောက်မျက်ရတနာများ ရှာဖွေရနိုင်သော်လည်း ဝိညာဉ်နှင့် နဂါးနှင့်တူသော မြွေများ၏ နှောက်ယှက်မှုကြောင့် အသက်သေဆုံးနိုင်သည်။ ထို့ပြင် ကျောက်တောင်ပြင်များ၏ နံရံများတွင် အပေါက်များထွင်းဖောက်ပြီး ထည့်ထားသော ဖုတ်သွင်းအခေါင်းများရှိသည်။

ရှေး၌ရေးသားခဲ့သည့်အတိုင်း ဖုတ်သွင်းအခေါင်းများမှာ ၎င်းတို့ဖာသာ လိမ့်လျှောက်လိုက်လာပြီး ဂူပေါက်များအတွင်း ရောက်နေကြသော်လည်း တိုက်ဆိုင်သောအကြောင်းများရှိပါက နေရာမှထလာခြင်းမျိုးနှင့်လည်း ကြုံတွေ့

www.burmeseclassic.com



ရကြသည်။ ထိုသို့ကြုံတွေ့ရလျှင် အန္တရာယ်များသည်။

သို့သော်လည်း စိန်တစ်လုံး၊ ပတ္တမြားတစ်ပွင့်လောက် ရလျှင်ပင် တမဟုတ်ချင်း ဘဝအခြေမြင့်မားပြောင်းလဲသွားနိုင်သောကြောင့် အသက်စွန့်ကာ သွားရောက်ရှာဖွေနေကြခြင်း ဖြစ်ပေသည်။ ယခုလည်း သုဝဏ္ဏရွာမှ လူရွယ်လေးယောက်တို့သည် နဂါးမောက်တောင်ခြေတစ်ဝိုက်တွင်ရှိသော ကျောက်တောင်သချိုင်းများရှိသော နေရာဘက်သို့ ရောက်လာကြလေသည်။

၎င်းတို့လေးယောက်မှာ နီမောင်၊ စောထီး၊ ငမဲ အောင်နှင့် 'ထရမ်' တို့ဖြစ်ကြသည်။ ထရမ်က မလေးကျွန်းဆွယ်ဘက်မှ လာရောက်နေထိုင်သူဖြစ်ပြီး၊ နီမောင်တို့သုံးယောက်က ဗမာပြည်ဘက်မှဖြစ်သည်။ သို့သော်လည်း ခင်မင်နေကြသဖြင့် အလုပ်သွားလျှင် အတူတူပင်သွားကြသည်။ ထရမ်ကထိုအရပ် ဒေသသို့ရောက်တာ မကြာသေးသောကြောင့် ဒေသနှင့်ပတ်သက်သည့် အကြောင်းများကို မသိသေးပေ။

၎င်းတို့လေးယောက် ကျောက်တောင်သချိုင်းများရှိသော နေရာဘက်သို့လာကြခြင်းမှာ ကျောက်မျက်ရတနာများ ရှာဖွေရန်အတွက်ဖြစ်သည်။ ထိုနေရာသို့ရောက်တော့ နေ့လည်ဘက် အချိန်ပင်ရှိသေးသည်။ သို့သော် မီးတောင်ထိပ်ဝမှ အူထွက်နေသည့် မီးခိုးငွေ့များကြောင့် ပတ်ဝန်းကျင်



တစ်ဝိုက်တွင် မှုန်မှိုင်းနေသည်။ လေးယောက်သား စကားတပြောပြောနှင့် လာခဲ့ကြရာ ကျောက်တောင်သချိုင်းများနှင့် မဝေးလှသော နေရာရောက်တော့ တစ်နေရာမှနားကြကာ ပါလာသော အစားအသောက်များကို စားသောက်ကြသည်။

"မီးတောင်ကြီးက မီးခိုးဖြူတွေထွက်နေတာများလာသလိုပဲ"

ဟု ထရမ်ကပြောသည်။ နီမောင်တို့ကပါ မီးတောင်ထိပ်သို့ လှမ်းကြည့်ကာ ပြန်မေးလိုက်သည်။

"မင်း မီးတောင်ပေါက်ကွဲတာ မြင်ဘူးသလား"

ထရမ်က ခေါင်းခါပြသည်။

"ငါတို့နေတဲ့ မလေးကျွန်းတွေဘက်မှာတော့ မီးတောင်မပေါက်တော့တာ အတော်ကြာပြီ၊ မင်းတို့နေတဲ့ ဗမာပြည်ဘက်မှာရော မီးတောင်ပေါက်တာ တွေ့ဖူးသလား"

နီမောင်က စားရင်းသောက်ရင်း ခေါင်းခါပြလိုက်သည်။

"ဒါထက် ရွာလူကြီးက ကျောက်ရှာတဲ့သူတွေကို ကျောက်တောင်သချိုင်းတွေရှိတဲ့ဘက်တွေကို ဘာကြောင့်မသွားဖို့မှာထားတာလဲ၊ မီးတောင်ပေါက်မှာ စိုးလို့လား. . ."

"မီးတောင်ပေါက်မှာကြောင့်လည်း ပါတာပေါ့. . . နောက်တစ်ခုက ဒီနေရာတွေက အန္တရာယ်တွေရှိတယ်"

ထိုစကားကြားတော့ ထရမ်က စိတ်ဝင်စားစွာပြန်မေး

www.burmeseclassic.com



သည်။

"ဘယ်လိုအန္တရာယ်တွေလဲ"

"အများကြီးပဲ၊ မင်းကိုမှာထားရဦးမယ်၊ ကျောက်ရှာတဲ့အခါ ဂူတွေထဲကို သိပ်မဝင်နဲ့ အဆိပ်ပြင်းတဲ့နဂါးတွေလို မြွေတွေရှိတယ်"

ထရမ်က ပခုံးနှစ်ဘက်တွန့်ပြသည်။

"နောက်တစ်ခုက ကျောက်တောင်သချိုင်းမှာ မြှုပ်ထားတဲ့ အလောင်းတွေဆီက ဘာပစ္စည်းမှမယူနဲ့"

"ဘာဖြစ်လို့လဲ"

"မင်း တစ္ဆေသရဲတွေကို ယုံတယ်မဟုတ်လား"

"ငါတို့ မလေးဘက်မှာ အများကြီးရှိတယ်"

ထရမ်က ခတ်ပေါ့ပေါ့ပင် ပြောသည်။

"ဒီမှာလည်းရှိတယ်. .၊ သေပြီးသားအလောင်းတွေ ဖုတ်ဝင်လာရင် နောက်ကတကောက်ကောက် လိုက်လာတတ်တယ်"

နီမောင်က ထိုမျှလောက်သာ ပြောပြလိုက်သည်။ ထမင်းစားနေကြသော စောထီးနှင့်ငမဲအောင်တို့ကတော့ ထွေထွေထူးထူး ဘာမှမပြောကြပေ။ ထရမ်က သူတို့သုံးယောက်ထက် အသက်ပိုကြီးပြီး အသားညိုညိုနှင့် ပုံပန်းသဏ္ဌာန်က ကြံ့ခိုင်မှုရှိသည်။ ထို့ပြင် ကြောက်ရွံ့မှုလည်းသိပ် မရှိလှပေ။





လေးယောက်သားစားသောက်ပြီးနောက် ပြန်လည်ဆုံတွေ့ကြမည့်နေရာကို အချင်းချင်း သတ်မှတ်ကြပြီး လူစုခွဲလိုက်ကြသည်။ ကျောက်မျက်ရတနာရှာဖွေတာက အခြားနှင့်မတူပေ။ လူစုလူဝေးဖြင့် သွားလာလို့မရပေ။ သူ့ကံကိုယ့်ကံရှိသဖြင့် တစ်ယောက်ချင်းရှာကြသည်က များသည်။

အတော်များများကတော့ ကံမကောင်းသူနှင့်အတူသွားမိပါက ဘယ်တော့မှ ကျောက်ကောင်းများ မရနိုင်ဟု ယုံကြည်ထားကြသဖြင့် တစ်ယောက်တည်းသာ သွားကြလေသည်။

နီမောင်၊ စောထီး၊ ငမဲအောင်တို့သုံးယောက်မှာလည်း မီးတောင်ဘက်သို့လာပြီး ကျောက်မျက်ရတနာ ရှာဖွေလေ့ရှိကြသည်။ သို့သော် ကံမကောင်းသေး၍လား မပြောတတ်ပေ။ သာမန်ကျောက်ကလေးများလောက်သာ ရှာဖွေရပြီး တစ်ခါမှတော့ တန်ဖိုးကြီးသောကျောက်များ မရခဲ့ဖူးသေးပေ။ သို့သော် စိတ်ပျက်ခြင်းတော့ မရှိကြပေ။

ထိုအလုပ်က ဝမ်းစာအတွက် လုံလောက်မှုရှိစေရန် သေချာသော်လည်း အကယ်၍ ကျောက်ကောင်းတစ်ပွင့် တွေ့သာရခဲ့လျှင် နေ့ချင်းညချင်း ဘဝအခြေအနေပြောင်းသွားနိုင်သောကြောင့် မက်မောပြီး လာရောက်ရှာဖွေနေကြခြင်း ဖြစ်ကြသည်။ ယခုလည်း လာစဉ်က လေးယောက်အတူတူလာခဲ့ကြသော်လည်း ထိုနေရာရောက်တော့မှ တစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်တစ်နေရာစီ နေရာခွဲကာ ရှာဖွေကြသည်။

နီမောင်တို့က တောင်ခြေတစ်ဝိုက်ဘက်သို့ သွားကြသော်လည်း ထရမ်ကတော့ ကျောက်တောင်သချိုင်းရှိရာဘက်သို့ သွားလေသည်။

"ကျောက်တောင်သချိုင်းတွေဘက်ကို ဘယ်သူမှ မသွားဝံ့ကြဘူး၊ နီမောင်တို့သုံးယောက်တောင် မသွားကြဘူး၊ သူများတွေ မသွားတဲ့နေရာဘက်တွေကို သွားရှာရင် တန်ဖိုးရှိတဲ့ ကျောက်တွေရနိုင်တယ်"

ထိုသို့စိတ်ကူးမိသဖြင့် နီမောင်တို့ကိုပင် ကြိုတင်မပြောတော့ဘဲ တစ်ယောက်တည်း ထွက်လာခဲ့ခြင်းဖြစ်လေသည်။ အချိန်က ညနေပိုင်းရောက်တော့မည်ဖြစ်သဖြင့် တောင်ရိပ်များ ဝန်းရံနေသော နေရာတစ်ဝိုက်မှာ အလင်းရောင်သိပ်မရှိတော့ပေ။

ထရမ်မှာ အသက် ၃၀-ဝန်းကျင်အရွယ်ခန့်ရှိပြီး သတ္တိကောင်းသော လူရွယ်တစ်ဦးဖြစ်သည်။ ၎င်းထံတွင် ပလိုင်းတစ်လုံး ဓားတစ်လက်နှင့် တူးဆွရန်အတွက် တူရွင်းငယ်တစ်ချောင်းပါ ပါလေသည်။ သူသည် ထိုနေရာရောက်သည်နှင့် ကျောက်တောင်နံရံ၌ တင်ထားသော ခေါင်းတလားများရှိသောနေရာသို့ တက်သွားလေသည်။

ကျောက်နံရံ၌ အလောင်းထည့်ထားသောခေါင်းများထားပုံမှာ နှစ်မျိုးရှိသည်။ တစ်မျိုးက ကျောက်တောင်နံရံ

တွင်းသို့ ခေါင်းတစ်လုံးသွင်းသာအောင် ထွင်းဖောက်ထည့်ထားသောနည်းဖြစ်ပြီး၊ အခြားတစ်နည်းကတော့ ကျောက်စွန်းကျောက်စင်များတွင် ခေါင်းတလားများကို သွားရောက်တင်ထားခြင်း ဖြစ်သည်။

ထရမ်က စင်ဖြင့်တင်ထားသော ကျောက်နံရံပေါ်မှ ခေါင်းတလားများရှိရာသို့ တက်သွားလေသည်။ အချို့ အတော်မြင့်သဖြင့် ခက်ခက်ခဲခဲတက်ရသည်။ သူတို့အရပ်ဒေသတွင် ထိုကဲ့သို့သော အလောင်းသင်္ဂြိုလ်သော ဓလေ့မျိုးမရှိသောကြောင့် စိတ်ထဲတွင် အထူးအဆန်းဖြစ်နေမိသည်။

ခေါင်းများမှာ အများအားဖြင့် နှစ်ရှည်ခံသော ကျွန်းသားများဖြင့် ပြုလုပ်ထားခြင်းဖြစ်သည်။ တတ်နိုင်သူများလောက်သာ ကျောက်တလားများ ထွင်းထုပြီးထည့်ထားကြခြင်းဖြစ်၏။ ကျောက်တောင်နံရံ၌ ထွက်နေသောနေရာအား ရှာဖွေပြီး လူသေအလောင်းထည့်သာအောင် ထွင်းထုထားကြခြင်းဖြစ်သည်။

အချိန်မရှိတော့သဖြင့် ထရမ်မှာ ခေါင်းတလားများအတွင်းသို့ လိုက်လံကြည့်သည်။ အတော်များများမှာတော့ အရိုးစု၊ ဒါမှမဟုတ် ကမ္ဗလာနှင့်ရုပ်ကဲ့သို့ ခြောက်ကပ်နေပြီဖြစ်သော အလောင်းများသာ တွေ့ရသည်။ ခေါင်းများအတွင်းမှာတော့ အမှိုက်သရိုက်၊ ကျောက်တုံး၊ ကျောက်ခဲများနှင့်၊ ငှက်ချေးများသာ တွေ့ရသည်။




အောင်မြင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ထရမ်က မကြောက်ရွံ့တတ်သူဖြစ်သောကြောင့် အလောင်းများကြားသို့ ရှာဖွေသော်လည်း တန်ဖိုးရှိသောကျောက်များတော့ မတွေ့ရပေ။ သို့သော် ဇွဲကောင်းကောင်းဖြင့် တစ်နေရာပြီးတစ်နေရာ၊ ခေါင်းတစ်လုံးပြီးတစ်လုံး လိုက်လံရှာဖွေရာ တစ်နေရာရောက်တော့ ကြိုးစားရကြိုးနပ်သွားသည်။

ခေါင်းတစ်လုံးထဲတွင် အလောင်းတစ်လောင်းရှိသည်။ ထိုနေရာသို့လာပို့ထားသည်မှာ မကြာသေးသောကြောင့် မပျက်စီးသေးပေ။ ပိန်ကပ်နေသော လူတစ်ယောက်ပုံမျိုးသာရှိသည်။ ထိုအလောင်း၏ လက်တစ်ဖက်မှာတော့ လက်စွပ်တစ်ကွင်းရှိနေသည်။ အရည်အသွေးကောင်းသောကျောက်ဖြင့် ပြုလုပ်ထားသော လက်စွပ်ဖြစ်သည်။

ထိုအရပ်၌ အသုဘဓလေ့အချို့မှာ သေသူတို့၏ ပစ္စည်းများကို တစ်ပါတည်း ထည့်ပေးကြခြင်း ဖြစ်သည်။ ယခုလည်း လက်စွပ်ကိုမချွတ်ဘဲ ဒီအတိုင်းထည့်ပေးလိုက်ခြင်းဖြစ်သည်။ ထရမ်မှာ ထွေထွေထူးထူး စဉ်းစားမနေတော့ လက်စွပ်ကိုချွတ်ရန်အတွက် ဆုပ်ထားသော လက်ချောင်းများကို ဖြေလိုက်ရာ ထိုအခါမှ အံ့သြစရာကောင်းသော မြင်ကွင်းကို ထပ်မံတွေ့ရသည်။

အခြားမဟုတ်ပေ။

အလောင်း၏လက်ထဲတွင် ပတ္တမြားတစ်လုံးကို ဆုပ်





ကိုင်ထားခြင်းဖြစ်သည်။ ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ထိုပတ္တမြားကို လှမ်းယူလိုက်သည်။ ထိုသို့လှမ်းယူလိုက်ခ်စဉ် ဖြေထားသောအလောင်း၏လက်က ပြန်ဆုပ်သွားသည်။ သို့ကြောင့် ယူ၍မရတော့ပေ။

နောက်တစ်ခါ ပြန်ဖြေတော့ လွယ်လွယ်ကူကူမရသဖြင့် စိတ်မရှည်တော့သောကြောင့် လက်ဆစ်ကို ဓားဖြင့် ဖြတ်ယူလိုက်သည်။ လက်ကောက်ဝတ်မှ ပြတ်သွားသောလက်တွင် ဝတ်ဆင်ထားသော လက်စွပ်လည်းပါသည်။ ပတ္တမြားလည်း တစ်ပါတည်းပါလာတော့သည်။ ထို့ကြောင့် ဝမ်းသာအားရဖြင့် အောက်သို့ပြန်ဆင်းလေသည်။

"သေတာတောင် ဥစ္စာမက်နေသေးတယ်၊ အခုလို လက်ဖြတ်ယူတော့ ဘာတတ်နိုင်သေးလဲ"

စိတ်ထဲမှလည်း ရေရွတ်နေသေးသည်။ သူ့စိတ်ထဲက ထိုသို့ထင်နေသော်လည်း နောက်သို့ပြန်ကြည့်သောအခါမှာတော့ သူထင်သလို မဟုတ်မှန်း တွေ့ရလေသည်။

တောင်ခြေသို့ပြန်မရောက်မီမှာပင် လက်ဖြတ်ယူခဲ့သောအလောင်းက ခေါင်းထဲမှာ ထထိုင်နေလေပြီ။

"ဟင်"

ဒီတော့မှ များစွာထိတ်လန့်သွားသောကြောင့် ထိုနေရာမှ ထွက်ပြေးလေသည်။ သူထွက်ပြေးသောအချိန်မှာ ခေါင်းထဲမှထွက်လာသောအလောင်းက အောက်သို့ဆင်းလာလေ



www.burmeseclassic.com

www.burmeseclassic.com



ပြီ။ မှောင်ရီသမ်းစအချိန်မှာပင် နောက်ဘက်မှ အသံလိုလို လည်း ကြားရသည်။

"ဝါ့လက်ကို ပြန်ပေး"

ထိုအသံကြားတော့မှ ပိုမိုကြောက်လာပြီး နေရာမှ ဝေးသောနေရာရောက်အောင် ထွက်ပြေးလေသည်။ ထိုသို့ ထွက်ပြေးနေစဉ်မှာ လျှောင်တစ်ခုလှုပ်သွားပြီး အချို့နေရာများ မှာရှိသော ကျောက်ရေအိုင်များမှာ ဆူပွက်နေသည်။ အချို့ နေရာများမှာ အခိုးအငွေ့များထွက်နေပြီး ကျောက်သားဂူများ ပင် အရည်ပျော်သည်အထိ အပူရှိန်ပြင်းသည်။

သို့သော်လည်း ကြာကြာတော့ မဖြစ်ပေ။ ခဏကြာ တော့ လျှောင်လှုပ်ခြင်းများ ငြိမ်သွားသည်။ ပတ်ဝန်းကျင်မှာ တော့ အခိုးအငွေ့များက ရှိနေသေးသည်။ ထရမ်ကတော့ ပတ္တမြားတစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက် ပြတ်တစ်ဖက်ကိုကိုင်ကာ ခြေဦးတည်ရာ ပြေးနေသည်။

အချိန်ကလည်း ညနေပိုင်းအချိန် ရောက်နေပြီဖြစ် သောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် တောရိပ်တောင်ရိပ် တို့ဖြင့် အမှောင်ဖုံးစပြုနေလေပြီ။ ထရမ်မှာ ထိုအရပ်ဒေသခံ မဟုတ်သဖြင့် ထိုအရပ်ဒေသအကြောင်း ကောင်းစွာမသိ သေးပေ။ ထို့ကြောင့် လမ်းမသိပဲ ခြေဦးတည်ရာ ပြေးလွှား နေခြင်းဖြစ်သည်။ ထိုသို့ပြေးနေရင်းမှာပင် နောက်မှလိုက်လာ သော ခြေသံက ထပ်ကြိမ်မကွာပါလာသည်။





သူ့ပတ်ဝန်းကျင်တစ်ဝိုက်မှာရှိကြသည့် သစ်ပင် သစ်ကိုင်းတို့ လှုပ်ရှားပွတ်တိုက်သံများကြားရသည်။ အသံ ကြားရာသို့ လှမ်းကြည့်တော့ အကောင်အထည်မမြင်ရဘဲ သစ်ပင် သစ်ကိုင်းများတွင် တစ်စုံတစ်ခု မှီတွယ်နေသကဲ့သို့ ကိုင်းညွတ်နေသည်ကို လှမ်းမြင်ရသည်။ ထို့ထက်ပိုမမြင်ရ ပေ။ မြင်နိုင်လောက်အောင်လည်း အလင်းရောင်က မရှိ တော့ပေ။

"ငါ့လက်ကို ပြန်ပေး ငါ့ပစ္စည်းတွေပြန်ပေး"

ဟူသော အသံနက်ကြီးကိုလည်း ကြားနေရသဖြင့် ဆက်မနေဝံ့တော့သဖြင့် နီမောင်တို့သုံးယောက်နှင့် တွေ့နိုင် မည့်နေရာဘက်သို့ မှန်းပြီး ဆက်ပြေးလေသည်။

တစ်နေရာရောက်တော့ အခိုးအငွေ့များဖြင့်ဝေ့ဆိုင်း နေသောနေရာသို့ ရောက်သွားရာ ဘာမှမမြင်ရတော့ပေ။ တစ်နေရာရောက်တော့ ပြေးလွှားနေသော ခြေထောက်ကို တစ်စုံတစ်ယောက်က ဖမ်းဆွဲလိုက်သကဲ့သို့ဖြစ်ကာ ရှေ့သို့ မှောက်လျက်သား လဲကျသွားလေတော့သည်။

သူ့မျက်နှာတစ်ခုလုံးမှာ ပူနွေးသောရွှံ့ရေများနှင့်အပ် ခီလျက်သားဖြစ်သွားတော့သည်။ ညက မိုးမရွာ၊ နေ့ဘက် တစ်ချိန်လုံး မိုးမရွာပါပဲ ရွှံ့ရေများရှိနေခြင်းကတော့ အံ့ဩ ရောဖြစ်သည်။ လဲနေရာမှ လက်များကိုအားယူပြီး ထောက် ကြည့်သောအခါမှာ ပိုမိုးအံ့ဩရပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



လက်တွေက လေးနေသည်။

ထို့ကြောင့် နေရာမှအားယူပြီး ထသည်။ ကံအား လျော်စွာ အနားမှာရှိသော သစ်ကိုင်းတစ်ကိုင်းကို လှမ်းဆွဲပြီး ထတော့ မတ်တပ်ရပ်၍ရသည်။ ထိုအခါမှ လက်ထဲမှာကိုင် လာသော ပတ္တမြားကိုင်ထားသော လက်ပြတ်မတွေ့ရတော့ သဖြင့် ငုံ့ပြီးစမ်းရန်ပြင်လိုက်ရာ ခါးညွတ်၍မရတော့ဘဲ တောင့် တောင့်ကြီး ဖြစ်နေသည်။

"ငါ ဘယ်လိုဖြစ်တာလဲ၊ တစ်ကိုယ်လုံးလှုပ်လို့မရ တော့ပါလား"

ထိုသို့တွေးနေစဉ်မှာ ပထမတော့ အဝေးမှခေါ်နေကြ သော နီမောင်တို့အသံကို သဲ့သဲ့ကြားနေရသေးသည်။ နောက် တော့ နားပေါက်ဝကို တစ်စုံတစ်ခုဖြင့် အပိတ်ခံလိုက်ရသကဲ့ သို့ဖြစ်ကာ မကြားရတော့ပေ။ သို့ကြောင့် နားပေါက်ကို လက် ဖြင့်ထိုးကလော်ရန် စိတ်ကူးလိုက်ပြန်တော့လည်း လက်နှစ် ဘက်စလုံး လှုပ်မရတော့ပေ။

"ငါ ဘယ့်လိုဖြစ်တာလဲ"

ထိုသို့တွေးရင်း နီမောင်တို့ကို အသံပေးရန် ပါးစပ်ဟ လိုက်သည်။ ပါးစပ်လည်း ဟမရတော့ပြန်ပေ။ ထိုအခါမှ အခြေအနေကို သဘောပေါက်မိပေတော့သည်။

"ငါ. . ငါ အသက်ရှိနေသေးရက်နဲ့ ကျောက်ရုပ်ဘဝ ရောက်သွားတာပါလား၊ ဘာကြောင့် ဒီလိုဖြစ်ရတာပါလိမ့်"



ထိုသို့တွေးနေစဉ် သူနှင့်မနီးမဝေးမှ ဖြတ်လျှောက် သွားသော အရိပ်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

အခြားမဟုတ်ပေ။ လက်ဖြတ်ယူလာသော ဖုတ်ဝင် နေသောအလောင်းကောင်ပင် ဖြစ်ပေတော့သည်။ နောက် တော့ နားလည်းပိတ်၊ မျက်စိလည်းပိတ်၊ ပါးစပ်ပေါက်နှင့် နှာခေါင်းပေါက်များပါ ပိတ်သွားပြီဖြစ်သောကြောင့် တဖြည်း ဖြည်းနှင့် အသက်ရှူကျပ်သွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၇ )

## လူသားကျောက်ရုပ်ဘဝ ရောက်ရသူ

မိုးမောင်တို့သုံးယောက်ကတော့ ထရမ်တစ်ယောက် ...ရောက်လာသောကြောင့် ညဦးပိုင်းရောက်သည်အထိ ...က်လံရှာဖွေကြသေးသည်။ သို့သော် မတွေ့ကြပေ။ အသံ ...ကျယ်ဖြင့် အသံပေးကြည့်သော်လည်း တုံ့ပြန်မှု မကြား ...သဖြင့် နောက်ဆုံးလက်လျှော့ပြီး တစ်နေရာ၌ စခန်းချ ...သသည်။ ဂူပေါက်တစ်ခုထဲမှ ဝင်နေကြရင်း ထရမ်အ



www.burmeseclassic.com

www.burmeseclassic.com



တွက် စိတ်ပူနေကြသည်။

"ခေါ်လို့လည်း အသံမကြားရဘူး၊ ဘယ်ရောက်သွားပြီလဲ မသိဘူး"

"သူ ဒီနယ်သားမဟုတ်တော့ ဒီနေရာတွေအကြောင်း မသိသေးဘူး၊ အန္တရာယ်တွေနဲ့များ တွေ့နေသလား မသိဘူး"

"ကမ္ဘာသကာပေါ့၊ မနက်လင်းတော့မှလိုက်ရှာကြသေးတာပေါ့၊ ငါထင်တာတော့ ကျောက်တောင်သချိုင်းတွေရှိတဲ့ဘက် သွားမယ်ထင်တာပဲ"

ထိုသို့ပြောဆိုရင်း မီးဖိုတစ်ဖိုဖို၍ အစားအသောက်များကို သင့်သလောက်သာ စီစဉ်သားသောက်ပြီး တစ်ယောက်တစ်လှည့်စီ ကင်းစောင့်ကာအိပ်ကြသည်။ ညဉ့်နက်ပိုင်းရောက်တော့ ကျန်နှစ်ယောက်က အိပ်ကြပြီး နီမောင်က ကင်းစောင့်ပေးသည်။ ထိုညက ရာသီဥတုအခြေအနေက သိပ်မကောင်းပေ။ မိုးအုံ့နေပြီး နဂါးမောက်တောင်ဘက်မှ ထွက်နေသော မီးခိုးငွေ့များက ဖုံးလွှမ်းနေသောကြောင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် မှုန်မှိုင်းနေသည်။

ညအချိန်ရောက်သောအခါမှာလည်း မြေငလျင်လှုပ်သေးသည်။ ထိုကဲ့သို့ မြေငလျင်လှုပ်ပြီးသည်နှင့် ရေရှိသောအိုင်များမှာ ဆူပွက်လာခြင်း၊ ကျောက်သားနံများ အရည်ပျော်ကျသွားခြင်း၊ နေရာအနှံ့အပြားတွင် ကျောက်သားများအက်ကွဲခြင်း၊ မြေသားများအက်ကွဲခြင်း၊ အခိုးအငွေ့များ ...





သာခြင်း စသည်တို့ ဖြစ်လာကြသော်လည်း ဂူအတွင်းရောက်နေသော နီမောင်တို့ကတော့ မသိကြပေ။

နီမောင်ကတော့ ကျိုထားသော လက်ဖက်ရည်သောက်ရင်း အတွေးအတော်များများ ဝင်နေသည်။ သူ့မိသားစုအကြောင်း၊ သူ့ဘဝအကြောင်း၊ ပျောက်နေသော အရမ်အကြောင်းအပြင် . တစ်ခါတစ်ရံ မာရီနာအကြောင်းလည်း တွေးမိသည်။ မာရီနာက ရွာလူကြီး ဇမ္ဗူးထန်၏ သမီးဖြစ်သည်။ အသက် ၂၀-ကျော်သာရှိပြီး ရုပ်ရည်ချောမောပြီး ကိုယ်လုံးကိုယ်ထည်လှပသည်။

သို့သော် ကံမကောင်း အကြောင်းမလှသဖြင့် စိတ်မမှန်သော ဝေဒနာသည်တစ်ဦးဖြစ်နေသည်။ စိတ်တည်ငြိမ်နေလျှင်တော့ မည်သူ့ကိုမှ စကားမပြောတတ်ပဲ ငြိမ်နေတတ်သည်။

မာရီနာက နီမောင်ကိုတော့ ခင်သည်။ စိတ်မမှန်သည့်အခါ ပြောချင်ရာလာပြောသည်။

"နီမောင် ငါကနဂါးပြည်ကလာတာ၊ နင်သိရဲ့လား"

နီမောင်က ခေါင်းခါပြသည်။

"မြေအောက်မှာ ငါတို့နေတဲ့ နေရာရှိတယ်၊ ငါတို့နေနေရာမှာ ရွှေငွေတွေလည်းရှိတယ်၊ စိန်တွေ ပတ္တမြားတွေလည်းရှိတယ်၊ နင်ယူမလား"

နီမောင်ကရယ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"နင်ကမယုံလို့ရယ်နေတာ မဟုတ်လား၊ နင်လိုချင်ရင် ငါသွားယူပေးမယ်လေ"

"မယူချင်ပါဘူး၊ အဲဒီမှာဘာတွေရှိသေးလဲ"

"ငါတို့နေရာကကြည့်ရင် ဒီမီးတောင်ကြီးရဲ့ အောက်ခြေကိုမြင်ရတယ်၊ အရင်က ချော်ရည်ပူတွေ မရှိဘူး၊ အခု ချော်ရည်ပူတွေ ရောက်လာတယ်၊ ပွက်ပွက်ဆူပြီး တဖြည်းဖြည်းများလာတာ တဝက်လောက်ရောက်နေပြီ၊ မီးတောင်ကြီးပေါက်ရင်တော့ လူတွေအများကြီး သေကြရဦးမယ် . . . ပျော်စရာကြီး . . . ဟီဟိ"

ဟုပြောဖူးသည်။ အရူးစကားမို့ အမှုထားစရာမလိုသော်လည်း ယခုဖြစ်နေသော အဖြစ်အပျက်များနှင့်တော့ ကိုက်ညီမှုရှိနေသည်။

"လူတွေသေတာ ပျော်စရာလား"

"ပျော်စရာပေါ့၊ လူတွေသေရင် တစ္ဆေသရဲတွေ ဖြစ်ကြတာလည်းအများကြီးပဲ၊ နဂါးပြည်ကို ရောက်လာကြတာလည်း အများကြီးပဲ"

"မီးတောင်က ဘယ်တော့ပေါက်မှာလဲ"

"မကြာခင်ပေါက်တော့မှာ၊ မီးတောင်ပေါက်ရင် ရွှေမိုး ငွေမိုးတွေလည်း ရွာဦးမှာ"

ထိုသို့ပြောပြီးထွက်သွားလေသည်။ နီမောင်ကတော့ မာရီနာပြောသွားသော အကြောင်းများကို စိတ်မဝင်စားပေ။



သို့သော် မီးတောင်အကြောင်းကိုတော့ မကြာခဏတွေးနေမိသည်။

မာရီနာက ထိုအကြောင်းကို သူဖခင်အပါအဝင် တွေ့သမျှလူကို ပြောသည်။ မည်သူကမှ မယုံကြည်ကြပေ။ နီမောင်ဘ တစ်ယောက်တည်း လက်ဖက်ရည်သောက်ရင်း အတွေးတောင်နေရာ ညဥ့်နက်ပိုင်းအချိန်သို့ ရောက်လာပေပြီ။ ထိုအချိန်ထိတော့ ရာသီဥတုအခြေအနေက မကောင်းလှသေးပေ။ ထိုအခိုက်မှာပင် အပြင်ဘက်မှ ခေါ်သံကြားလာရသည်။

"နီမောင်ရေ"

"စောထီးရေ ငမဲအောင်တို့ရေ မင်းတို့ဘယ်မှာလဲ"

အသံကတော့ ထရမ်အသံပင်ဖြစ်သည်။ သို့သော် ထိုအချိန်မျိုးမှာ မည်သူခေါ်၍မှ အသံပြန်မပြုဝံ့ပေ . . .။ သို့ကြောင့် အခြေအနေစောင့်ကြည့်ရင်း နားစွင့်နေသည်။

"နီမောင်ရေ၊ စောထီးရေ၊ ငမဲအောင်ရေ"

"ငါ ဒီမှာပဲ မင်းတို့ဘယ်မှာလဲ"

အသံများကိုတော့ ကြားနေရသည်။ မသေချာသောကြောင့် အသံပြန်မပေးဝံ့ပေ။ အတန်ကြာတော့ အပြင်ဘက်မှ လျှောက်လာသော ခြေသံကို အရင်စကြားရသည်။

တိတ်ဆိတ်နေသော အချိန်ဖြစ်သောကြောင့် အသံ တော်တော်ဝေးမှလျှောက်လာသော ခြေသံကိုကြားရခြင်းဖြစ်၏။ နီမောင်က မီးဖိုနားမှာပင် ဆက်ထိုင်နေရင်း အပြင်ဘက်

www.burmeseclassic.com

www.burmeseclassic.com



ကို လှမ်းကြည့်နေသည်။ ခြေသံက တဖြည်းဖြည်းနီးလာသည်။ နောက် မီးရောင်ကျနေသော ဂူပေါက်ဝသို့ လူတစ်ယောက်ရောက်လာသည်။

ပုံမှန်လူတစ်ယောက်တော့မဟုတ်ပေ။ ကမ္ဗလာနံးရုပ်ကဲ့သို့ ပိန်ကပ်နေပြီဖြစ်သော ဖုတ်ဝင်နေသော အလောင်းပင်ဖြစ်သည်။ ဖုတ်ဝင်နေသောအလောင်းက ဂူပေါက်ဝရောက်တော့ ရပ်ပြီး တစ်ချက်လှည့်သည်။

၎င်းလက်ထဲတွင် ပြတ်နေသည့်လက်တစ်ဖက်ကိုလည်း ကိုင်ထားသေးသည်။ အင်ဒိုနီးရှားလိုနေရာမျိုးမှာ ဖုတ်ဝင်နေသော လူသေလောင်းများ သူ့ဖာသာသွားလာနေသည်ကတော့ အဆန်းတကြယ် မဟုတ်တော့ပေ။ အခြားတစ်နေရာ ဒါမှမဟုတ် တောထဲတောင်ထဲမှာ အသက်သေခဲ့ပြီး မိဘဆွေမျိုးများရှိသောရွာသို့ ဖုတ်ဝင်ပြီးပြန်လာသော အလောင်းအချို့ကို မကြာခဏဆိုသလို တွေ့ခဲ့ရဖူးပြီဖြစ်သည်။

နီမောင်ကပြန်ကြည့်နေစဉ် ဖုတ်ဝင်နေသောအလောင်းက သူ့ဘက်သို့တစ်ချက်လှည့်ကြည့်ပြီး သွားဖြဲပြသည်။ ပြီးမှ ရှေ့သို့ဆက်လျှောက်သွားလေတော့သည်။

နောက်တော့ ခေါ်သံအော်သံများလည်း တိတ်သွားပြီး ငြိမ်သက်သွားလေသည်။ နောက်ထပ်မည်သည့် ထူးခြားမှုမျိုးမှ မတွေ့ရတော့ပေ။





နောက်တစ်နေ့နံနက်လင်းတော့ စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ကို ထိုအကြောင်းပြန်ပြောလိုက်သည်။

"မင်းပြောပုံအရဆိုရင်တော့ ထရမ်တစ်ယောက်အန္တရာယ်နဲ့ တွေ့နေပုံရတယ်၊ ဒီမနက် ထပ်ပြီး လိုက်ရှာကြည့်ကြသေးတာပေါ့"

ထိုသို့တိုင်ပင်ပြောဆိုပြီး သုံးယောက်သား ဂူအတွင်းမှ ထွက်ခဲ့ကြလေသည်။ ၎င်းတို့ဦးတည်ချက်ကတော့ ကျောက်တောင်သချိုင်းများရှိသော နေရာဘက်ဖြစ်သည်။ တောင်ခြေရောက်တော့ ထူးခြားမှုတစ်ခု တွေ့ကြရသည်။ အခြားတော့မဟုတ်ပေ။ တောင်ခြေတစ်နေရာရှိသော ကျောက်တုံးများကြားတွင် လဲနေသော အလောင်းတစ်လောင်းပင် ဖြစ်သည်။ ထိုအလောင်းမှာ ညက နီမောင်တွေ့လိုက်ရသောအလောင်းဖြစ်ပြီး လက်တစ်ဖတ်ပြတ်နေသည်။

"ခေါင်းထဲက အလောင်းက ဘာကြောင့်အပြင်ရောက်နေတာလဲ၊ ဒီသချိုင်းရောက်ပြီးရင် အလောင်းတွေက ပြန်ထလာလေ့မရှိပါဘူး"

"ဒါပေမယ့် သူတို့ပစ္စည်းတစ်ခုခုယူသွားရင်တော့ ထလိုက်ကြတယ်လို့တော့ ပြောသံကြားတယ်"

ထိုသို့ပြောပြီး ထိုနေရာတစ်ဝိုက်သို့ လိုက်လံရှာဖွေကြသော်လည်း မတွေ့ရတော့မှ ပြန်ထွက်ခဲ့ကြသည်။

ထို့နောက် တောထဲ၌ နေရာအတော်များများ လိုက်

www.burmeseclassic.com

www.burmeseclassic.com



ရှာကြသော်လည်း အစအနမျှပင် မတွေ့ရသောအခါမှ သုံးယောက်သား ရွာသို့ပြန်သွားကြလေသည်။

ထရမ်တစ်ယောက် တောထဲမှာကျန်ခဲ့သောအကြောင်းကိုတော့ ရွာလူကြီးဖမုန်းထန်ကို အကျိုးအကြောင်း သွားပြောကြရသည်။

"တစ်နေရာစီခွဲပြီး ကျောက်ရှာကြရင်းနဲ့ သူ့ကိုမတွေ့ရတော့ဘူး၊ သေပြီထင်တာပဲ"

"သေရင်တော့ ဖုတ်ဝင်ပြီး သူ့ဖာသာရွာပြန်ရောက်လာမှာပါ၊ မရောက်လာဖူးဆိုရင်တော့ သူမသေသေးလို့ပဲ ဖြစ်ဖြစ် ဒါမှမဟုတ် ပြန်လာလို့မရတဲ့နေရာ ရောက်သွားလို့ပဲဖြစ်ဖြစ် တစ်ခုခုတော့ ဖြစ်နေပါလိမ့်မယ်"

ဖမုန်းထန်ကတော့ အေးအေးပင်ပြန်ပြောလေသည်။

နီမောင်ပြန်ထွက်လာတော့ ရွာထဲမှပြန်လာသော မာရီနာနှင့် တွေ့ရသည်။

"နင် ပြန်လာပြီလား၊ ကျောက်သွားရှာတာ ရခဲ့သလား"

"မရခဲ့ပါဘူး . . ၊ ကျောက်ရှာတာ ငါးဖမ်းသလိုတော့ လွယ်လွယ်ဘယ်ရနိုင်ပါ့မလဲ"

"နင်ကရတဲ့နေရာမှမရှာပဲကိုး၊ ဘယ်ရမှာလဲ"

"ဘယ်နေရာမှာရှိတာလဲ"

"နဂါးမောက်တောင်ထဲမှာ အများကြီးရှိတယ်"





"မီးတောင်တွေရှိတဲ့နေရာမှာ ရှိတယ်ပြောလည်း ယူလို့မှမရတာ"

"နင်ယူချင်ရင် ငါဆင်းယူပေးမယ်လေ"

ထိုစကားကြားတော့ နီမောင်က သဘောကျစွာရယ်လိုက်လေသည်။

"နောက်မှယူပေးတော့၊ အခုတော့ ငါနဲ့သွားတဲ့အဖော်တစ်ယောက် ပျောက်နေလို့ရှာရဦးမယ်"

"သူက သေပြီလေ၊ ပြန်လာတော့မှာမှ မဟုတ်တာ"

"နင်က ဘယ်လိုသိတာလဲ"

"သိတာပေါ့၊ ငါက ဝိညာဉ်လောကသားတွေနဲ့ တွေ့နေရတာပဲ၊ သိချင်ရင် သူတို့ကို မေးလို့ရတာပေါ့"

နီမောင်က မာရီနာစကားကို စိတ်ဝင်စားသွားလေသည်။ သူမမှာ စိတ်မမှန်သဖြင့် ကောင်းတစ်လှည့်၊ မကောင်းတစ်လှည့် ဖြစ်နေသော်လည်း တစ်ခါတစ်ရံ သူမပြောသောစကားအချို့က မှန်တာများသည်။

"ဒါဖြင့် ထရမ်ဘယ်နေရာမှာရှိသလဲဆိုတာ နင်သိလား"

မာရီနာက ခေါင်းညိတ်ပြသည်။

"နင်သူ့ကိုတွေ့ချင်ရင် ငါတောထဲကို လိုက်ပြပေးမယ်"

ထိုသို့ပြောသဖြင့် စိတ်တွင်းမှဝမ်းသာသွားသော်လည်း နောက်မှစဉ်းစားမိပြီး သူမကို တောထဲခေါ်သွား၍



www.burmeseclassic.com

www.burmeseclassic.com



မသင့်မှန်း သဘောပေါက်မိသည်။ မာရီနာက စိတ်ဝေဒနာရှင် ဖြစ်သော်လည်း ရုပ်ရည်ချောသော အပျိုအရွယ်တစ်ယောက်ဖြစ်သည်။ ထိုမိန်းကလေးကို တောထဲခေါ်သွားဖို့က မသင့်သောကိစ္စဖြစ်နေသည်။

"ဘာလဲ နင်ကငါ့ကိုတောထဲခေါ်သွားရမှာ ကြောက်နေလို့ မဟုတ်လား"ဟု မေးသည်။

"မကြောက်ပါဘူး၊ မသင့်လို့ပါ"

"ဘာကြောင့် မသင့်ရမှာလဲ၊ နင်နဲ့ငါနဲ့က အရင်ဘဝကတည်းက ချစ်သူတွေပဲဟာ၊ နောက်ပြီး ငါသဘောမကျရင် ဘယ်သူကမှ ငါ့ကိုလက်ဖျားနဲ့ထိလို့ မရနိုင်ဘူး"

"ဘာကြောင့်လဲ"

"ငါနဲ့ဘေးမှာ အစောင့်တွေအများကြီးရှိတာပဲ၊ ပရလောကသားတွေလည်း ရှိတာပဲ၊ နင် မမြင်ရဘူးလား"

နီမောင်က ထွေထွေထူးထူး ဘာမှပြန်မပြောတော့ပေ။ မာရီနာက နီမောင်ကိုကြည့်ပြီး ဆက်ပြောသည်။

"နီမောင် ငါလည်းတောထဲသွားချင်နေတာကြာပြီ၊ ငါ့ကိုလိုက်ပို့ပေးပါ"

"နင်သွားချင်ရင်တော့ ငါတို့လိုက်ပို့ပေးပါ့မယ်၊ နင်နဲ့ အဖော်ရအောင် ငါ့ညီမ နှင်းမေကိုပါ အဖော်ခေါ်လာခဲ့မယ်"

ထိုသို့ပြောတော့ ခေါင်းညိတ်ပြသည်။

နောက်တစ်နေ့ နံနက်စောစောမှာပင် နှင်းမေကိုပါ



ခေါ်ပြီး မာရီနာကို တောင်ရှိသောဘက်သို့ လိုက်ပို့ပေးသည်။ ထိုသို့ပို့ပေးခြင်းမှာ အကြောင်းရှိသည်။ ပျောက်နေသော ထရမ်ကို ရှာချင်သောကြောင့်ဖြစ်သည်။

တောထဲရောက်တော့ မာရီနာက သူမ သွားချင်သောနေရာများကိုသွားရာ နီမောင်တို့ မောင်နှမနှစ်ယောက်က နောက်မှလိုက်ပို့ပေးရသည်။ တစ်နေရာရောက်တော့ ရေအိုင်တစ်ခုအတွင်း၌ ပွက်ပွက်ဆူနေသည့် ကျောက်ရေများကို တွေ့ရသည်။ ရုတ်တရက်ကြည့်လျှင် အင်္ဂတေဖျော်ရည်များနှင့်တူသည်။ သို့သော် အခိုးအငွေ့များ ထွက်နေလေသည်။

ထိုနေရာရောက်တော့ မာရီနာက ရှေ့သို့တိုးသွားပြီး ငုံ့ကြည့်နေသည်။

"ငါပြောတာကို ဘယ်သူမှမယုံကြဘူး၊ မီးတောင်အောက်မှာ ပွက်ပွက်ဆူနေတဲ့ ချော်ရည်ပူတွေက တဖြည်းဖြည်းနဲ့ အပေါ်တက်လာနေပြီ မကြာခင် ပေါက်ကွဲတော့မှာ၊ ဒီမှာမတွေ့ဘူးလား ကျောက်သားတွေတောင် အရည်ပျော်နေပြီ"

မာရီနာက ပြောပြောဆိုဆိုနှင့် ဆူပွက်နေသော ရွှံ့ရေပူများကို လက်ဖြင့်တို့ကြည့်နေသည်။

"မလုပ်နဲ့ ပူလိမ့်မယ်"

နီမောင်က လှမ်းပြောလိုက်သောအချိန်မှာ မာရီနာ

www.burmeseclassic.com

www.burmeseclassic.com



တ ရွှံ့ပူရေများကို လက်ဖြင့်တို့ပြီးသွားပြီ။ တို့ယူလိုက်စဉ်က စိုနေသော်လည်း လက်ဖြင့်ထိပြီး အချိန်အနည်းငယ်ကြာသောအခါ အင်္ဂတေကဲ့သို့ ခြောက်သွေ့ကာ ကျောက်ဖြစ်သွားလေတော့သည်။

မာရီနာက လက်တွင်ကျောက်ဖြစ်နေသော ကျောက်ဖပ်များကို ခွာနေသည်။ ထိုအခိုက်မှာပင် ပွက်ပွက်ဆူနေသောရေများက တဖြည်းဖြည်းနှင့်ပြန်လည် ငြိမ်ကျသွားလေသည်။ နောက်တော့ အခိုးအငွေ့များလည်း ပျောက်ကွယ်သွားလေသည်။

“ နင် ငါပြောတာကိုယုံပြီမဟုတ်လား၊ နင်တို့လူကအခုဆိုရင် လူစင်စစ်က ကျောက်ဖြစ်နေပြီ၊ နင့်ကိုငါ သူရှိတဲ့နေရာ လိုက်ပြပေးမယ်”

ထိုသို့ပြောပြီးခေါ်သွားရာ တစ်နေရာရောက်သောသွေ့ခြောက်နေပြီဖြစ်သော ကျောက်ရေအိုင်တစ်ခုအတွင်းတွင် လူစင်စစ်မှ ကျောက်ရုပ်ဘဝ ရောက်နေပြီဖြစ်သောထရမ်ကို စိတ်မကောင်းစွာတွေ့ရလေသည်။

သို့သော် ဘာမှမတတ်နိုင်တော့ပေ. . .။







# အခန်း ( ၈ )

# နဂါးဘဝမှလာသောသူ

တစ်နေ့သ၌ နီမောင်တို့နေသော သုဝဏ္ဏရွာရှိသည့်နေရာ ပင်လယ်ဆိပ်ကမ်းသို့ ကမ်းရိုးတန်းနှင့်ပင်လယ်ပြင်သို့ သွားလာနိုင်သော သင်္ဘောတစ်စင်း ရောက်လာလေသည်။ သင်္ဘောမှာ ‘ပင်လယ်မင်းသား’ဟု အမည်ပေးထားပြီး အတော်အတန်ကြီးသော သင်္ဘောတစ်စင်းလည်းဖြစ်ပေသည်။ ထိုသင်္ဘောမှာ ဒေါက်တာမင်းထင်ကျော် ပိုင်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



သော သင်္ဘောပင်ဖြစ်သည်။

ပင်လယ်ခရီး သွားလာရာ၌သော်လည်းကောင်း၊ ပင်လယ်ပြင်၌ ရတနာသိုက်များ ရှာဖွေရာ၌သော်လည်းကောင်း အသုံးပြုနိုင်ရန်အတွက် ခေတ်မီစက်ကိရိယာများ တပ်ဆင်ထားလေသည်။ ထိုသင်္ဘော၌ စက်ဆရာ သင်္ဘောသား(၁၀) ယောက်ခန့်ပါသည်။

ထိုသင်္ဘောပေါ်တွင် ဒေါက်တာမင်းထင်ကျော် အပါအဝင် ဆရာကြီးသူရဇ္ဇနှင့် ဦးဗန်ကောင်းတို့နှစ်ဦးလည်း လိုက်ပါလာကြသည်။ သင်္ဘောကို ပင်လယ်ပြင်မှ ဖြတ်မောင်းလာစဉ်ကပင် မီးခိုးများထွက်နေသော မီးတောင်တစ်လုံးကို လှမ်းမြင်ရသည်။ ဒေါက်တာမင်းထင်ကျော်က သင်္ဘောဦးပိုင်းမှ အဝေးကြည့်မှန်ပြောင်းဖြင့် ကြည့်ပြီးမှ အနားမှာရှိနေသည့် ဆရာကြီးသူရဇ္ဇတို့နှစ်ယောက်အား ပြောပြလိုက်သည်။

"မြေပုံထဲကအညွှန်းအရတော့ 'ဟာလမာဟီရာ'ကျွန်းရှိတဲ့နေရာဘက်လောက်မှာ ဖြစ်မယ်ထင်တယ်ဆရာကြီး၊ မီးခိုးတွေ ထွက်နေတဲ့ မီးတောင်တစ်လုံးမြင်နေရတယ်"

ထိုသို့ပြောတော့ ဆရာကြီးသူရဇ္ဇက ဆေးတံသောက်နေရင်းမှ ခေါင်းညိတ်ပြသည်။

"မီးတောင်တစ်တောင်ပေါက်ကွဲဖို့ဆိုတာ အတော်ကြာတယ်၊ မီးသေတောင်ကနေ မီးရှင်တောင်ဖြစ်ဖို့ဆိုတာလည်း အတော်တိုက်ဆိုင်မှ ဖြစ်တတ်တာမျိုးပဲ"

"မှန်ပါတယ် ဆရာကြီး"

"အင်ဒိုနီးရှားဟာ မြေအောက်မှာ ချော်ရေပူတွေ အများဆုံးရှိပြီး မီးတောင်တွေလည်း အများဆုံးရှိတဲ့နေရာတစ်ခုပဲ"

"ဟုတ်ပါတယ်၊ ကျွန်းကြီးငါးကျွန်းနဲ့ ကျွန်းငယ်ပေါင်း '၃၀၀၀'ကျော်လောက်ရှိတဲ့ အဲဒီမှာ မီးတောင်တွေလည်း အများကြီးရှိတယ်၊ စာရင်းအရဆိုရင်တော့ မီးရှင်တောင်(၇၀) လောက် ရှိပါတယ်"

"မီးရှင်တောင် (၇၀)လောက်ရှိတဲ့ နေရာတစ်ဝိုက်မှာ မီးတောင်တစ်တောင် ပေါက်ကွဲဖို့က သိပ်တော့မခက်လှပါဘူး၊ ဒါပေမယ့် ကျွန်တော်တို့ရှာရမယ့် မီးတောင်က ဘယ်နေရာလောက်မှာ ဖြစ်မလဲ ဆရာကြီး"

ဦးဗန်ကောင်းက ဝင်မေးလိုက်သည်။

"ကာတနာဂရ မင်းဆက်တွေအုပ်စိုးထွားခဲ့တဲ့ နာဝရမြို့ဟောင်းရှိခဲ့တဲ့ နေရာတစ်ဝိုက်က မီးတောင်ဟောင်းတွေကိုပဲ ဦးစားပေးရှာရမှာပေါ့"

"အဲဒီနေရာက မီးတောင်ပေါက်ရင် ဘယ်လိုထူးခြားမှုတွေ ဖြစ်နိုင်သလဲ ဆရာကြီး"

ဦးဗန်ကောင်းက လိုက်လာသော်လည်း ထိုအကြောင်းကို ဂဃနဏ မသိသေးသဖြင့် မေးလိုက်ခြင်းဖြစ်သည်။

"မီးတောင်ပေါက်ကွဲတာနဲ့ တပြိုင်နက် ချော်ရေပူ





www.burmeseclassic.com

www.burmeseclassic.com



တွေနဲ့အတူ ရွှေမိုး၊ ငွေမိုး၊ ကျောက်မျက်ရတနာတွေပါ တစ်ပါတည်း ပါလာမှာပေါ့”

ဆရာကြီးသူရဇ္ဇက နက္ခတ်ပညာများအပြင် ထူးခြားသောအာရုံစွမ်းအင် (အကြားအမြင်အာရုံ)များ ရရှိထားပြီးဖြစ်သောကြောင့် ဦးဗန်ကောင်းလည်း ထွေထွေထူးထူး ထပ်မမေးတော့ပေ။

သို့သော် ဆရာကြီးသူရဇ္ဇပြောသည့် မီးတောင်ပေါက်ကွဲစဉ်မှာ ကျောက်မျက်ရတနာ မိုးများပါ ရွာချမည်ဆိုသောအကြောင်းကတော့ စိတ်ဝင်စားစရာပင် ဖြစ်ပေသည်။

ရန်ကုန်မြို့မှာရှိကြစဉ်ကပင် ဆရာကြီးသူရဇ္ဇက ဒေါက်တာမင်းထင်ကျော်နှင့် ဦးဗန်ကောင်းတို့နှစ်ဦးအား အိမ်သို့ခေါ်ပြီးနောက် ထိုအကြောင်းကို ပြောပြခဲ့ခြင်းသည်။

“ခင်ဗျားတို့နှစ်ယောက်ကို ခေါ်ပြောတာ တခြားတော့ မဟုတ်ဘူးဗျ၊ အခု လပိုင်းတွေလောက်မှာပဲ ရွှေမိုး၊ ငွေမိုး၊ ကျောက်မျက်ရတနာမိုးတွေ ရွာချတော့မှာဗျ”

“ဟင်. . ဘယ်နေရာမှာရွာမှာလဲ ဆရာကြီး”

“မီးတောင်ရှိတဲ့ နေရာမှာ ရွာမှာဗျ၊ ပင်လယ်ကမ်းခြေနဲ့နီးတဲ့ ကျွန်းလေးတစ်ကျွန်းပေါ်မှာ ဖြစ်လိမ့်မယ်”

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က တစ်စုံတစ်ခုကို စဉ်းစားမိသဖြင့် ပြောလိုက်သည်။

“ယခုတလော ရေဒီယိုသတင်းတစ်ခု ကြေငြာတာ





ကြားလိုက်တယ်၊ ဟာလဟာဟီရာကျွန်းပေါ်က မီးတောင်တစ်လုံး ပေါက်ကွဲတော့မယ် လက္ခဏာမျိုး ဖြစ်နေတယ်လို့ သတင်းကြေငြာနေတယ်”

“ဟာလဟာဟီရာဆိုတော့ အင်ဒိုနီးရှားဘက်ကကျွန်း ဖြစ်မှာပေါ့”

“ဟုတ်ပါတယ် ဆရာကြီး”

“မီးတောင်တစ်လုံးပေါက်တာကတော့ သိပ်မဆန်းလှပါဘူး၊ ဒါပေမယ့် နှစ်ပေါင်းများစွာကြာအောင် မီးသေနေပြီးမှ ချက်ချင်းအသက်ဝင်လာပြီး ပေါက်ကွဲရင်တော့ နည်းနည်းထူးဆန်းတာပေါ့၊ ဒါ့ထက် ကြောက်စရာကောင်းတဲ့ ချော်ရည်ပူတွေနဲ့အတူ ရွှေတွေ၊ ငွေတွေ၊ ကျောက်မျက်ရတနာတွေပါလာရင်တော့ အတော်လေးထူးဆန်းတာပေါ့”

“အဲဒါ ဘယ်လိုဖြစ်တာလဲ ဆရာကြီး”

“နောက်မှပြောပြပါ့မယ်၊ ကျုပ်တို့သုံးယောက် အဲဒီဘက်ကို ခရီးထွက်ကြရင် မကောင်းဘူးလား”

“ကောင်းတာပေါ့ ဆရာကြီး၊ ကျွန်တော်တို့ပင်လယ်ခရီးမသွားဖြစ်တာလည်း အတော်ကြာပြီ၊ ကျွန်တော့်မှာ ကိုယ်ပိုင်သင်္ဘောလည်းရှိတာပဲ သွားကြတာပေါ့၊ ဦးဗန်ကောင်းလည်း လိုက်မယ်မဟုတ်လား ”

“ကျုပ်က ပူစရာ နောက်ဆံတင်းစရာမှ မရှိတာ. . မောင်ထင်ကျော်တို့ ခရီးထွက်ရင် ဘယ်တုန်းကနေခဲ့ဖူးလို့လဲ



www.burmeseclassic.com

www.burmeseclassic.com

လိုက်မှာပေါ့"

ဤသို့တိုင်ပင်ပြီး ပင်လယ်ခရီး ထွက်လာကြခြင်းဖြစ်သည်။ ၎င်းတို့ဦးတည်သွားသော အင်ဒိုနီးရှားကျွန်းများဘက်မှာလည်း ခင်မင်သော မိတ်ဆွေများရှိကြသဖြင့် ထိုကျွန်းများဘက်သို့ ဦးတည်ပြီး ခရီးထွက်ခဲ့ကြခြင်း ဖြစ်လေသည်။ ယခုတော့ ဟာလဟာဟီရာကျွန်းကြီးပေါ်၌ရှိသော သုဝဏ္ဏရှိသည့်ဆိပ်ကမ်းသို့ သင်္ဘောကပ်မိကြပြီ ဖြစ်ပေသည်။

၎င်းတို့ရောက်လာသောအချိန်မှာ ညနေပိုင်းအချိန်ဖြစ်သောကြောင့် အလုပ်သွားနေသူများ ပြန်ရောက်လာကြသည့်အချိန်လည်းဖြစ်သည်။ ကမ်းသို့ ခေတ်မီသင်္ဘောတစ်စင်း ရောက်လာသဖြင့် ကုန်သည်သင်္ဘောဖြစ်မည်ဟု ထင်ကြသည်။ နောက်မှာ ဗမာပြည်ဘက်မှလာသော သင်္ဘောဖြစ်မှန်းသိကြသည့်အခါ ရွာလူကြီး ဇမုန်းထန်ကိုယ်တိုင် ဆိပ်ကမ်းသို့ ဆင်းလာပြီးကြည့်သည်။

ဆရာကြီးသူရဲ့ ဦးဇန်ကောင်း၊ ဒေါက်တာမင်းထင်ကျော်တို့ကိုမြင်သောအခါ များစွာဝမ်းသာသွားလေသည်။ မြန်မာပြည်နှင့်ဝေးနေတာကြာပြီဖြစ်ရာ မမျှော်လင့်ပဲ မိတ်ဟောင်းဆွေဟောင်းများနှင့် ပြန်တွေ့ရသဖြင့် များစွာဝမ်းသာသွားလေသည်။

"ဟာ. . ဆရာကြီးတို့ပါလား၊ ဘယ်ကလှည့်လာကြတာလဲ အခုလို ပြန်တွေ့ရတာ ဝမ်းသာစရာပဲ"





ထိုသို့ပြောပြီး အိမ်ပေါ်သို့ခေါ်သွားပြီး စားသောက်စရာများနှင့် ကျွေးမွေးဧည့်ခံကာ ရှေ့ဖြစ်နောက်ကြောင်းများ ပြောဆိုနေကြလျက် ရှိပေသည်။ ညဦးပိုင်းအချိန်ရောက်တော့ နီမောင်၊ စေထီး၊ ငမဲအောင်တို့သုံးယောက်ပါ ရောက်လာကြသည်။ နီမောင်တို့ကလည်း ဆရာကြီးတို့နှင့် ပြန်တွေ့ရသဖြင့် များစွာဝမ်းသာနေကြလေသည်။

ညဦးပိုင်းအချိန်ရောက်တော့ လက်ဖက်ရည်သောက်ရင်းနှင့် စကားဝိုင်းဖွဲ့ကြသည်။ သူတို့နှင့်မာရီနာလည်း ရှိနေသည်။ မာရီနာက ဆရာကြီးသူရဲ့ကို ကြည့်နေသော်လည်း ဆရာကြီးကတော့ မသိကျိုးကျွံပြုနေသည်။

"ကျုပ်တို့ဒီကို တကူးတကရောက်လာတာ တခြားမဟုတ်ပါဘူး၊ ဒီကျွန်းဘက်မှာ မီးတောင်တစ်လုံးပေါက်တော့မယ်သတင်းကြားလို့ လာကြည့်ကြတာပါ"

"ဟုတ်တယ် ဆရာကြီး၊ မီးခိုးတွေထွက်နေတာတော့ကြာပြီ၊ နဂါးမောက်တောင်လို့ခေါ်တယ်"

"ဘယ်လို ထူးခြားမှုတွေ တွေ့သလဲ"

"လျှပ်စီးတွေတော့ မကြာခဏလှုပ်နေတယ်၊ တလောက ရွာသားတစ်ယောက်တော့ အဲဒီဘက်သွားရင်းနဲ့ လူစင်စစ်က ကျောက်ရုပ်ဘဝ ရောက်သွားခဲ့တယ်၊ နီမောင်တို့အသက်တွေ မြင်ခဲ့ရတာဆိုတော့ သူ့ကိုမေးကြည့်ပါ"

ထိုအခါနီမောင်က တောထဲသွား၍ ကျောက်ရှာရင်း


www.burmeseclassic.com

www.burmeseclassic.com



မှ ထရမ်တစ်ယောက် ပျောက်သွားပြီးမှ ပြန်တွေ့သောအခါ လူစင်စစ်မှ ကျောက်ရုပ်ဘဝရောက်သွားပုံကို ပြန်ပြောပြလိုက်လေသည်။

"အံ့ဩစရာပဲ၊ ဒါထက် ကျောက်ရှာတယ်ဆိုတာ ဘယ်လိုရှာတာလဲ"

ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"ကျွန်တော်လည်း သေသေချာချာတော့ မသိပါဘူး၊ လူကြီးတွေပြောသံကြားတာကတော့ အရင်တစ်ခါ မီးတောင်ပေါက်တုန်းက ချော်ရေတွေနဲ့အတူ ရွှေငွေ ကျောက်မျက်ရတနာတွေ ပါလာတယ်လို့ပြောကြတယ်။ အခုရှာဖွေကြတာ ချော်ရည်ခဲတွေအောက်မှာရှိတဲ့ စိန်တွေ၊ ပတ္တမြားတွေကို ရှာကြတာပေါ့"ဟု ပြောပြသည်။

"အဲဒီလိုရှာတော့ ရသလား"

"ကံကောင်းရင်တော့ တန်ဖိုးရှိတဲ့ ကျောက်မျက်ရတနာတွေ ရကြပါတယ်၊ ကျွန်တော်တို့တော့ မရဖူးသေးပါဘူး"

နီမောင့် စကားကြားတော့ ရယ်လိုက်ကြသည်။

"မီးတောင်ပေါက်ရင် ချော်ရေတွေပဲ ထွက်လာတာ မဟုတ်ဘူးလား၊ ကျောက်မျက်ရတနာတွေက ဘယ်ကပါလာတာလဲ"

ဇမှန်းထန်က မေးသဖြင့် ဒေါက်တာမင်းထင်ကျော်





က ဖြစ်နိုင်စရာရှိသော အကြောင်းအရာတစ်ခုကို ပြောပြလေသည်။ ခရစ်တော်မပေါ်မီ နှစ်(၁၀၀)ခန့်ကပင် အိန္ဒိယနိုင်ငံတောင်ပိုင်းမှ ပလ္လဝါလူမျိုးကုန်သည်များသည် ရွက်သင်္ဘောများဖြင့် အရှေ့အိန္ဒိယကျွန်းစုများသို့ လာရောက်ကုန်ကူးကြသည်။ တစ်ကျွန်းမှတစ်ကျွန်း ရွှေ့ပြောင်းကြတာ နယ်ပယ်သစ်များ ချဲ့ထွင်ကြသည်။

ကျွန်းများပေါ်တွင်ရှိနေကြသည့် ဒေသခံတိုင်းရင်းသားတို့အား ရွှေပုတီး၊ ရွှေသွယ်ပျောင်း၊ ဆင်စွယ်ဘီး စသောအသုံးအဆောင်များ၊ အခြားအသုံးအဆောင်များ လက်ဆောင်ပေးကမ်း၍ မိတ်ဆွေဖွဲ့ကာ အတူရောနှောနေထိုင်ခဲ့ကြသည်။

ပလ္လဝါတို့သည် ရှေးဦးစွာ ဆူမတြားကျွန်း၏ အရှေ့မြောက်ပိုင်းကမ်းခြေဒေသများ၌ စတင်အခြေချကာ နေထိုင်ခဲ့ကြသည်။ မကြာခင် ဆူမတြားကျွန်းစုများ၏ ကုန်းမြေများပေါ်တွင် သစ်တပ်မြို့ကလေးများပြုလုပ်၍ နေထိုင်ကြရာ ရှစ်မြို့ခန့် ရှိခဲ့သည်။

နောက်တော့ သစ်လုံးကာရံသော သစ်တပ်မြို့မှ အုတ်မြို့ရိုးများပြုလုပ်၍ အခိုင်အခံ့ပြုလုပ်ကာ နေထိုင်ကြသည်။ ပလ္လဝါတို့သည် ဗြာဟ္မဏဂိုဏ်းဝင် ဟိန္ဒူများဖြစ်ရာ ၎င်းတို့ကိုးကွယ်သော ဟိန္ဒူဘုရားကျောင်းများလည်း တည်ဆောက်ကြသည်။ နောက်ပိုင်းမှာတော့ ဆူမတြားကျွန်းသာ

www.burmeseclassic.com

www.burmeseclassic.com



မကတော့ဘဲ ဂျားဗားကျွန်း၊ ဗောနီယိုကျွန်းစသည်တို့၌ပါ ပလ္လဝါတို့ အခြေချနေထိုင်ခဲ့ကြသည်။ ဂျားဗားကျွန်းကို စတင် အခြေတည်သော ပလ္လဝါမင်းမှာ 'အဇိသက'ဟု အမည်ရှိလေ သည်။

ပလ္လဝါတို့ကောင်းစားတိုးတက်လာသောအခါ အေဒီ ၄-ရာစုနှစ်မှစတင်၍ ပလ္လဝါတို့သည် ဗုဒ္ဓအယူဝါဒကို သက် ဝင်ယုံကြည်သူများ ဖြစ်လာကြသည်။ အရှေ့အိန္ဒိယကျွန်းများ ပေါ်၌ နေထိုင်မှုကြာလာပြီး နေသားကျလာသောအခါ ဒေသခံတိုင်းရင်းသား လူမျိုးသစ်သဖွယ် ဖြစ်လာကြသည်။

ဆူမတြားတွင် 'သီရိဝိဇယ'အမည်ရှိသော နိုင်ငံသည် တန်ခိုးကြီးမား၍ ဗုဒ္ဓအယူဝါဒကို ယုံကြည်သက်ဝင်သော နိုင်ငံဖြစ်လာသည်။ ထိုအချိန်ထိ ဂျားဗားနှင့်ဗော်နီယိုကျွန်း တို့၌ နေထိုင်ကြသူတို့မှာ ဟိန္ဒူအယူဝါဒကို စွဲမြဲလျက်ပင် ရှိကြသည်။

ဆူမတြားကျွန်းနှင့် ဂျားဗားကျွန်းတို့သည် သက်ဝင် ယုံကြည်သည့်အယူဝါဒချင်း မတူရုံမကဘဲ စီးပွားရေးအရ ကုန်သွယ်မှုများ၌လည်း မသင့်မတင့် ဖြစ်လာကြသည်။

၁၂၆၈-ခုနှစ်ဝန်းကျင်တွင် သိဃ်သာရီနိုင်ငံဟူ၍ ပေါ်ပေါက်လာပြီး 'ကာတနဂရမင်း' အုပ်စိုးသည်။ ထိုမင်း စိုးစံသောမြို့ကို နာဂရ မြို့တော်ဟုပင် ခေါ်ဝေါ်ကြသည်။ အဓိပ္ပာယ်ကတော့ နဂါး အမျိုးအနွယ်များနေသော နေရာဟု



အဓိပ္ပာယ်ရလေသည်။

နောက်ပိုင်းမှာတော့ နာဂရမင်းသည် စစ်သည်ဗိုလ် ပါ အင်အားပြည့်စုံသောအခါ အယူဝါဒမတူသော ဆူမတြား ကျွန်းကိုပါ ချီတက်တိုက်ခိုက်၍ သိမ်းပိုက်လေသည်။ နောက် ပိုင်းမှာတော့ တရုတ်နိုင်ငံကို စီမံအုပ်ချုပ်နေသော ကူဗလေခန် မင်းက ထိပါးရန်စကာ တိုက်ခိုက်လေရာ နဂရမြို့တော် ပျက် စီးလေသည်။

ထိုအခါ နဂရမင်းနှင့် အခြွေအရံတို့သည် မြို့တွင်းသို့ တရုတ်စစ်သည်များ ဝင်ရောက်မလာမီ ၎င်းတို့ပိုင်ဆိုင်သော ရွှေငွေ ကျောက်မျက်ရတနာတို့ကို လှည်းများဖြင့် သယ်ယူ သွားကြပြီးနောက်၊ ယခု နဂါးမောက်တောင်ဟုခေါ်နေသော မီးတောင်အတွင်းသို့ ပစ်ချလိုက်ကြလေသည်။

ထိုအချိန်က နဂါးမောက်တောင်မှာ မီးသေတောင် ပင်ဖြစ်သည်။ ထိုအဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ပြီး နှစ်ကာလ ကြာသောအခါမှာတော့ မီးသေတောင်မှ မီးရှင်တောင် ပြန် ဖြစ်ပြီးနောက် မီးတောင်ပေါက်ကွဲခဲ့ဖူးလေသည်။

ထိုသို့မီးတောင်ပေါက်ကွဲစဉ်က နဂရမင်းသို့ဝှက်ထား ခဲ့သော ရွှေငွေရတနာများမှာ ချော်ရည်ပူများနှင့် ရောနှောပါ လာပြီး တောင်ခြေတစ်ဝိုက်သို့ ကျလေရာ ရွှေမိုးငွေမိုး ရွာချ သကဲ့သို့ ရှိလေသည်။ နောက်ပိုင်း ချော်ရည်ပူများ အေးခဲသွေ့ ခြောက်သွားသောအခါမှာတော့ ထိုနေရာတစ်ဝိုက်သို့ ရောက်

www.burmeseclassic.com

www.burmeseclassic.com



ကြသောအခါ တန်ဖိုးရှိသော ကျောက်မျက်ရတနာများကို တွေ့ကြလေသည်။

ထို့နောက်ပိုင်းမှာတော့ ထိုနေရာသို့ တကူးတက သွားရောက်ကာ ရတနာပစ္စည်းများ ရှာဖွေကြခြင်းဖြစ်သည်။

“ဒါကြောင့် မီးတောင်ရဲ့ တောင်ခြေတစ်ဝိုက်မှာ တန်ဖိုးရှိတဲ့ ရွှေနဲ့ကျောက်မျက်ရတနာတွေရှာလို့ ရနေကြတာ ဖြစ်နိုင်ပါတယ်”

ဇမုန်းထန်တို့ကတော့ ထိုအကြောင်းများကို မသိကြပေ။ ယခုဒေါက်တာမင်းထင်ကျော်တို့ ရောက်လာတော့မှ သိကြရခြင်းပင် ဖြစ်သည်။

“ဒါဖြင့် ဆရာကြီးတို့ အခုလာကြတာ”

“ဒီတစ်ခါ မီးတောင်ပေါက်ရင် ရွှေငွေရတနာတွေ ပါလာနိုင်သေးတယ်ဗျ၊ ဒါကြောင့် စိတ်ဝင်စားလို့လာကြတာ”

ထိုသို့ပြောနေစဉ် မနီးမဝေးမှာထိုင်နေသော မာရီနာက ဆရာကြီးကို စူးစူးစိုက်စိုက်ကြည့်ရင်း ဝင်ပြောလိုက်သည်။

“ရတနာတွေက အများကြီးရှိသေးတယ်။ ဒီတစ်ခါ မီးတောင်ပေါက်ရင် အများကြီးပါလာမှာ”

ထိုသို့ပြောသဖြင့် ဆရာကြီးက သူမကိုစူးစူးစိုက်စိုက် တစ်ချက်ကြည့်ရင်း ပြန်မေးလိုက်သည်။

“နဂါးပြည်ကလာခဲ့တယ် ထင်ပါရဲ့”

ဆရာကြီး သူ့ရဲ့စကားကိုကြားတော့ မျက်လုံးအ



ဝိုင်းသားဖြစ်သွားကာ ဘာမှပြန်မပြောပေ။ နောက်မှတော့မှ မျက်နှာပေါ်သို့ မျက်ရည်များ စီးကျလာကာ လက်ဝါးဖြင့် မျက်နှာအုပ်ကာ ငိုနေသည်။ မနီးမဝေးမှာရှိနေသည့် နီမောင်ကပါ သူမအတွက် စိတ်မကောင်းဖြစ်နေသည်။

“စိတ်မကောင်းဖြစ်မနေပါနဲ့တော့. ကုသိုလ်ကံကောင်းလို့ လူ့ဘဝတောင်ရခဲ့ပြီပဲ၊ အကုသိုလ်ကံကြွေးရှိနေသေးလို့ အခုလိုဘဝမျိုးဖြစ်နေပေမယ့် မကြာခင် ကောင်းမွန်တဲ့ဘဝကို ပြန်ရောက်ရမှာပါ၊ ဘာမှဝမ်းနည်းစရာမရှိပါဘူး”

ဟုပြောရာ ဘာမှပြန်မပြောပဲ ထိုနေရာမှ ထသွားလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၉ )
# မီးတောင်တွင်းမှအန္တရာယ်များ

နောက်တစ်နေ့မှာတော့ နဂါးမောက်တောင်ရှိရာဘက်သို့ ခရီးစတင်ထွက်ကြလေသည်။ ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဋ္ဌ ဦးဗန်ကောင်းတို့အပြင် နီမောင်၊ စောထီး၊ ငမဲအောင်တို့ပါ လိုက်ကြသည်။ ထို့ပြင် မာရီနာပါ လိုက်လာလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နဂါးမောက်တောင်ဟု ဒေသခံများကအမည်ပေးထားသောတောင်မှာ ဟာလဗာဟီရာကျွန်းပေါ်၌ရှိသော မီးရှင်တောင်များအနက် တစ်တောင်အပါအဝင်ဖြစ်သည်။

တောင်အမြင့်ကတော့ ပေပေါင်း ၃၀၀၀-ကျော် ၄၀၀၀ လောက်သာရှိသော်လည်း တောင်၏ပုံပန်းသဏ္ဌာန်ကတော့ အနည်းငယ်ထူးခြားသည်။ အဝေးမှကြည့်လျှင် တောင်ပေါ်မှ ခေါင်းထောင်ထနေသော နဂါးတစ်ကောင်၏ ဦးခေါင်းပုံသဏ္ဌာန်နှင့် များစွာတူလှသည်။ ယခုအခါ ထိပ်ပိုင်းမှ မီးခိုးငွေ့များ အူထွက်နေသောကြောင့် နဂါးခံတွင်းမှ အခိုးအငွေ့များ လွှတ်နေသကဲ့သို့ ရှိသည်။

တောင်နှင့်နီးသောတစ်ဝိုက်ရောက်တော့ နေရာအနှံ့မှာ ပြာမှုန့်များတွေ့ရသည်။ မီးခိုးငွေ့နှင့်အတူ ပါလာသော ပြာမှုန့်များက ပတ်ဝန်းကျင်တစ်ဝိုက်၌သော်လည်းကောင်း၊ ကျောက်တုံးများ၊ သစ်ပင်သစ်ရွက်များပေါ်သို့ ပျံ့နှံ့စွာကျနေသည်။ ဒေါက်ဟာမင်းထင်ကျော်က ဘူမိဗေဒပညာရပ်ကို အထူးပြုလေ့လာခဲ့သူဖြစ်သောကြောင့် ပြာမှုန့်များကျနေသော အခြေအနေကိုကြည့်ရုံဖြင့် မကြာခင် မီးတောင်ပေါက်တော့မည်ကို ခန့်မှန်းမိသည်။

တောထဲရောက်တော့ လူစင်စစ်မှ ကျောက်ရုပ်ဘဝသို့ ရောက်သွားရှာသော ထရမ်ရှိသောနေရာသို့ နီမောင်က ရှေ့မှဦးဆောင်သွားလေသည်။ ထိုနေရာရောက်တော့ ရေအိုင်



နှင့်တူသော ချိုင့်တစ်ခုထဲမှာ မတ်တပ်အနေအထားနှင့်ပင် ရှိနေသေးသော ထရမ်ကို စိတ်မကောင်းစွာပြန်တွေ့ရသည်။

မူလတွေ့ခဲ့ကြသော အခြေအတိုင်းပင် ရှိနေသော်လည်း ပွင့်နေသောမျက်လုံးပေါက်အတွင်းသို့ ပုရွက်ဆိတ်အနီကောင်များ ဝင်ရောက်နေကြသည်။ ပုရွက်ဆိတ်ကြီးများမှာ အကောင်အရွယ်အစားကြီးလှပြီး လူနှင့်တိရစ္ဆာန်တို့၏ အသားကို စားသောက်ကြသည်။

ယခု ထရမ်၏မျက်လုံးနှစ်ပေါက်မှာ ဟောင်းလောင်းဖြစ်နေပြီး ပုရွက်ဆိတ်ကြီးများက ထိုနှစ်ပေါက်မှ အတွင်းသို့ ဝင်လိုက်ထွက်လိုက်ဖြင့် အတွင်းမှအသားများကို ဝင်ရောက်စားသောက်နေကြခြင်းဖြစ်သည်။

ထိုနေရာရောက်တော့ အခြားသူများက မနီးမဝေးမှာနေကြသော်လည်း ဒေါက်တာမင်းထင်ကျော်ကတော့ အနားရောက်အောင်သွားပြီး အခြေအနေကြည့်သည်။ ပြီးမှ ခဲနေသော ကျောက်သားတစ်ခုကို ဖဲ့ယူလာလေသည်။

"ဒီကျောက်တွေက သဘာဝအတိုင်းဆိုရင် အမှုန်သဘောမျိုးပဲ. .၊ သက်တမ်းနုတဲ့ ကျောက်အမျိုးအစားတွေပဲ၊ ဒါပေမယ့် သာမန်အပူရှိန်ထက်များတဲ့ မီးအပူရှိန်နဲ့တွေ့ရင် အရည်ပျော်သွားတတ်ပါတယ်၊ သံကို မီးပြင်းပြင်းနဲ့ အပူပေးရင် ပျော်သလိုမျိုး ပျော်ကျသွားတတ်တယ်"

"ဒါဖြင့် သူက ဘယ်လိုဖြစ်သွားတာလဲ"

www.burmeseclassic.com



ဦးဗန်ကောင်းက မေးလိုက်သည်။

"မြေအောက်ကတက်လာတဲ့ မီးအပူရှိန်ကြောင့်. . ကျောက်သားတွေက အရည်ပျော်စပြုနေတဲ့အချိန်မှာ သူ ဒီအိုင်ထဲကို လဲကျသွားခဲ့တာ ဖြစ်ပါလိမ့်မယ်၊ သူကျသွားတဲ့ အချိန်မှာ တက်နေတဲ့အပူငွေ့က ပြန်လျော့သွားတာနဲ့ အပြင်က လေအေးနဲ့ထိတာနဲ့တင် အရည်ပျော်နေတဲ့ကျောက်ရေတွေက ခဲပြီး အခုလို ကျောက်ရုပ်ဘဝ ရောက်သွားတာပဲဖြစ်မှာပါ"

"ကျောက်ရေတွေက ဒီလောက်မြန်မြန်ခဲသလား"

"ခဲပါတယ် အရည်ဖျော်ထားတဲ့ အင်္ဂတေလိုပဲ ခဏချင်းနဲ့ ချက်ချင်းကျောက်သားဘဝ ရောက်နိုင်ပါတယ်"

ထိုအခါက နီမောင်က သိချင်သောအချက်ကို ဝင်မေးလိုက်သည်။

"ကျတာနဲ့ ချက်ချင်းထပြေးရင် မလွတ်နိုင်ဘူးလား ဆရာ"

"ထပြေးရင်တော့ ဒီအိုင်ထဲကတော့ လွတ်နိုင်ပါတယ် သေဘေးကတော့ လွတ်နိုင်မယ်မထင်ဘူး"

"ဟင်"

"သူ အိုင်ထဲက အပေါ်ပြန်ရောက်လည်း တစ်ကိုယ်လုံးပေနေတဲ့ ကျောက်ရေတွေက ကျောက်သားဘဝချက်ချင်း ပြောင်းသွားရင် သူသေမှာပါပဲ၊ ဘာကြောင့်လည်းဆိုရင် လက်





တွေခြေထောက်တွေက မလှုပ်နိုင်တော့ ပါးစပ်နဲ့နှာခေါင်းပေါက်မှာ ပိတ်နေတဲ့ ကျောက်ရေတွေကို မဖယ်နိုင်တော့ဘူး၊ နီကျောက်ရေတွေ ခဲသွားတာနဲ့ အသက်ရှူလို့ ရတော့မှာ မဟုတ်ဘူး"

"အဖြစ်ဆိုးလိုက်တာ"

နီမောင်က စိတ်မကောင်းစွာ ရေရွတ်လိုက်မိသည်။ ထိုအခါ အနားမှာရပ်နေသော မာရီနာက ဝင်ပြောသည်။

"သူက လောဘကြီးပြီး မလုပ်သင့်တာလုပ်လို့ သေရတာပါ"

"နင်က ဘယ်လိုသိတာလဲ"

ငမဲအောင်က မေးလိုက်သည်။

"သိတာပေါ့၊ ကျောက်တလားအောက်မှာရှိတဲ့ အလောင်းကို လက်ဖြတ်ယူလာမှတော့ သူသေတာပေါ့"

"ဒါ. . ဒါဖြင့် သူ့ကို ဖုတ်ကောင်တွေ နောက်ကလိုက်သတ်လို့ သေတာပေါ့. . ဟုတ်လား"

မာရီနာက ခေါင်းညိတ်ပြသည်။

"ကမ္ဘသကာပဲပေါ့လေ၊ ကိုင်း. . . မီးတောင်ဘက်သွားကြည့်ရအောင်"

ထိုသို့ပြောပြီး မီးတောင်ရှိရာဘက်သို့ ခရီးဆက်ခဲ့ကြလေသည်။ မီးတောင်ရှိသော တောအုပ်မှာမဝေးလှပေ။ တောအုပ်တစ်ခုမှဖြတ်သွားရာ တောအုပ်မှလွန်သောအခါ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



တောင်သချိုင်းများရှိသောနေရာသို့ ရောက်သွားကြသည်။

အောက်မှလှမ်းကြည့်သောအခါ ကျောက်စင်များ ပေါ်တွင် တင်ထားသော ခေါင်းတလားများ၊ ကျောက်တောင် နံရံတွင် အပေါက်များ ထွင်းဖောက်ပြီး ခေါင်းတလားများ ထည့်သွင်းထားသည်ကို လှမ်းမြင်ရသည်။

နေရာဒေသအသီးသီးတွင် သေဆုံးသွားသူတို့အား သင်္ဂြိုလ်သောနည်းအမျိုးမျိုးရှိရာ ထိုကဲ့သို့ ကျောက်တောင် နံရံ၌ ထွင်းဖောက်ထည့်သောနည်းမှာ ဆန်းကြယ်သော နည်း တစ်ခုဖြစ်သည်။ ကျောက်တောင်သချိုင်းများမှ ကျော်သော အခါ နဂါးမောက်တောင် တောင်ခြေသို့ ရောက်သွားကြ သည်။

ထိုနေရာရောက်တော့ နေရာအနှံ့တွင် တူးဆွထား သောကျင်းများ၊ တွင်းပေါက်များစွာတို့ကို တွေ့ရသည်။ ဒေသခံများက ကျောက်မျက်ရတနာများ တူးဆွရှာဖွေထား သော တွင်းများပင်ဖြစ်သည်။ ထို့ပြင် တောင်ထိပ်မှ မီးခိုးငွေ့ များနှင့်ပါလာသော ပြာမှုန့်များကလည်း နေရာအနှံ့တွင် တက်လျက်ရှိလေသည်။ အချို့နေရာများတွင် ကျင်းပေါက်ဝ များပင် ပြည့်နေသည်။

"ဒီတောင်ခြေတစ်ဝိုက်မှာရှာရင် ရွှေတုံးတွေ၊ ပတ္တမြား တွေ၊ စိန်တုံးတွေရကြတယ်၊ ဒါကြောင့် တကူးတကလာရှာ ကြတာပဲ"





နီမောင်က ဒေသခံတစ်ဦးလိုဖြစ်နေသောကြောင့် နေရာအနှံ့တွင်ရှိသော ထူးခြားသောနေရာများကို လိုက်ပြ ပေးသည်။ တစ်နေရာရောက်တော့ ဒေါက်တာမင်းထင်ကျော် က အနားမှာရှိနေသော မာရီနာကိုမေးသည်။

"မီးတောင်အခြေအနေက ဘယ်လိုရှိသလဲ"

"မကြာခင် ပေါက်ကွဲတော့မှာ"

"အတွင်းမှာ ဘာတွေရှိနေလဲ"

"ချော်ရည်ပူတွေရှိတယ်၊ ကျောက်မျက်ရတနာတွေ လည်းရှိတယ်"

"ငါအထဲဝင်ကြည့်ချင်တယ်"

ဒေါက်တာမင်းထင်ကျော် စကားကြားတော့ မာရီနာ က အတော်ကြာသည်အထိ စဉ်းစားနေသည်။ အနားမှာရှိ နေသော နီမောင်ကလည်း မာရီနာဘယ်လိုပြန်ပြောလေမလဲ ဟု စိတ်ဝင်စားစွာဖြင့် ကြည့်နေသည်။

"ကြည့်ချင်ရင်တော့ လိုက်ပြပေးမယ်၊ ဒါပေမယ့် လူ အများကြီးတော့ ဆင်းလို့မသင့်ဘူး။ အန္တရာယ်ရှိတယ်"

"မင်းရယ် ငါရယ် နီမောင်ရယ် သုံးယောက်ဆင်းရင် ရမလား"

ထိုစကားကြားတော့ ခေါင်းညိတ်ပြလေသည်။ ထို့ပြင် ကျန်လူများကို အကျိုးအကြောင်းပြောပြကာ တစ်နေရာ၌ ထားခဲ့ပြီး နီမောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့သုံးယောက်



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်သောပစ္စည်းများ ပြင်ကြသည်။

တောင်တက်ရာတွင် အသုံးပြုသော ကြိုးခွေ၊ ပေါက်တူး၊ လက်နှိပ်ဓာတ်မီးတို့ကို တစ်ပါတည်း ယူသွားကြသည်။ ထို့နောက် မာရီနာက သူတို့နှစ်ယောက်ကို တောင်ခြေတစ်နေရာသို့ ခေါ်သွားလေသည်။

နီမောင်တို့နှစ်ယောက်က ထိပ်ပေါက်ဝမှ ကြိုးဖြင့် ခက်ခက်ခဲခဲ ဆင်းရမည်ဟု ထင်ကြသော်လည်း မဟုတ်ပေ။ မာရီနာက သူတို့ကို တောင်ခြေတစ်နေရာ၌ရှိသော တွင်းပေါက်တစ်ခုရှိရာသို့ ခေါ်ဆောင်သွားခြင်း ဖြစ်သည်။

"ဒါ နဂါးတွင်းပဲ၊ ဒီကနေဝင်ရမယ်"

ကြည့်လိုက်တော့ ကျောက်တုံးများနောက်တွင် လူတစ်ယောက် ချောင်ချောင်ချိချိဝင်နိုင်သော ဂူပေါက်တစ်ခုကို တွေ့ရသည်။ ဒေါက်တာမင်းထင်ကျော်က တွင်းပေါက်ဝအခြေအနေကိုကြည့်တော့ ထူးခြားမှုမတွေ့ရပေ။

"နင်က ဒီတွင်းပေါက်က ဝင်လို့ရမှန်း ဘယ်လိုသိနေတာလဲ"

နီမောင်က မေးလိုက်သည်။

"သိတာပေါ့၊ ငါ နဂါးဘဝတုန်းက ဒီနေရာကို လာဖူးတာပဲဟာ၊ နင်မယုံဘူးလား"

"ယုံပါတယ်"

ထိုသို့ပြောပြီးနောက် မာရီနာက ရှေ့မှဦးဆောင်ကာ





ဂူပေါက်အတွင်းသို့ဝင်လေသည်။ နီမောင်နှင့်ဒေါက်တာမင်းထင်ကျော်တို့က နောက်မှလိုက်ကြသည်။ ရှေ့မှသွားသော မာရီနာက မည်သည့်မီးရောင်မှမသုံးပဲ ဖြောင့်ဖြောင့်သွားနိုင်သော်လည်း နောက်မှလိုက်သောနှစ်ယောက်ကတော့ လက်နှိပ်ဓာတ်မီးရောင်ကို အသုံးပြု၍ လိုက်ကြရသည်။

အတွင်းရောက်တော့ ဂူပေါက်က အတော်ကျယ်သည်။ ကျောက်သားနံရံများချည်းရှိပြီး ချော်ရည်အနံ့များရနေသည်။ အချို့နေရာများတွင် ကျောက်ကြားမှ မီးခိုးများစိမ့်ထွက်နေသည်။ တစ်နေရာရောက်တော့ အောက်သို့ဆင်းသွားသော ကျောက်ထစ်များ တွေ့ရသဖြင့် ထိုမှနင်းကာ အောက်သို့ဆင်းကြလေသည်။ ကျောက်ဆစ်အတော်များများကို နင်းပြီးဆင်းသွားကြရာ အတော်ကြာတော့ အောက်ခြေတစ်နေရာသို့ ရောက်သွားကြသည်။

ထိုနေရာမှာ မီးတောင်အလယ်နေရာလောက်ဖြစ်သဖြင့် အပေါ်သို့မော့ကြည့်သောအခါ ထိပ်ဝအပေါက်ကို လှမ်းမြင်ရသည်။ ထိုအပေါက်မှတဆင့် ကောင်းကင်ပြာပြာကိုပါ မြင်ရသည်။ တွင်းနက်ထဲရောက်နေသည့်တိုင် အသက်ရှုရန် လေရနေခြင်းမှာ ထိုတွင်းပေါက်မှ လေဝင်လာနေခြင်း ဖြစ်ပေသည်။

"ဟိုဘက်မှာ ချော်ရေတွေရှိတယ်၊ အဲဒီနေရာမှာ ဘာနာတွေလည်း ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောတော့ နှစ်ယောက်စလုံးက စိတ်ဝင်စားသွားသည်။ ထို့နောက် မာရီနာက ၎င်းတို့နှစ်ယောက်ကို တစ်နေရာသို့ခေါ်သွားလေသည်။ သူတို့သုံးယောက်ထွက်သွားပြီး မကြာခင်မှာပင် စောစောကနေရာမှာရှိသော ကျောက်နံ့ရံများမှာ နီရဲလာလေသည်။ မရှေးမနှောင်းမှာပင် ထိုနေရာတစ်ဝိုက်မှာရှိသော ကျောက်သားနံရံများမှာ မီးကျီခဲများကဲ့သို့ နီရဲတက်လာလေသည်။

ထိုအခြေအနေကိုတော့ နီမောင်နှင့်ဒေါက်တာမင်းထင်ကျော်တို့ မသိကြပေ။ အောက်ဖက်ရောက်လာတော့ အပူငွေ့များက လာရောက်ဟပ်သဖြင့် မီးပုံအလယ်ရောက်နေသကဲ့သို့ဖြစ်ကာ ပူတက်လာသည်။ ချက်ချင်း ချွေးသီးချွေးပေါက်များ ထွက်လာတော့သည်။

ထိုနေရာရောက်တော့ အောက်ဖက်တွင် စီးနေသော ချော်ရေပူများကို မြင်ရသည်။ သူတို့ရောက်နေသောနေရာနှင့် မဝေးလှပေ။ မီးတောက်မီးလျှံများကြောင့် နီရဲနေသော ချော်ရည်ပူများ၏ အပူငွေ့ကြောင့် အရှင်လတ်လတ်မီးဖိုပေါ် ရောက်နေသကဲ့သို့ ဖြစ်နေသည်။

“အဲဒီချော်ရေပူတွေရဲ့အောက်မှာ ရတနာတွေရှိတယ်”

မာရီနာက ပြောပြသည်။ မီးအပူရှိန်ကြောင့် နီမောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့နှစ်ယောက်မှာ ချွေးပြန်နေ





ကြသော်လည်း မာရီနာကတော့ ဘာမှအခြေအနေမထူးဘဲ သက်တောင့်သက်သာ ရှိနေလေသည်။

“ဒီလောက်ပူပြင်းတဲ့ ချော်ရည်တွေအောက်မှာ ရောက်နေတဲ့ ရတနာတွေကို ဘယ်လိုယူမလဲ”

နီမောင်က မေးလိုက်သည်။

“မပူပါနဲ့၊ မကြာခင် မီးတောင်ကြီးအပေါက်ထွက်တော့မှာ အဲဒီအခါကျရင် နင်တို့လိုချင်တဲ့ရတနာတွေ အပြင်ရောက်လာမှာပေါ့”

“ကဲကဲ . . ဒီလောက်တွေ့ရမြင်ရရင် တော်ပါပြီ၊ ဒီအထဲမှာ တဖြည်းဖြည်းပိုပူလာသလိုပဲ ပြန်ထွက်ကြရအောင်”

ဒေါက်တာမင်းထင်ကျော်က ပြောသဖြင့် သုံးယောက်သား လာလမ်းအတိုင်း ပြန်ထွက်ကြလေသည်။ သို့သော် အခြေအနေကတော့ လာစဉ်ကအခြေအနေမျိုး မဟုတ်တော့ပေ။

ကျောက်တောင်နံရံအချို့က နီရဲနေပြီး ရဲတက်လာသိုတ် ပြန်မှိန်သွားလိုက်ဖြစ်နေသည်။ အက်ကွဲကြောင်းများအတွင်းမှလည်း အချို့နေရာများမှ မီးခိုးငွေ့များ ထွက်နေသကဲ့သို့ အချို့နေရာများမှ ချော်ရည်ပူအချို့ စိမ့်ထွက်နေကြသည်။

အပြင်သို့ထွက်စရာလမ်းက ဝင်လာသော တစ်လမ်းသာရှိသည်။ ထိုလမ်းပေါ်မှာ ချော်ရည်ပူများ စီးဝင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ချော်ရည်ပူတွေ စီးလာနေပြီ၊ ဘယ်လိုလုပ်မလဲ"

နီမောင်က မေးလိုက်သည်။ အခြေအနေက ချော်ရည်ပူများပေါ်မှ ဖြတ်ပြေးဖို့တော့ ဘယ်နည်းမှမဖြစ်နိုင်ပေ။

"ငါ့နောက်ကသာ လိုက်ခဲ့ပါ"

မာရီနာက ထိုသို့ပြောပြီး ချော်ရည်ပူများရှိရာသို့ ဖြတ်လျှောက်သွားသည်။ ကျန်နှစ်ယောက်ကလည်း မထူးတော့ပြီမို့ နောက်မှလိုက်ကြရသည်။

ထူးခြားသောအချက်မှာ မာရီနာဖြတ်လျှောက်သွားသောနေရာမှာ လူတစ်ယောက်သွားသာရုံ လမ်းကြောင်းတစ်ခု ပေါ်နေရာ အန္တရာယ်ကင်းစွာနှင့်ပင် အပြင်ရောက်သည်အထိ ပြန်ထွက်နိုင်ခဲ့ကြသည်။

နီမောင်ကတော့ မာရီနာကိုကြည့်ကာ ပိုမိုအံ့သြလာမိလေသည်။ ထို့အတူ သာမန်မိန်းကလေးတစ်ယောက် မဟုတ်မှန်းလည်း စိတ်တွင်းမှလက်ခံလိုက်သည်။







# အခန်း ( ၁၀ )

# ဆိပ္ပူအိုးအတွင်းမှ နတ်ဆရာ

နောက်တစ်နေ့မှာတော့ ဇမုန်းထန့်နေအိမ်မှာ ဝင် လက်ဖက်ရည်နှင့် အစားအသောက်များ စားသောက်ရင်း စကားပြောနေကြသည်။

"မနေ့ကတွေ့ခဲ့ရတဲ့ အခြေအနေအတိုင်းဆိုရင်တော့ မီးတောင်က မကြာခင်ပေါက်ကွဲတော့မယ် အခြေအနေကို ရောက်နေပြီ၊ ကျွန်တော့သဘောပြောရရင်တော့ တောင်ခြေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့နီးတဲ့ နေရာမှာရှိတဲ့ရွာတွေ ရွှေ့ပြောင်းထားသင့်ပြီထင်တယ်"

ဒေါက်တာမင်းထင်ကျော်စကားကြောင့် ဇမုန်းထန်က လက်ဖက်ရည်သောက်ရင်း ခေါင်းညိတ်ပြသည်။

"ကျုပ်တို့ကတော့ မီးတောင်နဲ့လည်း နည်းနည်းဝေးလေတော့ ဒီလောက်မစိုးရိမ်ရပါဘူး၊ ဒါပေမယ့် ကြိုတင်ပြင်ဆင်မှုတွေတော့ အခုကတည်းက လုပ်ထားပါတယ်၊ လှေကြီးတွေ, သစ်ဖောင် ဝါးဖောင်ကြီးတွေ လုပ်ထားပြီးပါပြီ၊ ချော်ရေတွေရောက်လာတာနဲ့ လှေတွေနဲ့ ပင်လယ်ထဲမှာ သွားနေကြဖို့ပဲ"

"ကောင်းပါတယ်၊ ကြိုတင်ပြင်ဆင်ထားတော့ မမှားဘူးပေါ့၊ ဒါထက် တောင်ခြေနဲ့အနီးဆုံးမှာရှိတဲ့ ရွာတွေရှိတယ် မဟုတ်လား"

"ရှိတာပေါ့၊ ဒီနယ်တစ်ဝိုက်မှာ ရွာအကြီးဆုံး၊ အိမ်ခြေအများဆုံးပဲ၊ သူက တောင်ခြေနဲ့ အနီးဆုံးမှာရှိတယ်၊ ရွာနာမည်က မောဂနီရွာလို့ခေါ်တယ်"

"အဲဒီရွာကရော ဒီလောက်အန္တရာယ်များတဲ့ အခြေအနေရောက်နေတာတောင် နေကြတုန်းပဲလား"

ဦးဗန်ကောင်းက ဝင်မေးလိုက်သည်။

"သူတို့ရွာကတစ်မျိုးပဲ . ရွာမှာ တန်ခိုးသိဒ္ဓိရှိတဲ့ နတ်ဆရာကြီးတစ်ယောက်ရှိတယ်၊ အဲဒီနတ်ဆရာအားကိုးနဲ့နေ



ကြတာ"

"မီးတောင်ပေါက်ရင် နတ်ဆရာလည်း တားလို့မရဘူး၊ မှော်ဆရာလည်း တားလို့မရဘူး၊ ချော်ရေပူတွေနဲ့ တွေ့ရင်တော့ သေမှာပဲ"

ထိုအခါ ဆရာကြီးသူရဇ္ဇကပါ ဝင်မေးလိုက်သည်။

"သူတို့ယုံကြည်အားထားနေတဲ့ နတ်ဆရာက ဘယ်လောက်တောင် အစွမ်းထက်နေလို့လဲ"

"သတင်းကြားတာကတော့ အတော်လေး အစွမ်းထက်တယ်လို့ ပြောသံကြားတယ်၊ ဆူနေတဲ့ဆီဒယ်အိုးထဲမှာ ထိုင်ပြီး အဓိဋ္ဌာန်ဝင်နိုင်တယ်လို့ပြောကြတယ်"

"စိတ်ဝင်စားစရာပါလား"

"ဆရာကြီးတို့ စိတ်ဝင်စားရင်သွားပြီးလေ့လာလို့ ရပါတယ်၊ အဲဒီရွာလူကြီးက ကျုပ်နဲ့သိကျွမ်းပါတယ်၊ ဒီကနေ့ညမှာ တောင်သူတို့ရွာမှာ နဝါးကချေသည်တွေက နဂါးအကဖြေဖျော်မယ်လို့ သတင်းကြားတယ်"

ဟု ပြောသဖြင့် ရောက်တုန်းရောက်ခိုက်သွားရောက်လေ့လာကြည့်ရန် ပြောလိုက်သည်။ ညနေပိုင်းရောက်တော့ မောဂနီရွာသို့ သွားရန်ပြင်ကြသည်။ ဆရာကြီးသူရဇ္ဇ၊ ဦးဗန်ကောင်း၊ ဒေါက်တာမင်းထင်ကျော်၊ နီမောင်၊ စောထီး၊ မိအောင်နှင့် ဇမုန်းထန်တို့သားအဖပါ လိုက်လာကြသည်။

တစ်ရွာနှင့်တစ်ရွာ မဝေးလှသောကြောင့် ခြေလျင်

www.burmeseclassic.com

www.burmeseclassic.com



ပင် သွားကြရာ ညနေစောင်းအချိန်တွင် ဇော်ဂနီရွာမှ ရွာလူကြီး ဆူရာဂျာနေအိမ်သို့ ရောက်သွားကြသည်။ ဆူရာဂျာက တစ်ဖက်ရွာမှ ရွာလူကြီးကိုယ်တိုင်ပါလာသည်ကတစ်ကြောင်း၊ မျက်နှာစိမ်းဧည့်သည်များပါလာသောကြောင့် ကောင်းမွန်စွာကြိုဆိုဧည့်ခံလေသည်။

"ဧည့်သည်တွေပါလား ဘယ်အရပ်က လာကြတာလဲ"

"သူတို့က ဗမာပြည်ကလာကြတဲ့ ဧည့်သည်တွေပါ"

"ဒီညဒီရွာမှာ နဂါးကပွဲရှိတယ် သတင်းကြားလို့လာကြည့်ကြတာပါ"

ဇမုန်းထန်က ပြောလိုက်သည်။

"ဟုတ်ပါတယ်၊ နတ်ဆရာကြီးအိမ်မှာ လုပ်ကြမှာပါ။ ခင်ဗျားတို့ ကံကောင်းရင်တော့ နတ်ဆရာကြီးနဲ့တွေ့ပြီး မေးချင်တာ မေးလို့ရကြတာပါ"

"ဒါထက် နောက်ဘက်မှာရှိတဲ့ မီးတောင်အခြေအနေကရော စိတ်ချရပါ့မလား၊ ခင်ဗျားတို့ဘယ်လို အစီအစဉ်တွေ လုပ်ထားပြီးပြီလဲ"

"ကျုပ်တို့တော့ ဘာမှမလုပ်သေးပါဘူး၊ တကယ်လို့ မီးတောင်ပေါက်ကွဲနိုင်တဲ့ အခြေအနေရောက်ရင် မြေအောက်မှာရှိတဲ့ နဂါးတွေရဲ့အစွမ်းနဲ့ ကာကွယ်ပေးမယ်လို့ ပြောထားပါတယ်"



ထိုစကားကြားသောအခါ အတူပါလာသော မာ့ရှိနာက ပါးစပ်ကိုလက်ဝါးဖြင့်အုပ်ကာ ရယ်လိုက်လေသည်။

"ဟီးဟီး. . ရယ်စရာပဲ၊ နဂါးတွေက ကယ်ပေးမှာမဟုတ်ဘူး၊ လူတွေသေတာကြည့်ပြီး ဝမ်းသာနေကြမှာ"

ထိုသို့ တိုးတိုးပြောလိုက်ရာ ဇမုန်းထန်က တံတောင်ဖြင့် တွတ်လိုက်တော့မှ မျက်နှာပိုးသပ်သွားလေသည်။ ညနေပိုင်းရောက်တော့ ရွာလူကြီး ဆူရာဂျာကိုယ်တိုင် ဧည့်သည်များကို နဂါးကပွဲကျင်းပမည့်နေရာသို့ လိုက်ပို့ပေးလေသည်။

ရွာလူကြီးကိုယ်တိုင် ပါလာသောကြောင့် နတ်ဆရာကြီး ယက္ခရက သင့်တော်သောနေရာမှာခေါ်ကာ အစားအသောက်များဖြင့် ကျွေးမွေးဧည့်ခံလေသည်။

"ခင်ဗျားတို့ရောက်လာတာအတော်ပါပဲ၊ ဒီည နဂါးကပွဲအပြင် ကိုယ့်ခန္ဓာကိုယ်နဲ့ရင်းပြီး မီးစောင့်နတ်တွေကိုပူဇော်မယ့် အခမ်းအနားလည်း ရှိပါတယ်"

ထိုအခါ ဒေါက်တာမင်းထင်ကျော်က မေးလိုက်သည်။

"နဂါးကပွဲ ပြုလုပ်တာ ဘာအတွက်ပါလဲ"

"မီးတောင်အောက်မှာရှိနေတဲ့ နဂါးတွေကို ပူဇော်ပေးတာပါ"

"မီးစောင့်နတ်တွေကိုလည်း ဘယ်လိုပူဇော်ပေးမှာပါလဲ"

"မကြာခင် မျက်မြင်တွေ့ရတော့မှာပါ။ အခုလိုရပ်ဝေး

www.burmeseclassic.com

www.burmeseclassic.com



ကလာကြတဲ့ ဧည့်သည်တွေရဲ့ရှေ့မှာ ပြုလုပ်ပြရတာ ဂုဏ်ယူစရာပါပဲ၊ ကဲ. . အစားအသောက်တွေစားကြသောက်ကြပါ"

ဟု ပြောဆိုကာ မင်ဖူရီကပင်ဦးဆောင်၍ မိန်းမပျိုလေးများနှင့်အတူ လာရောက်ဧည့်ခံပေးလေသည်။ နဂါးကပွဲအတွက် ဖီးလိမ်းပြင်ဆင်ထားသော မင်ဖူရီမှာ ခါတိုင်းထက်ပိုမို၍ ချောမောလှပနေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ဒီလိုနေရာမျိုးမှာ ချောမောလှပသော မင်ဖူရီ၏အလှကို တွေ့ရသဖြင့် အသိအမှတ်ပြုသောအနေဖြင့် မကြာခဏကြည့်နေမိသည်။

မင်ဖူရီကလည်း သူတို့အရပ်ဒေသတွင် တွေ့ရန်ခက်ခဲသောအသွင်အပြင်ဖြင့် ခန့်ညားသော ဥပမိရုပ်ရည်ရှိသည့် ဒေါက်တာမင်းထင်ကျော်အား စိတ်ဝင်စားသော အမူအယာဖြင့် မကြာခဏကြည့်နေသည်။

"အဲဒါ နဂါးကချေသည်တစ်ယောက်ပဲ၊ သူက နတ်ဆရာရဲ့သမီးပဲ၊ ချောတာလှတာတော့ ပြောစရာမရှိဘူး၊ သူက ဆရာ့ကိုစိတ်ဝင်စားပုံရတယ်"

နီမောင်ကတိုးတိုးကပ်ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ပြုံးလိုက်သည်။ အချိန်ကလည်း ညနေပိုင်းသို့ရောက်လာပြီဖြစ်သောကြောင့် ရပ်ဝေးရပ်နီးမှ နဂါးကပွဲကြည့်ရှုရန် လူများရောက်လာကြသည်။

ရွာအတော်များများမှ လာရောက်ကြသဖြင့် လူအ



တော်များသည်။ ညဦးပိုင်းအချိန်ရောက်တော့ မီးများထွန်းပြီး တီးဝိုင်းမှ ရိုးရာသီချင်းများ တီးမှုတ်ဧည့်ခံသည်။

နောက်တော့ နတ်ဆရာကြီးကိုယ်တိုင် အဓိဋ္ဌာန်ဝင်ပြီး နဂါးများကိုပူဇော်မည့်နေရာသို့ ခေါ်သွားလေသည်။ ထိုနေရာမှာ နဂါးကပွဲကျင်းပမည့် မဏ္ဍာပ်အပြင်ဘက်၌ဖြစ်ပြီး ကွက်လပ်ကျယ်တစ်ခုကို ကြိုးများဖြင့် ပတ်ဝိုင်းထားသည်။ အတွင်းသို့ သက်ဆိုင်သူမှလွဲ၍ အခြားသူများမဝင်ရပေ။

/ သုဝဏ္ဏရွာမှလာသော ဧည့်သည်များကိုတော့ ကြိုးဝိုင်းအပြင်ဘက် သင့်တော်သောနေရာ၌ နေရာချပေးသည်။ ကြိုးများဝိုင်းထားသော အလယ်နေရာမှာတော့ မီးဖိုကြီးတစ်ဖိုရှိသည်။ မီးဖိုပေါ်မှာ သံဒေါက်တိုင်လေးတိုင်စိုက်ပြီး မိုးပြဒယ်ကြီး တစ်လုံးထည့်ထားသည်။

မိုးပြဒယ်အလယ်နေရာလောက်တွင် ပတ်လည်သံဖြင့်ပြုလုပ်ထားသော အပြားသဏ္ဍာန် တစ်ခုက ရှိနေသည်။ ရုတ်တရက်ကြည့်ပါက ဦးထုပ်ဝိုင်းတစ်ခုနှင့် တူနေသည်။ မီးပြင်းထိုးထားသော မီးဖိုပေါ်တွင် မိုးပြဒယ်ကြီးတင်ထားပြီး ဆီအပြည့်ထည့်ထားသည်။

တပည့်တစ်ယောက်က မီးမပြတ်စေရန် ထိုးပေးနေသောအချိန်တွင် နတ်ဆရာက စည်းဝိုင်းအတွင်းဝင်လာပြီးနောက် အရပ်လေးမျက်နှာသို့ လက်အုပ်ချီလျက် ပူဇော်ကန်တော့နေသည်။ ပါးစပ်မှလည်း ဂါထာမန္တန်များကို ရွတ်ဆို

www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည်။

ငင်းက မီးပုံကြီးပေါ်မှ ဆီထည့်ထားသောဒယ်အိုးကို လှည့်ပတ်နေစဉ်မှာ ဆီအိုးအတွင်းမှာထည့်ထားသော ဆီများက ပွက်စပြုလာပေပြီ။ ထိုအခါ နတ်ဆရာက အားလုံးကြားအောင် အသံကျယ်ကျယ်ဖြင့် ပြောလိုက်သည်။

"မီးတောင်ကိုစောင့်သော နတ်ဒေဝတာအပေါင်းတို့၊ မီးနတ်အပေါင်းတို့၊ ချော်ရေပူများနှင့်သက်ဆိုင်သော နတ်အပေါင်းတို့အား ကျွန်ုပ်၏ကိုယ်ခန္ဓာအား ဆီပူထဲနှစ်၍ ပူဇော်ခြင်းပြုပါတော့မည်၊ အားလုံး အသိအမှတ်ပြုပေးကြပါကုန်လော့"

ထိုသို့ပြောလိုက်ရာ စည်းဝိုင်းအပြင်ဘက်၌ ရပ်ကြည့်နေသူတို့မှာ မျက်လုံးပြူးသွားကြလေတော့သည်။ ကြိုးဝိုင်းထားသော ဝိုင်းအတွင်းမှာတော့ နတ်ဆရာ ယက္ခရနှင့် တပည့်တစ်ဦးတို့သာ ရှိနေသည်။ တပည့်ဖြစ်သူကတော့ ဒယ်အိုးအောက်မှ မီးမပြတ်စေရန် ထင်းများထည့်ပေးနေပြီး ယပ်တောင်တစ်ချောင်းနှင့်လည်း တဖျပ်ဖျပ်ခပ်ပေးနေသည်။ ကြာတော့ ဒယ်အိုးအတွင်းမှ ဆီပွက်များထလာသည်။

ထိုအခြေအနေရောက်တော့မှ နတ်ဆရာက ဂါထာမန္တန်များ ရွတ်ဖတ်ပြီးနောက် ခုံတစ်ခုပေါ်မှတစ်ဆင့် ဆီပူဒယ်အိုးထဲသို့ ဆင်းသွားသည်။

"ဟာယ်"





"ဟင်"

"ထူးဆန်းလိုက်တာ"

"ထူးဆန်းတာမဟုတ်ဘူး၊ တန်ခိုးရှိလို့ သိဒ္ဓိရှိလို့ ဆီပူထဲ ဆင်းနိုင်တာပေါ့"

ဆူဆူညံညံအသံများပေါ်လာသည်။ ဆီဒယ်အိုးကြီးမှာ ဖိုခနောက်ပေါ်တင်ထားခြင်းမဟုတ်ဘဲ သံတိုင်လေးတိုင်စိုက်၍ တန်းပစ်ကာတင်ထားသောကြောင့် လူတစ်ယောက်တက်လိုက်သော်လည်း နည်းနည်းမှမလှုပ်ပေ။

နတ်ဆရာကြီးယက္ခရက ဆီပူအိုးထဲရောက်တော့ ဒူးတုပ်လျက် ငြိမ်သက်စွာထိုင်ကာ လက်အုပ်ချီထား၍ ပါးစပ်မှလည်း ဆုတောင်းမေတ္တာများ ပို့သပေးနေလေသည်။ စည်းဝိုင်းအပြင်ဘက်မှ သူ့ထက်ငါတိုးဝှေ့လျက် ကြိတ်ကြိတ်တိုးကြည့်နေကြသော လူများကတော့ မတ်တပ်ရပ်ပြီး အရိုအသေပေးသူကပေး၍ မြေပေါ်ထိုင်လျက်ကန်တော့သူ ကန်တော့ဖြင့် အလုပ်ရှုပ်နေကြသည်။

ဒေါက်တာမင်းထင်ကျော်က ထိုအခြေအနေကို စူးစူးစိုက်စိုက်ကြည့်နေလေသည်။ ခဏကြာတော့ နတ်ဆရာကြီးယက္ခရက မျက်စိပြန်ဖွင့်လာပြီး အသံကျယ်ကျယ်ဖြင့်ပြောသည်။

"ကျုပ်ရဲ့အဓိဋ္ဌာန် အောင်မြင်ပါပြီ၊ ဒါကြောင့်ကျုပ်ရှိနေသမျှ မီးတောင်ယဲကချော်ရေပူတွေ ဘယ်တော့မှ အပြင်



www.burmeseclassic.com

www.burmeseclassic.com

ထွက်လာတော့မှာမဟုတ်ပါဘူး၊ ဒါကြောင့် ကိုယ့်ဒေသမှာပဲ အေးအေးနေပြီး ကိုယ့်အလုပ်ကိုသာ လုပ်ကြပါ၊ မီးတောင်ရဲ့ အန္တရာယ်ကို ကျုပ်က ကာကွယ်တားဆီးပေးပါ့မယ်”

“ဟေး”

နတ်ဆရာစကားဆုံးသောအခါ ပရိသတ်များက သံပြိုင်အော်ဟစ်ကြလေသည်။ ထို့နောက်မှာတော့ နတ်ဆရာက ဆီပူအိုးထဲမှ ပြန်ဆင်းလာပြီးနောက်တွင် တပည့်ဖြစ်သူက မီးများကိုငြိမ်းသတ်လိုက်သည်။

“ဒီလောက်အစွမ်းထက်တဲ့ နတ်ဆရာတစ်ယောက် ဒီရွာမှာရှိနေတာ အတော်အားကိုးရတယ်ဗျ၊ ဒါကြောင့် ကျုပ်တို့တစ်ရွာလုံး မီးတောင်ပေါက်တာမျိုးလည်း မကြောက်ကြတော့ပါဘူး”

ဟု ရွာလူကြီး ဆူရာဂျာက ဂုဏ်ယူသောအသံမျိုးဖြင့် ပြောလိုက်လေသည်။

“ဒါထက် အရင်က မီးတောင်ပေါက်ကွဲတာမြင်ဖူးသလား”

ဆရာကြီးသူရဇ္ဇကမေးတော့ ဆူရာဂျာက ခေါင်းခါပြသည်။

“ပြောသံသာကြားဖူးပါတယ်၊ တစ်ခါမှတော့ မမြင်ဘူး မကြုံဖူးသေးပါဘူး”

“မီးတောင်ပေါက်ကွဲပြီဆိုရင် သိပ်ပြီးကြောက်စရာ





ကောင်းတယ်၊ ဘာနဲ့မှ တားဆီးလို့မရဘူး၊ သူ့ကိုအားကိုးတာလည်း အားကိုးပေါ့၊ ကြိုတင်ပြီးတော့ ပြင်စရာရှိတာလေးတွေလည်း ပြင်ဆင်ထားရင်မမှားဘူး”

ဆရာကြီး သူရဇ္ဇကပြောတော့ ဆူရာဂျာက ဘာပြန်ပြောရမှန်း မသိဟန်ဖြင့် မျက်လုံးအပြူးသားနှင့် ပြန်ကြည့်နေလေသည်။ ထို့နောက်မှာတော့ နဂါးကပွဲ စတင်တော့မည်ဖြစ်သောကြောင့် မဏ္ဍာပ်တွင်းသို့ ပြန်ဝင်ကြလေသည်။ သူတို့အဖွဲ့ကိုတော့ ရှေ့ဆုံးနေရာတွင် သီးခြားနေရာပေးထားလေသည်။

မဏ္ဍာပ်ကြီးအတွင်းမှာတော့ အောက်လင်းဓာတ်မီးများ ထွန်းထားသဖြင့် အလင်းရောင်များရနေသည်။ နဂါးကပွဲ ကျင်းပသောနေရာတွင် ကြီးမားသောနဂါးရုပ်တုကြီးရှိသည်။ ထို့ပြင် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပြုလုပ်ထားသော နတ်ရုပ်အပါအဝင် ရုပ်တုအတော်များများလည်း ရှိသည်။

ထိုအချိန်တွင် နတ်ဆရာကြီးယက္ခရ အဝတ်အစားလဲပြီး နတ်ရုပ်ထုများရှေ့သို့ရောက်လာသည်။ ထိုနေရာတစ်ကွက်တွင် ပြင်ဆင်ထားသော ကန်တော့ပွဲ၊ စားပွဲသောက်ပွဲများကို ပြင်ဆင်ပေးသည်။ နဂါးကပွဲမစတင်မီ ရွာသူရွာသားများက ရင်းတို့ယူလာသော ကြက်၊ ဘဲ၊ ဆိတ်တို့ကို သတ်ဖြတ်ပြီး သွေးဖြင့် နဂါးရုပ်တုနှင့် နတ်ရုပ်တုများကို ပူဇော်ကြသော ဆုတောင်းပသမှုများ ပြုလုပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဧင်းတို့အတွက် နတ်ဆရာကပင် တာဝန်ယူ၍ ပြုလုပ်ပေးရသည်။ အချို့ကလည်း နွားနို့၊ ပေါက်ပေါက်နှင့် သစ်သီးများ၊ မုန့်အမျိုးမျိုးတို့ ယူဆောင်လာပြီး ပူဇော်စေသည်။ နတ်ဆရာက ဧင်းတို့ယူလာသော ပစ္စည်းများကို နဂါးရုပ် နတ်ရုပ်များရှေ့၌ သူနေရာနှင့်သူ ချပေးပြီး ဆီမီးတိုင်၊ အမွှေးတိုင်များထွန်းကာ ဆုတောင်းပသမှုများ ပြုလုပ်ပေးလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ထိုအခြေအနေကိုကြည့်ကာ မြန်မာနိုင်ငံမှနာမည်ကြီး နတ်ပွဲများကျင်းပပုံနှင့် များစွာတူလှသည်ဟု စိတ်ထဲမှ ထင်မိလေသည်။ သစ်မွှေးသားအချို့နှင့် ပြုလုပ်ထားသော အမွှေးတိုင်များကို မီးထွန်းထားရာ ရနံ့များက မဏ္ဍာပ်တစ်ခုလုံး ပျံ့နှံ့နေသည်။

"မောင်ထင်ကျော်၊ နဂါးရုပ်ကြီးထုထားတာ အတော်အသက်ဝင်တယ်၊ မျက်လုံးနှစ်ဖက်မှာတပ်ထားတာ ပတ္တမြားတွေထင်တယ်"

ဦးဗန်ကောင်းက တိုးတိုးကပ်ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။ မကြာမီ ပူဇော်ပွဲများ ပြီးသွားသောအခါ နဂါးကပွဲကျင်းပရန် ကြေငြာပေးသည်။

ထိုသို့ကြေညာပေးသည်နှင့် တီးဝိုင်းမှ သက်ဆိုင်ရာ တီးလုံးများကို စတင်တီးမှုတ်ပေးလေသည်။ ထိုသို့တီးဝိုင်းမှ ဂီတသံများထွက်လာပြီး ,မရှေးမနှောင်းမှာပင် လျှပ်စစ်မီးများ





လှုပ်လေသည်။ အတော်အသင့် အင်အားရှိသည့် လျှပ်စစ်ဖြစ်သဖြင့် မဏ္ဍာပ်တွင်းမှာချိတ်ဆွဲထားသော အောက်လင်း ဓာတ်မီးများ ယိမ်းထိုးနေသည်။ နတ်ရုပ်များလည်း လှုပ်ခါနေသည်။ လျှပ်လှုပ်မှန်းသိတော့ တီးဝိုင်းက ရပ်လိုက်သည်။ ခဏကြာတော့ အခြေအနေက ပြန်ငြိမ်သွားလေသည်။

"ဘာမှမဖြစ်ပါဘူး၊ သက်ဆိုင်ရာ နဂါးတွေရောက်လာကြလို့ လျှပ်လှုပ်တာပါ၊ ကဲကဲ. . ဆက်ပြီး တီးကြမှုတ်ကြပါ"

ဟု နတ်ဆရာကပြောလိုက်တော့မှ တီးဝိုင်းမှပြန်တီးသည်။ သတ်မှတ်ထားသော အချိန်ရောက်တော့ မင်ဂူရှိ ခေါင်းဆောင်သော နဂါးကချေသည်များထွက်လာကြသည်။ စုစုပေါင်း (၉)ယောက်ဖြစ်သည်။ အားလုံး နဂါးဦးခေါင်းပုံသဏ္ဌာန်ခေါင်းဆောင်းများကိုယ်စီ ဆောင်းထားပြီး အစိမ်းရောင်ဝတ်စုံများ ဝတ်ဆင်ထားကြသည်။ ရောင်စုံပုတီးများ၊ ခါးသိုင်းကြိုးများလည်း ဝတ်ဆင်ထားကြသည်။

အားလုံးအသက် (၂၀)ဝန်းကျင်အရွယ်ခန့်သာရှိကြပြီး မိန်းမပျိုအားလုံး ချောမောလှပကြလေသည်။ နဂါးရုပ်တုကြီးရှေ့တွင် ကွက်လပ်ကြီးရှိပြီး နီးနွေ့ဖျာများခင်းထားသည်။ အားလုံး ထိုနေရာရောက်တော့ နဂါးရုပ်တုအား အရိုအသေပေးခြင်း၊ နတ်ဆရာကြီးအား အရိုအသေပေးခြင်းများ ပြုလုပ်ပြီးနောက်မှာတော့ ကပွဲကို စတင်လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

တီးဝိုင်းမှ ငြိမ့်ညောင်းသာယာသော တီးလုံးများကို တီးခတ်ပေးရာ စည်းချက်ဝါးချက်ညီစွာ ကပြကြသည်။ ၎င်းကပြခြင်းမှာ ညီညာလှပကြသဖြင့် နဂါးများကနေသည်နှင့် များစွာတူကြလေသည်။

"ဟိဟိ သူတို့ကနေတာ နဂါးနဲ့လည်း မတူဘူး၊ နဂါးကချေသည်တွေက ဒီလိုမှမကတာ"

မာရီနာက တိုးတိုးပြောသဖြင့် အနားမှာထိုင်နေသော နီမောင်က လက်ကိုကိုင်ပြီး သတိပေးလိုက်ရသည်။

"ဘာတွေပြောနေတာလဲ၊ တော်ကြာ ကြားသွားပါဦးမယ်၊ နင်က နဂါးကချေသည်တွေကတာ မြင်ဖူးလို့လား"

"မြင်ဖူးတာပေါ့၊ ငါတောင် ကတတ်သေးတယ်"

"ကတတ်ရင်လည်း နောက်မှက အခုတော့ သူတို့လုပ်နေတာ အနှောက်အယှက်ဖြစ်အောင် မဟုတ်တာတွေ မပြောနဲ့"

နီမောင်က တိုးတိုးပြောလိုက်တော့မှ ဘာမှပြန်မပြောပဲ ဇက်ကလေးပုသွားလေသည်။ နီမောင်တို့အတွက် နေရာပေးထားသောနေရာမှာ စည်းဝိုင်းအစပ်တွင်ဖြစ်သော ကြောင့် ကချေသည်များကနေသည်ကို အနီးကပ်မြင်ရ သည်။ နဂါးကချေသည်များကို ဦးဆောင်ကနေသော မင်းသမီး က ဒေါက်တာမင်းထင် ကျော်ထိုင်နေသည့် အနီးသို့ရောက် လာတိုင်း အဓိပ္ပာယ်ရှိသော အကြည့်မျိုးဖြင့် မကြာခဏလှမ်း





ကြည့်သွားလေသည်။

ဒေါက်တာမင်းထင်ကျော်ကတော့ ပွဲကိုသာကြည့် နေသော်လည်း စိတ်မဖြောင့်နိုင်ဘဲ ဖြစ်နေလေသည်။ စော စောက လျှောင်လှူပ်သွားတာ သတိပြုမိလိုက်သဖြင့် နောက် ထပ် လျှောင်လှူပ်လေမလားဟု သတိဖြင့်စောင့်နေခြင်း ဖြစ် သည်။

သို့သော် နောက်ထပ် ထူးထူးခြားခြားဘာမှမဖြစ် တော့မှ သက်ပြင်းချနိုင်တော့သည်။ ညဉ့်နက်ပိုင်း နဂါးကပွဲ သိမ်းတော့ရွာလူကြီးက ၎င်းနေအိမ်သို့ခေါ်သွားပြီး နေရာထိုင် ခင်းပေးသဖြင့် ထိုရွာမှာပင် ညအိပ်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com







## အခန်း ( ၁၁ )

# နတ်ဆရာနှင့် လွဲမှားနေသော အယူဝါဒ

နောက်တစ်နေ့နံနက်ပိုင်းအချိန်ရောက်တော့ ...ကြီး ဆူရာဂျာက နံနက်ခင်းအစားအသောက်များဖြင့် ...ည့်သည်များကို ကျွေးမွေးဧည့်ခံရင်း သိချင်သောအကြောင်း ...တို့ မေးသည်။

"ဒါထက် ဆရာကြီးတို့က ဒီနေရာကို ဘာအတွက် ...တ်လာကြတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



ထိုအခါ ဒေါက်တာမင်းထင်ကျော်ကပင် ပြန်ပြောသည်။

"ကျွန်တော်တို့က မကြာခင်ပေါက်ကွဲတော့မယ့် မီးတောင်ကို ကြည့်ရှုလေ့လာဖို့ လာကြတာပါ"

"ဟင် ဘယ်မီးတောင်က ပေါက်တော့မှာလဲ"

"ခင်ဗျားတို့ရွာနဲ့ မနီးမဝေးမှာရှိတဲ့ နဂါးမောက်တောင်လို့ခေါ်တဲ့ မီးတောင်ကအသက်ဝင်နေပြီ၊ မကြာခင် ပေါက်ကွဲတော့မှာပါ"

"ဟင် ဘယ်လိုသိတာလဲ"

"ကျွန်တော်တို့က သိပ္ပံနည်းနဲ့သုတေသနပြုနေကြတဲ့ သူတွေပါ၊ မီးတောင်အတွင်းကိုလည်း ဝင်ကြည့်ခဲ့ပြီးပါပြီ ချော်ရည်ပူတွေက အတော်ပြည့်နေပြီ၊ ဒါကြောင့် မကြာခင် ပေါက်ကွဲတော့မှာကို သိတာပါတယ်"

"နတ်. . နတ်ဆရာက မီးတောင်မပေါက်အောင် [illegible] တားပေးမယ်လို့ပြောတယ်"

"သဘာဝအတိုင်းပေါက်ကွဲမယ့် မီးတောင်ဖြစ်[illegible] တယ်၊ အဲဒီမီးတောင်ကို ဘယ်သူမှတားလို့မရပါဘူး၊ [illegible] လွတ်ဖို့ ကြိုတင်ကာကွယ်မှုတွေပဲလုပ်ရမှာပါ"

"မီးတောင်ပေါက်တော့မှာကို ဘယ်လိုသိတာ[illegible] ဟင်"

ဆူရာဂျာက မေးလိုက်သည်။



"သိပ္ပံနဲ့သက်ဆိုင်တဲ့အချက်တွေကိုတော့ ကျွန်တော် မပြောတော့ပါဘူး၊ ဒါပေမယ့် သဘာဝအတိုင်းသိနိုင်တဲ့နည်းတွေ အများကြီးရှိပါတယ်၊ မီးတောင်တစ်လုံး အသက်ဝင်လာပြီဆိုရင် ပြာမှုန့်တွေ မီးခိုးတွေထွက်လာပါတယ်"

ခေါင်းညိတ်ပြကြသည်။

"ပေါက်ကွဲဖို့ နီးလာရင် ငလျင်တွေမကြာခဏလှုပ်လာတယ်၊ ရေနည်းတဲ့ရေအိုင်တွေ ဆူပွက်ထလာတယ်၊ သက်တမ်းနုတဲ့ကျောက်တွေ အရေပျော်သွားတတ်တယ်"

"ဟုတ်တယ်. . ဟုတ်တယ်"

"မီးတောင်ပေါက်ကာနီးရင် တောတိရစ္ဆာန်တွေ တောင်နဲ့ဝေးရာကို ထွက်ပြေးကြတယ်၊ တွင်းအောင်းသတ္တဝါတွေ အပြင်ထွက်လာပြီး နေရာပြောင်းကြတယ်၊ ငှက်တွေ မကြာခဏ လန့်ပြီးပျံတတ်ကြတယ်"

"ဟုတ်တယ်၊ အခုတလော အဲဒါမျိုးတွေမကြာခဏ တွေ့နေရတယ်၊ ဒါထက် မီးတောင်ပေါက်ရင် ကျုပ်တို့ရွာက အဝေးသားပဲ၊ အန္တရာယ်တွေ ရောက်လာနိုင်ပါ့မလား"

"မီးတောင်ပေါက်ပြီဆိုရင် ချော်ရည်ပူတွေက ကောင်းကင်ကို တစ်မိုင်နှစ်မိုင်အထိ ပန်းတက်သွားတယ်၊ တောင်ပေါ်က စီးဆင်းလာတဲ့ ချော်ရည်ပူတွေဟာ တစ်နာရီကို မိုင်-၆၀ လောက်အရှိန်နဲ့ စီးဆင်းလာကြတော့ လူနဲ့တိရစ္ဆာန်တွေ ပြေးမလွတ်နိုင်ကြဘူး"

www.burmeseclassic.com

www.burmeseclassic.com



ဆူရာဂျာမှာ မျက်လုံးပြူးနေလေသည်။

"တောင်ခြေရောက်လို့ အရှိန်နှေးသွားတယ်ဆိုပေမယ့် မီးတောင်နဲ့အတော်ဝေးတဲ့ နေရာတွေရောက်တဲ့အထိ စီးဆင်းသွားကြတော့ ဒီနေရာတွေလည်း မလွတ်နိုင်ပါဘူး၊ နောက်တစ်ခုက မီးတောင်ပေါက်ကွဲတော့မယ်ဆိုရင် ပြင်းထန်တဲ့ ငလျင်တွေလှုပ်လေ့ရှိတယ်၊ ငလျင်တွေလှုပ်ရင် ပင်လယ်ထဲက ဆူမီနာလို ရေလှိုင်းကြီးတွေ ကမ်းပေါ်ရောက်လာလိမ့်မယ်၊ ပေ ၄၀-၅၀ လောက်မြင့်တဲ့ ဝင်လယ်ရေလှိုင်းကြီးတွေ တက်လာရင် တစ်ရွာလုံး ရေအောက်ရောက်သွားလိမ့်မယ်"

"ခင်ဗျားပြောပြမှ နေစရာတောင်မရှိတော့ပါလား၊ ကျုပ်တို့တစ်ရွာလုံးက နတ်ဆရာအားကိုးနဲ့ ဒီမှာနေကြတာ၊ သူက ဘေးအန္တရာယ်တွေကို ကာကွယ်ပေးမယ်လို့ ပြောထားတယ်၊ ညက ဆီပူအိုးထဲဝင်ထိုင်ပြတာ ခင်ဗျားတို့လည်း မြင်ကြတယ်မဟုတ်လား "

ပထမတော့ ဒေါက်တာမင်းထင်ကျော်က ထိုလျှို့ဝှက်ချက်ကို မပြောပဲနေဖို့ စိတ်ကူးမိသေးသည်။ မပြောခဲ့လျှင် နတ်ဆရာအားကိုးဖြင့် ဆက်နေပါက ရာပေါင်းများစွာသော လူတို့ သေကြေပျက်စီးရတော့မည်။ သို့ကြောင့် မပြောလိုသော်လည်း ပြောပြရသည်။

"ဒါကလျှို့ဝှက်ချက်ရှိပါတယ်"

"ဘယ်လိုလျှို့ဝှက်ချက်လဲ၊ ကျုပ် သိပါရစေ"



ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က ထိုလျှို့ဝှက်ချက်ကို ပြောပြရလေသည်။ နတ်ဆရာအသုံးပြုသော ဆီဒယ်အိုးမှာ သီးသန့်ပြုလုပ်ထားသော သံဒယ်အိုးမျိုးဖြစ်သည်။ အတွင်း၌တစ်ထပ်ခံထားသည်။ ထိုခံထားသောနေရာကို မမြင်နိုင်စေရန် နံဘေးမှ သံပြားအပိုတစ်ခုဖြင့် ပတ်ဝိုင်းကာထားသည်။

အသုံးပြုကာနီးတော့ ဒယ်အိုးအောက်ခြေသို့ ရေထည့်သည်။ ရေကအပေါ်တစ်ထပ်နှင့် တစ်ပေခန့်ခြားထားသည်။ အလယ်မှာတင်ထားသော အထပ်ပေါ်မှာ ဆီလောင်းထည့်ထားသည်။ အဝေးမှကြည့်လျှင် ဆီအပြည့်ထည့်ထားသည်ဟု ထင်ရသည်။ ဆီအောက်မှာအပူခံသော သံပြား၊ သံပြားပေါ်မှာ အပူခံသောအရာလည်း တင်ထားသည်။ သံပြားနှင့်ရေကြားတွင် ဘာမှမရှိပေ။

အောက်မှ မီးပြင်းထိုးပေးသော်လည်း အပူကို ရေကစုပ်ယူထားသောကြောင့် မပူပေ။ ရေကပူလာသည့်တိုင် အလယ်၌ဟထားသောကြောင့် အပေါ်သံပြားကမပူပေ။ သံပြားပူလာသည့်တိုင် အပူခံခံထားသဖြင့် ဆီကမပူတော့ပေ။

"ခင်ဗျားတို့ သတိမထားမိလို့ပါ တကယ်လို့သာ ဘာမှခံမထားတဲ့ဒယ်အိုးထဲကို ဝင်ထိုင်ရင် သူ့ရင်ဆို့လောက်အထိ ရောက်သွားမှာပါ၊ ဒါပေမယ့် သူက အပေါ်ယံမှာပဲ ဒူးတုပ်ပြီး ထိုင်နေခဲ့တာလေ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . ဟုတ်တယ်၊ ဒါပေမယ့် ဆီမျက်နှာပြင်မှာ ပွက်နေတာကရော ဘယ်လိုသဘောလဲ"

"အောက်က မီးထိုးပေးတော့ အောက်ခြေမှာခံထားတဲ့ရေက ဆူလာတယ်၊ ရေက အခိုးအငွေ့အဖြစ် လေဘောလုံးလေးတွေ မှုတ်လိုက်တော့ ဆီထုကိုဖြတ်တက်လာပြီးတော့ အပွက်ကလေးတွေ ထနေတာပါ"

"အင်း. . ခင်ဗျားပြောမှပဲ သဘောပေါက်တော့တယ် ကျုပ်တို့ကတော့ အဟုတ်ထင်နေကြတာ"

"ကျွန်တော်ပြောတာကို လက်တွေ့စမ်းချင်ရင် သံပုံးတစ်ပုံးကို နှစ်ထပ်လုပ်ပြီး အောက်မှာရေထည့်၊ အပေါ်မှာဆီထည့်ပြီး မီးပေးကြည့်ပါလား၊ အောက်ကရေဆူပေမယ့် အပေါ်ကဆီကတော့ ပူမှာမဟုတ်ပါဘူး"

ဟု ရှင်းပြလိုက်လေသည်။

" ကျေးဇူးတင်လိုက်တာ ဆရာရယ်၊ ခင်ဗျားတို့သာ ရောက်မလာခဲ့ရင် ကျုပ်တို့ကတော့ သူပြောတာယုံကြည်ပြီး ဒီအတိုင်း နေကြမှာပဲ၊ ဒါထက် ပြောရဦးမယ်၊ တစ်ခါတစ်လေ နဂါးမောက်တောင်ဘက်မှာ မီးလုံးကြီးတွေတက်လာပြီး ပျံ့ဝဲနေတာကရော ဘယ်လိုသဘောလဲ"

"ဒါက မီးတောင်ထဲကတက်လာတဲ့ မီးစုန်းဓာတ်တွေပါ၊ မီးစုန်းဓာတ်တွေစုမိသွားရင် အခုလိုပဲ မီးလုံးကြီးတွေ ပျံ့ဝဲနေတာကို တွေ့ရတတ်ပါတယ်၊ တစ်ချို့က စုန်းမီးတောက်စား



တယ်လို့ ထင်တတ်ကြပါတယ်၊ မီးစုန်းဓာတ်တွေက နွံရာသီ ပင်လယ်ပြင်မှာလည်း တွေ့ကြရတယ်၊ ပင်လယ်ပြင်မှာတွေ့တဲ့ မီးစုန်းတွေကိုတော့ ပင်လယ်စုန်းလို့ခေါ်ကြတယ်"

"ကျုပ်တို့လည်း အစကတော့ ဒီလိုပဲထင်ခဲ့ကြတာပါပဲ၊ အခု ဆရာတို့ရောက်လာပြီး ကျကျနန ရှင်းပြပေးတော့မှပဲ သိရပေတော့တယ်၊ ကျေးဇူးလည်း တင်ပါရဲ့ဗျာ၊ ဒါထက် မီးတောင်ကပေါက်ကွဲတော့မယ်ဆိုတော့ ကျုပ်တို့က ဘာတွေလုပ်ထားရမလဲ"

"ပြောင်းနိုင်ရင်တော့ တခြားနေရာကို ရွှေ့ပြောင်းနေတာအကောင်းဆုံးပဲ၊ မပြောင်းနိုင်သေးရင်တော့ မီးတောင်ပေါက်တာနဲ့ ကျွန်းတွေပေါ်မှာနေလို့ စိတ်မချရပါဘူး၊ ဒါကြောင့် လူနဲ့တိရစ္ဆာန်တွေ တင်သွားနိုင်လောက်တဲ့ လှေကြီးတွေ၊ သစ်ဖောင်၊ ဝါးဖောင်ကြီးတွေ ကြိုပြီးပြုလုပ်ထားသင့်ပါတယ်"

"ကောင်းပါပြီ ရွာသူရွာသားတွေကို သဘောပေါက်အောင်ပြောပြီးတော့ လုပ်သင့်တာတွေလုပ်ရမယ်၊ ဒါထက် မီးတောင်ပေါက်တာနဲ့ ရွှေမိုးငွေမိုးတွေ ရွာမယ်ဆိုတာလည်း ဖြစ်နိုင်ပါ့မလား"

ထိုအကြောင်းကိုတော့ ပြောပြသင့်သည်ထင်သဖြင့် ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ဖြစ်နိုင်ပါတယ်၊ ဒီတောင်ခြေတစ်ဝိုက်မှာ ရွှေးနှစ်

www.burmeseclassic.com


ပေါင်းများစွာက နာဂရမြို့ဟောင်း ရှိပါတယ်၊ ကာတနာဂရမင်းဆက်တွေ စစ်ရှုံးတော့ သူတို့ပိုင်ဆိုင်တဲ့ ရွှေငွေကျောက်မျက်ရတနာတွေကို ရန်သူတွေ မယူနိုင်အောင် မီးတောင်ထဲကို ပစ်ချထားခဲ့တယ် ”

ဆူရာဂျာက ခေါင်းညိတ်ပြသည်။

“ပထမတစ်ကြိမ် မီးတောင်ပေါက်တုန်းက ချော်ရေတွေနဲ့အတူ ကျောက်မျက်ရတနာတွေပါလာပြီး တောင်ခြေတစ်ဝိုက်မှာကျခဲ့တယ်၊ ချော်ရေတွေခဲသွားတော့ အောက်မှာရောက်နေတဲ့ ကျောက်မျက်ရတနာတွေကို အခုထိရှာဖွေယူနေကြသေးတယ် မဟုတ်လား”

“ဟုတ်ပါတယ်”

“ဒီတစ်ခါ မီးတောင်ပေါက်ရင်လည်း ရွှေနဲ့ကျောက်မျက်ရတနာတွေ အများကြီးပါလာနိုင်ပါသေးတယ်၊ ဒါကို စိတ်ဝင်စားလို့ ကျွန်တော်တို့တောင် ကိုယ့်သဘောနဲ့တက်ကူးတကလာပြီး ကြည့်ကြတာပါ”

ထိုသို့ပြောပြတော့မှ ဆူရာဂျာလည်း သဘောပေါက်သွားပြီး ဒေါက်တာမင်းထင်ကျော်တို့ကို ကျွေးမွေးဧည့်ခံလိုသောကြောင့် နောက်တစ်နေ့မှ ပြန်ရန်ပြောဆိုသဖြင့် နေကြရသည်။

ထို့နောက်မှာတော့ ဆူရာဂျာက ရွာခေါင်းများကိုခေါ်ပြီး ထိုအကြောင်းကို တိုးတိုးတိတ်တိတ် ပြောပြလိုက်သည်။ ပထမတော့ မယုံကြည်ကြပေ။ ဆူရာဂျာကိုယ်တိုင်လျှို့ဝှက်ချက်များကို ပြောပြတော့မှ ယုံကြည်လက်ခံကြလေသည်။

ညနေပိုင်းရောက်တော့ သူတို့တည်းခိုနေသောနေရာသို့ မင်ဇူရီကိုယ်တိုင် ရောက်လာပြီးပြောသည်။

“ကျွန်မအဖေက ရှင်နဲ့တွေ့ပြီး ပြောစရာတွေရှိလို့ အခေါ်ခိုင်းလိုက်ပါတယ်”

ဒေါက်တာမင်းထင်ကျော်က လက်ခံသည့်သဘောဖြင့် ခေါင်းညိတ်ပြလိုက်သည်။

“ဆရာတစ်ယောက်တည်းမသွားပါနဲ့၊ ကျွန်တော်ပါလိုက်ခဲ့မယ်”

နီမောင်ကပြောတော့ မာရီနာကပါ လိုက်ရန်ပြင်သည်။ ကျန်လူများကတော့ ရွာလူကြီးအိမ်၌ပင် ကျန်နေခဲ့ကြသည်။

“နင်ကဘယ်သူလဲ”

လမ်းရောက်တော့ မင်ဇူရီက အနားမှလျှောက်လာသော မာရီနာကို ကြည့်ရင်းမေးသည်။

“ငါက နဂါးပြည်ကလာတဲ့ နဂါးမင်းသမီးလေ”

ထိုသို့ပြန်ပြောတော့ သူ့ကိုနောက်ပြောင်နေသည်ဟုထင်သဖြင့် မင်ဇူရီက စိတ်ဆိုးသွားသည်။

“ငါက ကောင်းမေးနေတာ”



www.burmeseclassic.com

www.burmeseclassic.com

“ငါကလည်း မှန်တာပဲပြောတာပဲ၊ ငါ နဂါးမင်းသမီးဘဝတုန်းက နင်တို့က နဂါးကချေသည်တွေ ဖြစ်ခဲ့ကြကယ်၊ ဒါပေမယ့် အခုကတာတော့ မလှဘူး”

ထိုသို့ပြောပြီးရယ်နေတော့မှ မင်ဖူရီက သဘောပေါက်သွားဟန်ဖြင့်. . .

“ငါက အကောင်းမှတ်လို့ပြောနေတာ အခုကျမှ. .”

ဟု မကျေမနပ် ရေရွတ်နေသည်။

“ငါကို အရူးလို့ထင်နေလို့လား၊ နင်လည်းနဂါးပြည်က လာတယ်လို့ပြောနေတာပဲ၊ ဒါဆို နင်လည်းအရူးပဲပေါ့”

ထိုသို့ပြောနေစဉ်မှာ နီမောင်က ဝင်ပြီးဟန့်တားလိုက်တော့မှ မာရီနာက စကားရပ်သွားသည်။ ထို့နောက်နီမောင်က မင်ဖူရီဖကို တောင်းပန်လိုက်သည်။

“ဘယ်လိုမှ မအောင်းမေ့ပါနဲ့ သူက ဒီလိုပဲပြောတတ်ဆိုတတ်လို့ပါ”

မင်ဖူရီက ဘာမှပြန်မပြောတော့ပေ။ ထို့နောက် နတ်ဆရာကြီး ယက္ခရနေသောတဲသို့ ရောက်သွားလေသည်။ ထိုနေရာရောက်တော့ နတ်ဆရာကျွေးမွေးထားသော တပည့်အချို့လည်း ရှိနေသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ သွားလေရာ ကိုယ်နှင့်မကွာ ဆောင်ထားသော သေနတ်ကို မသိမသာ စမ်းကြည့်လိုက်သည်။

တဲကြီးတစ်နေရာမှာတော့ ညှို့သည်များအတွက်





ပြင်ဆင်ထားသော အစားအသောက်များ အဆင်သင့်ချထားလေသည်။ ဒေါက်တာမင်းထင်ကျော်၊ နီမောင်၊ မာရီနာတို့ သုံးယောက် ဝင်သွားတော့ နတ်ဆရာကိုယ်တိုင် နေရာထိုင်ခင်းပေးပြီး ဒေါက်တာမင်းထင်ကျော်ကို တစ်နေရာခေါ်သွားလေသည်။

နဂါးရုပ်ကြီးရှိသော နေရာရောက်တော့ နတ်ဆရာက မေးသည်။

“ညက လာကြသေးတယ်မဟုတ်လား”

ခေါင်းညိတ်ပြလိုက်သည်။

“ကျုပ်သမီးက သဘောကျရဲ့လား”

“ကောင်းပါတယ်”

ထိုသို့ပြောနေစဉ် မင်ဖူရီကပါ အနားရောက်လာသည်။

“ခင်ဗျားတို့မြင်ကတည်းက ဘယ်လိုအခြေအနေမျိုးရှိတယ်ဆိုတာ ကျုပ်သိပါတယ်”

“ဘာကို ပြောတာလဲ”

“ခေတ်ပညာတတ်ပြီး အရာရာနှံ့စပ်ကျွမ်းကျင်တဲ့ လူတစ်ယောက်ကို လှို့ဝှက်ဖုန်းကွယ်လို့ မရဘူးဆိုတာ ကျုပ်သိပါတယ်၊ ဒါပေမယ့် ကျုပ်ကတော့ လုပ်စရာရှိတာ ဆက်လုပ်ရမှာပဲ၊ ခင်ဗျားဘာလိုချင်သလဲ”

ထိုသို့ပြောတော့မှ နတ်ဆရာစကားကို သဘော


www.burmeseclassic.com

www.burmeseclassic.com

ပေါက်လေတော့သည်။

"ကျုပ်မှာရွှေတုံးတွေရှိတယ်၊ စိန်တွေ ပတ္တမြားတွေရှိတယ်၊ ခင်ဗျားလိုချင်ရင်ပေးပါ့မယ်၊ ဒါမှမဟုတ် . . ."

နတ်ဆရာက အနားမှာရပ်နေသော မင်ဇူရီကို တစ်ချက်ငဲ့ကြည့်လိုက်သည်။ ဒေါက်တာမင်းထင်ကျော်ကတော့ မသိမသာ သက်ပြင်းချလိုက်သည်။

"ကျွန်တော်က ဒီအခွင့်အရေးတွေလိုချင်လို့ မဟုတ်ပါဘူး၊ မီးတောင်က မကြာခင် ပေါက်ကွဲတော့မှာ၊ မီးတောင်ပေါက်ရင် လူတွေရာနဲ့ချီပြီး သေကြလိမ့်မယ်"

"ကျုပ် မယုံဘူး"

"ကျွန်တော်က မီးတောင်ရဲ့အတွင်းပိုင်းကို ဆင်းကြည့်ခဲ့ပြီးပါပြီ"

"ခင်ဗျားကို ဘယ်သူလမ်းပြပေးတာလဲ"

ဒေါက်တာမင်းထင်ကျော်က အမှန်အတိုင်းပင် ပြောပြလိုက်သည်။

"သူက စိတ်မမှန်တဲ့ သူတစ်ယောက်ပဲ၊ သူ့စကားကို အမှန်ယူလို့ရမလား"

"သူက တကယ်ရူးနေတဲ့သူမဟုတ်ပါဘူး၊ သူလုပ်ပေးရမယ့် တာဝန်တစ်ခုပြီးရင်တော့ ပြန်ကောင်းသွားမှာပါ"

"ခင်ဗျားက ကျုပ်တို့ရဲ့ လျှို့ဝှက်ချက်တွေကို သိထားပုံပဲ"





"ကျွန်တော်လည်း စိတ်မကောင်းပါဘူး၊ ခင်ဗျားကို ထိခိုက်နစ်နာအောင်လုပ်ဖို့ အစီအစဉ်လည်း မရှိပါဘူး၊ ဒါပေမယ့် ခင်ဗျားအတွက်ငဲ့ညှာပြီးတော့ ရွာသားတွေကို မပြောပဲထားခဲ့ရင် တစ်ရွာလုံး ချော်ရည်ပူတွေအောက်ကိုရောက်ပြီး အသက်သေကြရလိမ့်မယ်၊ အဲဒီအခါကျရင် ခင်ဗျားတို့ မိသားစုတွေလည်း အသက်မရှင်နိုင်ကြဘူး"

ဒေါက်တာမင်းထင်ကျော်ကပြောတော့ နတ်ဆရာက မျက်လုံးအပြူးသားဖြင့် ကြည့်နေသည်။

"ကျုပ်က ဒီလိုဘယ်တော့မှ မဖြစ်စေရဘူး၊ ကျုပ်တို့ ယုံကြည်ကိုးကွယ်တဲ့ နဂါးတွေက ဘေးအန္တရာယ်လွတ်တဲ့နေရာကို ခေါ်ဆောင်သွားလိမ့်မယ်"

ထိုသို့ပြောဆိုနေစဉ်မှာ အဆောက်အဦးများယိမ်းထိုးလှုပ်ယမ်းသွားလောက်အောင် ပြင်းထန်သော ငလျင်တစ်ခု လှုပ်သွားလေသည်။

ငလျင်ဒဏ်ကြောင့် စင်ပေါ်တွင်တင်ထားသော နတ်ရုပ်တုများ အောက်သို့ ဒလိမ့်ခေါက်ကွေးပြုတ်ကျလာသည်။ ငါးရုပ်တုရှေ့မှာတင်ထားသော ကန်တော့ပွဲနှင့် စားပွဲသောက်ပွဲများလည်း ကြမ်းပြင်ပေါ်သို့ ကျကုန်သည်။

ထိုအခိုက်မှာပင် မီးတောင်ရှိရာဘက်မှ ပေါက်ကွဲသံသဲ့သဲ့ ကြားလိုက်ရသော်လည်း မပြင်းထန်ပေ။ နောက်ထပ်ကွဲ ပေါက်ကွဲသံများကြားရလေမလား နားစွင့်နေသော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မကြားရတော့ပေ။

သို့သော် မီးတောင်ရှိသောနေရာဘက်မှ ပေါက်ကွဲသံမကြားရသော်လည်း ပင်လယ်ကမ်းခြေမှာတော့ လှိုင်းလုံးကြီးများ လာရောက်ရိုက်ခတ်သံများကြားရသည်။ ငလျင်ဒဏ်ကြောင့် ကြွတက်လာသော ရေလှိုင်းကြီးများမှာ (၁၀)ပေခန့် မြင့်တက်လျက် ကမ်းခြေသို့ ပြေးလာရာ ဘယ်လိုမှတားဆီးချိန် မရကြတော့ပေ။ ကမ်းခြေတစ်လျှောက်တွင် ရပ်ထားသောလှေများ၊ ငါးဖမ်းလှေကြီးများမှာ ရေလှိုင်းနှင့်အတူ ပါလာပြီး ကမ်းပေါ်သို့ ပြေးတက်လာကြလေသည်။

ဇော်ဂနီရွာကြီးမှာ ပင်လယ်ကမ်းခြေတစ်လျှောက်တည်ထားသော ရွာဖြစ်သောကြောင့် ရေလှိုင်းကြီးများ တက်လာသောအခါ ကမ်းစပ်တစ်လျှောက်ရှိသော အိမ်များအားလုံး လှိုင်းဖုံးသည့် ဒဏ်ကိုခံကြရလေသည်။ သို့သော် ရေလှိုင်းလုံးကြီးများ ဒီလှိုင်းတက်သလို ခဏသာတက်လာပြီး ပြန်ဆင်းသွားကြသောကြောင့်သာ သက်သာခွင့်ရကြသည်။

သို့စေကာမူ လှိုင်းဖုံးသည့်ဒဏ်၊ လှိုင်းရိုက်သည့်ဒဏ်များကြောင့် ကမ်းစပ်တစ်လျှောက်မှာ ရှိသောလှေများနှင့် အိမ်အတော်များများ ပျက်စီးသွားလေသည်။

“လောကမှာ လှည့်စားလို့မရတာတွေရှိတယ်၊ အဲဒီအထဲမှာ သဘာဝဘေးအန္တရာယ်တွေလည်းပါတယ်၊ ခင်ဗျားကို ယုံကြည်လေးစားနေတဲ့ ရွာသူရွာသားတွေရဲ့ အသက်တို





မရက်စက်ပါနဲ့၊ ခင်ဗျားကယ်တင်ပေးပါ”

ထိုသို့ပြောပြီး နီမောင်တို့ရှိသောနေရာသို့ ပြန်သွားကာ ရွာလူကြီးအိမ်ဘက်သို့ ပြန်ခဲ့ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၁၂ )

# လျှောင်လှုပ်ခြင်းနှင့် ဆူနာမီရေလှိုင်းများ

ယခုအခန်းမှာတော့ လျှောင်လှုပ်ခြင်းကြောင့် ဖြစ်ပေါ်တတ်သော ပင်လယ်လှိုင်းကြီးများအကြောင်းကို ဖော်ပြပါမည်။ လှိုင်းဟူသော အဓိပ္ပာယ်မှာ ပုတ်ခတ်တတ်သော သဘောရှိရာ သာမန်ပုတ်ခတ်ခြင်းနှင့် ဘေးအန္တရာယ်ဖြစ်စေသောက်အောင် လာရောက်ပုတ်ခတ်သော လှိုင်းများဟူ၍ ခွဲခြားထားသည်။

www.burmeseclassic.com

www.burmeseclassic.com



နွေရာသီ သဲသောင်ပြင်ပေါ်သို့လာရောက်ပုတ်ခတ်သောလှိုင်းမှာ လှုပ်သောလှိုင်းဖြစ်သည်။ ပင်လယ်ရေပြင်အထက် ပေ ၄၀-၅၀ မြင့်တက်လာပြီး ကမ်းများပေါ်သို့ တက်လာသော လှိုင်းကြီးများမှာ အန္တရာယ်ကြီးသောလှိုင်းမျိုးဖြစ်သည်။ အများအားဖြင့်တော့ လေပြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်းနှင့် ငလျင်လှုပ်ခြင်းကြောင့် ဖြစ်ပေါ်လာသော လှိုင်းများမှာ ကြောက်စရာကောင်းသောလှိုင်းများ ဖြစ်ကြသည်။ ငလျင်လှုပ်ခြင်းကြောင့် ကမ္ဘာမြေ၏အပေါ်ယံ ကျောက်ထပ်ကျောက်လွှာများ ကွဲပြတ်ရွေ့လျားသွားစေသည်။ ယင်းကြောင့်ဖြစ်သော တုန်ခါမှုသည် ခရီးမိုင်ပေါင်းဝေးသော နေရာအထိ ပျံ့နှံ့ရောက်ရှိနိုင်သည်။

ငလျင်လှုပ်ခြင်းကြောင့် မီးတောင်များပေါက်ကွဲစေသည်။ ရေအောက်၌လှုပ်သော ငလျင်များလည်းရှိသည်။ ၎င်းငလျင်ကိုတော့ ဂျပန်လူမျိုး ငလျင်ပါရဂူတို့က 'ဆူနာမီ'ဟုခေါ်ကြသည်။ ဆူနာမီငလျင်ကြောင့် ဖြစ်ပေါ်လာသော ရေလှိုင်းကြီးများကိုလည်း ဆူနာမီရေလှိုင်းဟုခေါ်ကြသည်။ ပေ ၄၀-၅၀ အထိမြင့်တက်ကာ ကမ်းပေါ်အထိ တက်လာကာ ဖျက်ဆီးတတ်ကြသည်။

သမုဒ္ဒရာနှင့်ပင်လယ်တို့၏ နယ်နိမိတ်နှင့်ကုန်းမြေတိုက်ကြီးများ၏ နယ်နိမိတ်တို့ဆုံရာဖြစ်သော ကမ်းခြေဒေသနှင့် ကမ်းရိုးတန်းဒေသများ၌ ကမ်းစပ်နှင့်ရေလှိုင်းတို့ မကြာ



ခဏ ပြင်းထန်စွာ ထိတွေ့ဆုံစည်းကြရသည်။

ထိုသို့ပြင်းထန်သော ထိတွေ့ဆုံစည်းမှုများသည် လှိုင်းသားများအပါအဝင် သက်ရှိမျိုးစိတ်များနှင့် ကမ္ဘာမြေ၏အနာဂတ်ကို တစ်မျိုးတစ်ဖုံပြောင်းလဲသွားစေရန် လုပ်ဆောင်လျက်ရှိကြသည်။

ကမ်းစပ်နှင့်ရေလှိုင်းတို့သည် ခွဲခြား၍မရပေ။ အမြဲဒွန်တွဲလျက်ရှိကြသည်။ သို့ဖြစ်ရာ လှိုင်းတို့၏ ရိုက်ပုတ်မှုကြောင့် ကမ်းခြေ၏ နယ်နိမိတ်နှင့်တည်နေပုံတို့မှာ အစဉ်ထာဝရ ပြောင်းလဲလျက်ရှိနေကြသည်။

ကြီးမားသော ကုန်းမြေထုကြီး၏ အစွန်အဖျားနေရာများဖြစ်ကြသော ကမ်းခြေဒေသများသည်ပင်လျှင် လှိုင်းများ၏ ရိုက်ပုတ်မှုဒဏ်ကြောင့် အချိန်နှင့်အမျှ တည်နေပုံများပြောင်းလဲနေကြရသည်။

သမုဒ္ဒရာရေပတ်လည်ဝန်းရံလျက် ရှိနေကြသော ကျွန်းစုများနှင့် ကျွန်းငယ်ကလေးများသည်လည်း အချိန်နှင့်အမျှ တည်နေပုံပြောင်းလဲနေကြသည်။

ကမ်းခြေဒေသများကို တည်နေရာပြောင်းလဲနိုင်သော ကြီးမားသည့် လှိုင်းတံပိုးကြီးများဖြစ်ပေါ်လာသည့်အကြောင်းရင်းတို့ သိရှိထားသင့်သည်။

ကမ်းခြေသောင်ပြင်များနှင့် ပင်လယ်ကမ်းဖူးတို့ကို အတိတိတိုက်စားလျက် ရိုက်ပုတ်ဖျက်ဆီးနေကြသော လှိုင်း

www.burmeseclassic.com



တံပိုးကြီးများတွင် သမုဒ္ဒရာနှင့်ပင်လယ်ကြမ်းပြင်များ၌ ဖြစ်ပေါ်သည့် ငလျင်ကြီးများ၊ မြေပြိုမှုကြီးများနှင့် ကျွန်းများပေါ်ရှိ မီးတောင်ပေါက်ကွဲမှုကြီးများကြောင့် ထကြွလာသော ဧရာမလှိုင်းတံပိုးကြီးများလည်း ပါဝင်နေကြသည်။

ရေအောက်ငလျင်နှင့် မြေပြိုမှုများကြောင့်ဖြစ်ပေါ်သော လှိုင်းတံပိုးကြီးများသည် ခုတ်မောင်းသွားလာနေကြသော ပင်လယ်ကူးသင်္ဘောကြီးများကို လူးရုံလွန့်ရုံမျှသာ ဖြစ်စေသည်။ သို့သော် ထိုလှိုင်းတံပိုးကြီးများသည် ကမ်းခြေများသို့ရောက်ရှိလာချိန်၌မူ အပြင်းအထန်ဖျက်ဆီးတတ်သည်။

လှိုင်းတံပိုးကြီးများ၏ အပြင်းအထန်ဖျက်ဆီးတတ်မှုများကို သာဓကများအဖြစ် ဖြစ်ရပ်မှန်များဖြင့် ဖော်ပြပါမည်။ ၁၇၅၅-ခုနှစ်က လစ္စဘွန်းမြို့ငလျင်ကြောင့် တာဒစ်မြို့၏ ဆိပ်ကမ်းတွင် ပုံမှန်ဒီရေလှိုင်းများထက် ၁၆-မီတာပို၍မြင့်သော လှိုင်းတံပိုးကြီးများ တလိပ်လိပ်တက်လာခဲ့ဖူးသည်။

ထိုလှိုင်းတံပိုးကြီးများသည် ၉-နာရီကျော်မျှ အချိန်အတွင်းမှာပင် အတ္တလန္တိတ် သမုဒ္ဒရာကြီးတစ်ခုလုံးကို ဖြတ်သန်းကျော်လွှားကာ အနောက်အိန္ဒိယကျွန်းစုသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့ကြသည်။

၁၈၆၈-ခုနှစ်က တောင်အမေရိကတိုက်၏အနောက်ဘက်ခြမ်းရှိ ကီလိုမီတာ ၄၈၀၀-ကျော်မျှ ရှည်လျားသည့် ပင်လယ်ကမ်းရိုးတန်းတစ်လျှောက် အင်အားပြင်းငလျင်ကြီး



လှုပ်ခတ်ပြီးနောက် ပစိဖိတ်သမုဒ္ဒရာရေပြင်ကြီး ရုတ်တရက်နိမ့်ဆင်းသွားခဲ့ရာ ကမ်းရိုးတန်းအနီး ကျောက်ချထားသော သင်္ဘောများမှာ အောက်သို့နိမ့်ဆင်းသွားပြီး သောင်တင်သွားခဲ့ကြသည်။

မကြာမီမှာပင် ငလျင်ရေလှိုင်းကြီးများက အင်အားကြီးမားစွာဖြင့် ကမ်းခြေသို့ အလုံးအရင်းနှင့် ဝင်ရောက်လာရာ သောင်တင်နေသော သင်္ဘောများအားလုံး ကျောက်ကြိုးပြတ်ပြီး ကုန်းတွင်းပိုင်းသို့ မျောပါရောက်ရှိသွားကြပြန်သည်။

ငလျင်ရေလှိုင်းထကြွမှု ငြိမ်သွားသောအခါ သင်္ဘောများသည် ကုန်းတွင်း၌ တင်ကျန်ရစ်ခဲ့ကြသည်။ ၁၈၆၉-ခုနှစ်တွင် ပီရူးငလျင်ကြီးကြောင့် ငလျင်လှိုင်းတံပိုးကြီးများ ထကြွကာ ကမ်းခြေဒေသသို့ အရှိန်ပြင်းစွာဖြင့် ရိုက်ခတ်လာသည်။ ထိုလှိုင်းကြီးများ၏ဒဏ်ကြောင့် ကမ်းခြေအနီးရေတိမ်ပိုင်း၌ ခုတ်မောင်းနေသော အမေရိကန်ရေတပ်သင်္ဘောများသည် ကုန်းတွင်းသို့ မျောပါရောက်ရှိကာ ကုန်းပေါ်၌ တင်ကျန်ရစ်ခဲ့ကြသည်။

ကြီးမားသော ထိခိုက်ပျက်စီးမှုများကြောင့် ရေချ၍မရတော့သော ထိုစစ်သင်္ဘောများသည် ကုန်းပေါ်၌ ၉-နှစ်ကြာ တင်ကျန်နေရာမှ ထပ်မံဖြစ်ပေါ်လာသော ငလျင်လှိုင်းတံပိုးကြီးများက ထပ်ဆင့်တွန်းပို့ခဲ့ကြပြန်ရာ ကမ်းခြေနှင့်အလွန်ဝေးသော ကုန်းတွင်းဒေသများအထိ ရောက်ရှိသွားခဲ့ကြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ဤဖြစ်ရပ်တွင် မီတာ ၃၀-နီးပါးမြင့်မားသော ကြောက်မက်ဖွယ်ကောင်းသည့် လှိုင်းကြီးများသည် အမေရိကန်စစ်သင်္ဘောများကို ဌာနေသို့ ပြန်ခွင့်မရအောင် ဖန်တီးလုပ်ဆောင်ပေးခဲ့ကြခြင်း ဖြစ်သည်။

၁၉၄၆-ခုနှစ် ဧပြီလက ဟာဝိုင်ယီကျွန်းအနီးရှိ ရေအောက်ချောက်ကမ်းပါးများ ပြိုကျမှုကြောင့် ရေအောက်ငလျင်ကြီးဖြစ်ပေါ်လာခဲ့သည်။ အဆိုပါ ရေအောက်ငလျင်၏အရှိန်ကြောင့် ဟာဝိုင်ယီကျွန်းကမ်းခြေမှ ရေများသည် ဝေးရာသို့ဆုတ်သွားခဲ့ကြသည်။ ဤတွင် ပုံမှန်ကြားနေကျ လှိုင်းပုတ်သံများ မကြားရတော့သည့် ဟာဝိုင်ယီကျွန်းသူ ကျွန်းသားများသည် အံ့သြထိတ်လန့် တုန်လှုပ်သွားခဲ့ကြသည်။

ဤဖြစ်ရပ်မှာ ရေအောက်မြေပြိုမှုကြောင့် ငလျင်လှုပ်သည့် အခါမျိုး၌လည်း ဧရာမလှိုင်းတံပိုးကြီးများ ထကြွဖြစ်ပေါ်လာလေ့ရှိခြင်း ဖြစ်သည်။ ပုံမှန်ကြားနေကျ လှိုင်းလုံးသံများ ပျောက်ကွယ်သွားပြီး မကြာမီမှာပင် ပုံမှန်ဒီရေလှိုင်းများထက် ၈-မီတာခန့်ပို၍မြင့်သော ငလျင်လှိုင်းတံပိုးကြီးများက ဟာဝိုင်ယီကျွန်းကို အင်အားပြင်းထန်စွာ ရိုက်ပုတ်လေသည်။

ဤဖြစ်ရပ်အတွက် ကြိုတင်ပြင်ဆင်မထားမိသည့် ဟာဝိုင်ယီကျွန်းသားများသည် ရေဘေးလွတ်ရာသို့ ပြေးလွှားရှောင်တိမ်းရန် ကြိုးစားစဉ်မှာပင် ပင်လယ်ရေလှိုင်းတံပိုးကြီးများအောက်သို့ ရောက်ရှိသွားကြပေသည်။

ထို့နောက် တဖြည်းဖြည်း အင်အားလျော့ကျသွားသော ငလျင်လှိုင်းတံပိုးကြီးများသည် ကုန်းတွင်းမှဆုတ်ခွာကာ ကမ်းစပ်သို့ ပြန်လည်ရောက်ရှိသွားကြသည်။ ကမ်းခြေမှ သမုဒ္ဒရာရေပြင်သို့ ပြန်ဆုတ်သွားသော ဒီရေကျသံကြီးသည် အလွန်ကျယ်လောင်စွာ မြည်ဟည်းသွားသည့်အတွက် ဒေသခံများအဖို့ စိတ်ချောက်ချားတုန်လှုပ်ဖွယ် ကောင်းလှသည်။

ဒီရေကျသွားပြီးနောက် ကမ်းခြေတစ်ခွင်တစ်ပြင်လုံး၌ ရွှံ့ညွှန်ပြင်ကြီးများမှာ မျက်စိတစ်ဆုံးတင်ကျန်ရစ်ခဲ့သည်။ ရေလှိုင်းကြီးများ၏ဒဏ်ကြောင့် ဆိပ်ခံဗောတံတားများ အပါအဝင် ကမ်းခြေတစ်လျှောက်ရှိ ပစ္စည်းကြီးငယ်တို့မှာမြင်၍မကောင်းအောင် ပြိုလဲပျက်စီးကုန်ကြသည်။

ကျွန်းပေါ်မှ အဆောက်အဦးများ၊ အသုံးအဆောင်ပစ္စည်းများ၊ ကျောက်တုံးကျောက်ခဲများနှင့် ကျွန်းသူကျွန်းသား များစွာသည် ပြန်ကျသွားသော လှိုင်းတံပိုးများနှင့်အတူ သမုဒ္ဒရာအတွင်းသို့ မျောပါသွားကြသည်။

လေယာဉ်နှင့်ရဟတ်ယာဉ်များက သမုဒ္ဒရာရေပြင်ပေါ်သို့ အသက်ကယ်လှေနှင့်ဖောင်များ ချပေးနိုင်ခဲ့သည့်အတွက် မျောပါသွားသူများကို ဆယ်ယူကယ်တင်နိုင်ခဲ့သည်။

အဆိုပါ ရေအောက်ချောက်ကမ်းပါးကြီး ပြိုကျမှုကြောင့် ဖြစ်ပေါ်လာသော ငလျင်လှိုင်းတံပိုး အရှိုအဝေးကြီး



www.burmeseclassic.com

www.burmeseclassic.com



သည် အလွန်ကြီးမားကျယ်ပြန့်ကာ တစ်နာရီလျှင် ကီလိုမီတာ ၇၅၀-အမြန်နှုန်းဖြင့် ရွေ့လျားမှုကြောင့် ကီလိုမီတာ ၁၃၀၀၀ ခန့်ဝေးသော တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံ ဗာလ်ပါရေဆိုမြို့ ကမ်းခြေဆီသို့ ၁၈-နာရီ အတွင်းမှာပင် ဆိုက်ရောက်သွားခဲ့သည်။

ကြီးမားသော လှိုင်းတံပိုးကြီးများ ထကြွဖြစ်ပေါ်လာသည့် အကြောင်းရင်းတစ်ခုမှာ ကျွန်းများပေါ်ရှိ မီးတောင်ပေါက်ကွဲမှုကြောင့်လည်း ဖြစ်သည်။ ဆူမတြားနှင့် ဂျားဗား ကျွန်းအကြားရှိ ဆန်းဒါးရေလက်ကြားဒေသ၌ ပေ-၁၄၀၀ မြင့်သော ကာရာကာတို အမည်ရှိ ကျွန်းတစ်ကျွန်း တည်ရှိခဲ့ရာ ထိုကျွန်းပေါ်ရှိ မီးတောင်ကြီးသည် ၁၈၈၃-ခုနှစ် ဩဂုတ် ၂၇-ရက်က ပေါက်ကွဲခဲ့သည်။

မီးတောင်ဝမှ အခိုးအငွေ့များ ကာလကြာရှည်စွာ ထွက်ပေါ်နေရာမှ အဆိုပါနှစ် ဩဂုတ်လတွင် ချော်ရည်ပူဆူပွက်သံကြီးများ ထွက်ပေါ်လာကာ ဩဂုတ် ၂၇-ရက်တွင် အင်အားပြင်းထန်စွာဖြင့် ပေါက်ကွဲခဲ့သည်။

နောက်နှစ်ရက်အကြာတွင် အဆိုပါ မီးတောင်ကြီးနှင့်အတူ ကျွန်းကြီးတစ်ခုလုံး ပေါက်ကွဲခဲ့သည်။ အကျိုးဆက်မှာ ပေ-၁၄၀၀မြင့်သော ကာရာကာတိုကျွန်းကြီးသည် သမုဒ္ဒရာရေအောက် ပေ-၁၀၀၀ ကျော်ထိ နိမ့်ဆင်းနစ်မြုပ်သွားကာ ကမ္ဘာ့မြေပုံပေါ်မှ အပြီးတိုင် ပျောက်ကွယ်သွားခဲ့သည်။





မီးတောင်ပေါက်ကွဲမှုအရှိန်ကြောင့် သမုဒ္ဒရာရေပြင်ပေါ်၌ မီတာ-၃၀ ကျော်မြင့်မားသော ဧရာမလှိုင်းတံပိုးကြီးများ ထကြွဖြစ်ပေါ်လာသည်။

ထိုလှိုင်းတံပိုးကြီးများသည် ပစိဖိတ်သမုဒ္ဒရာကို ဖြတ်သန်းပြီး တောင်အမေရိကတိုက်ရှိ ချီလီနိုင်ငံ ကိပ်ဟွန်းအငူကို အင်အားပြင်းထန်စွာ ရိုက်ခတ်သည်။ အလွန်ကြောက်ဖွယ်ကောင်းသော အဆိုပါလှိုင်းတံပိုးကြီးများသည် ထိုမှတစ်ဆင့် ကိတ်ဟွန်းအငူကို ကွေ့ပတ်ပြီး အတ္တလန္တိတ်သမုဒ္ဒရာကို ဆက်လက်ဖြတ်သန်းကာ အင်္ဂလိပ် ရေလက်ကြားထိ ရောက်ရှိသွားသည်။

ကာရာကာတိုကျွန်းပေါ်ရှိ မီးတောင်ပေါက်ကွဲမှုသည် တိုက်ဒရိုဂျင်ဗုံးအလုံး(၃၀)၏ ပေါက်ကွဲအားနှင့်ညီမျှသည်။ ထိုပေါက်ကွဲသံသည် ကမ္ဘာ့သမိုင်း၌ အကျယ်လောင်ဆုံးသော မြည်ဟည်းသံကြီးကို ထွက်ပေါ်လာစေသည်။

ထိုပေါက်ကွဲသံကြီးကို ကီလိုမီတာထောင်ချီ၍ ဝေးသော ဩစတြေးလျကျွန်းတွင်းပိုင်း ဒေသများနှင့် အိန္ဒိယသမုဒ္ဒရာအတွင်းရှိ မာဒါဂါစကာကျွန်းများမှာ နေထိုင်သူများသည်ပင် အတိုင်းသားကြားကြရသည်။

ကျွန်းကြီးတစ်ကျွန်းလုံးကို တစ်စစီကြွေမွသွားစေပြီး ရေအောက်သို့ စုံးစုံးမြုပ်သွားစေခဲ့သော မီးတောင်ပေါက်ကွဲမှုကြောင့် ဖြစ်ပေါ်လာသော လှိုင်းတံပိုးကြီးများသည် အခြား



www.burmeseclassic.com

www.burmeseclassic.com

သော လှိုင်းတံပိုးများနှင့်မတူ ကွဲပြားသည့် အချက်တစ်ချက်မှာ တန်ချိန်များစွာသော ချော်ရည်ပူများရောနှောနေသောကြောင့် အလွန်ပူလောင်နေခြင်းပင် ဖြစ်သည်။

ရေလှိုင်းဟုဆိုရာတွင် ကမ်းခြေသို့ ရိုက်ပုတ်လာသော လှိုင်းအမျိုးမျိုးတို့ကသာ အန္တရာယ်ပေးနိုင်သည်မဟုတ်ပေ။ ပင်လယ်ဒီရေနှင့် မြစ်ချောင်းတို့၏ ရေစီးကြောင်းများ ထိပ်တိုက်တွေ့ဆုံရာမှ ဖြစ်ပေါ်လာသော လှိုင်းငယ်များကလည်း အန္တရာယ်ရှိနိုင်သည်။ ဤအချက်ကို ရေလုပ်သားများနှင့် ရေကြောင်းခရီးသွားသူများ သတိထားသင့်သည်။

ပင်လယ်အတွင်းသို့ စီးဝင်သော မြစ်ချောင်းများကြောင့် မြစ်ဝ၌ ပေါ်ပေါက်တတ်သော လှိုင်းများသည် လှိုင်းကြက်ခွပ်ဟုခေါ်ဆိုရမည့် လှိုင်းအသေးစားကလေးများပင်ဖြစ်လင့်ကစား ထိုလှိုင်းကြက်ခွပ်ကလေးများက လှေ၊ သမ္ဗန်နှင့် သင်္ဘောများကို အန္တရာယ်ကျရောက်စေနိုင်သည်။

ပင်လယ်ဒီရေတက်လာချိန်တွင် ထိုဒီရေဦးတည်ရာလမ်းကြောင်းနှင့်ဆန့်ကျင်ပြီး မြစ်ဝမှတစ်ဆင့် ပင်လယ်ထဲသို့ စီးဝင်လာသော မြစ်ရေစီးကြောင်းများသည် မြစ်ဝရေပြင်ပေါ်၌ လှိုင်းကြက်ခွပ်ကလေးများကို ဖြစ်ပေါ်လာစေသည်။

ထိုနေရာမျိုး၌ ပဲ့ကိုင်ထိန်းချုပ်ပုံ ကျွမ်းကျင်မှုမရှိပါက ကျောက်ဆောင်နှင့်တိုက်မိခြင်း၊ ကျောက်ဆောင်ပေါ်တင်သွားခြင်း စသည်တို့အပြင် တိမ်းမှောက်သည်အထိ ဖြစ်သွား



တတ်၍ လှေ၊ သင်္ဘောဖြင့် ခရီးသွားသူများ သတိပြုသင့်သည်။

သာဓကအားဖြင့် စကော့တလန်နိုင်ငံ၏ ပင်လယ်ကမ်းမြောင်ဒေသအတွင်းသို့ ဝင်ရောက်ဖြတ်သန်းမည့်သင်္ဘောများအနေဖြင့် ကမ်းမြောင်အတွင်း၌ လှိုင်းကြက်ခွပ်များနှင့် ထိပ်တိုက်ရင်မဆိုင်ရမီကတည်းက အစစအရာရာ ကြိုတင်ပြင်ဆင်ထားကြရသည်။ အန္တရာယ်ကိုကာကွယ်ရန် အသင့်ပြင်ဆင်မှုမရှိဘဲ ရုတ်တရက်ကြုံတွေ့လာသည့်အခါမှ သင်္ဘောကို ထိန်းချုပ်ရန်ကြိုးစားမည်ဆိုပါက အလွန်နောက်ကျသွားပြီဖြစ်သည်။

သို့ရာတွင် မြစ်ဝ၊ ပင်လယ်ဝနှင့် ပင်လယ်ကမ်းမြောင်ဒေသများ၌ ဖြစ်ပေါ်တတ်သော လှိုင်းကြက်ခွပ်များသည် ဒီရေပြန်ကျသွားချိန်၌ လုံးဝငြိမ်သက်သွားကြသည့်အတွက် ထိုအခါမျိုး၌ လှေသင်္ဘောများသွားလာရာတွင် အန္တရာယ်မရှိနိုင်တော့ပေ။

ဂျပန်ဘာသာဝေါဟာရအားဖြင့် ဆူနာမီဟုခေါ်တွင်သော ကြီးမားသည့် လှိုင်းတံပိုးကြီးများသည်လည်း ကမ်းခြေဒေသများအတွက် အလွန်အန္တရာယ်ကြီးလှသည်။ ပင်လယ်နှင့် သမုဒ္ဒရာကြမ်းပြင်ကို ဗဟိုပြု၍ သို့မဟုတ် ယင်းတို့နှင့်နီးကပ်သော နေရာများကို ဗဟိုပြု၍ လှုပ်ခတ်သော အင်အားပြင်းသည့် ငလျင်ကြီးများကြောင့် ရေအောက်ကြမ်းပြင်၌

www.burmeseclassic.com

www.burmeseclassic.com



ကွဲအက်မှု ဖြစ်ပေါ်သည့်အခါ အနီးရှိရေထုကြီးက အက်ကွဲကြောင်းကြီးအတွင်းသို့ သက်ဆင်းကျရောက်သွားကြရသည်။

ထိုအခါ မျက်နှာပြင် နိမ့်ဆင်းသွားသော ရေထုခါ်သို့ ဝေးရာအရပ်မှ ရေထုကြီးက အစားထိုးဝင်ရောက်လာကြသည့်အခါ ဆူနာမီ ဖြစ်ပေါ်လာသည်။

ဆူနာမီလှိုင်းတံပိုးကြီးများသည် ကီလိုမီတာ-၁၀၀မျှ ကျယ်ပြန့်ပြီး ရွေ့လျားနှုန်းသည် ဘိုးရင်းလေယာဉ်၏ အမြန်နှုန်းတမျှ ရှိကြသည်။ တစ်နာရီလျှင် ကီလိုမီတာ ၈၀၀-နှုန်းမျှအထိ မြန်ဆန်လှသော ဆူနာမီလှိုင်းတံပိုးကြီးများ၏ ရွေ့လျားသံကို လူတို့၏နားက မကြားရနိုင်သည့်အတွက် လှိုင်းလုံးကြီးများ ကမ်းခြေသို့ ဆိုက်ရောက်လာမှသာ သိရှိကြလေ့ရှိသည်။ လူတို့ သိလိုက်ချိန်တွင် မည်သည့်နည်းနှင့်မျှ ထွက်ပြေးလွတ်မြောက်ရန် မဖြစ်နိုင်တော့ဘဲ ရေနစ်သေဆုံးကြရသည်။

ထို့ကြောင့် ပင်လယ်ကမ်းစပ်နှင့် အနီးတဝိုက်၌ နေထိုင်ကြသူများအနေဖြင့် ဆူနာမီသတိပေးချက်များကို အချိန်နှင့်အမျှ သတိတရ နားစွင့်နေကြရမည်သာ ဖြစ်သည်။

၁၉၆၀-ပြည့်နှစ်တွင် ချီလီနိုင်ငံရေအောက် ငလျင်ကြီးကြောင့် ဖြစ်ပေါ်သော ဆူနာမီလှိုင်းတံပိုးကြီးများသည် ပစိဖိတ်သမုဒ္ဒရာကြီးကို ဖြတ်သန်းကာ ဂျပန်နိုင်ငံ ဟွန်ရှူးဒေသ မြောက်ပိုင်းကမ်းခြေများဆီသို့ ဆိုက်ရောက်သွားခဲ့သည်။ ထိုဒေသတွင် လူပေါင်း-၁၃၀ အသက်ဆုံးရှုံးခဲ့ကြသည်။



၁၉၆၄-ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု အလာစကာပြည်နယ်၌ လှုပ်ခတ်သော ငလျင်ကြီးကြောင့် ကယ်လီဖိုးနီးယား ကမ်းခြေသို့ ဆူနာမီလှိုင်းတံပိုးများ ရိုက်ခတ်ကာ လူ ၁၂၀-နီးပါး အသက်ဆုံးရှုံးခဲ့ကြသည်။

အလားတူပင် ၁၉၉၈-ခုနှစ်တွင် ပါပူဝါနယူဂီနီ ကမ်းလွန်၌ ရေအောက်ငလျင်ကြီးလှုပ်ခတ်ရာ ဆူနာမီလှိုင်းတံပိုးကြီးများ၏ ရိုက်ခတ်မှုကြောင့် ပါပူဝါနယူဂီနီကမ်းခြေဒေသများ၌ နေထိုင်သောလူပေါင်း ၂၀၀၀-ခန့် ရေနစ်သေဆုံးခဲ့ကြရသည်။

၂၀၀၄-ခုနှစ် ဒီဇင်ဘာလ ၂၆-ရက်က အင်ဒိုနီးရှားနိုင်ငံ၊ ဘန်ဒါအာချေးဒေသ၌ လှုပ်ခဲ့သော အင်အားပြင်းငလျင်ကြီးကြောင့်ဖြစ်ပေါ်လာသော ဆူနာမီလှိုင်းတံပိုးကြီးများသည် အင်ဒိုနီးရှား၊ အိန္ဒိယ၊ သီရိလင်္ကာ၊ မလေးရှား၊ ထိုင်း၊ မြန်မာ၊ အင်္ဂလားဒေ့ရှ်နှင့် ဆိုမာလီယာနိုင်ငံတို့၏ ကမ်းခြေအချို့ကို ရိုက်ခတ်ခဲ့သည်။

ရစ်ချ်တာစကေး(၉. ၈) ရှိသော ဘန်ဒါအာချေငလျင်သည် နှစ်ပေါင်းလေးဆယ်အတွင်း ကမ္ဘာ့အင်အား အကြီးမားဆုံး ငလျင်ကြီးဖြစ်ကာ ထိုငလျင်ကြီးကြောင့် ဖြစ်ပေါ်သော ဆူနာမီလှိုင်းတံပိုးကြီးများကြောင့် တောင်အာရှဒေသတွင် လူပေါင်း ၂၈၀၀၀၀-ကျော် သေဆုံးခဲ့ကြရသည်။




www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယနိုင်ငံတစ်ခုတည်း၌ပင် သေဆုံးသူ စုစုပေါင်း ၁၆၄၀၀-ကျော်ရှိပြီး ကြီးမားသော ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည်။

ဆူနာမီလှိုင်းတံပိုးကြီးများသည် ဒီဇင်ဘာလ ၂၆-ရက် နံနက် ၉-နာရီတွင် တမီလ်နာဒူးပြည်နယ် ကမ်းရိုးတန်းသို့ ရောက်ရှိခဲ့ပြီး၊ နောက် ၄-နာရီအကြာတွင် ကီရာလာဒေသသို့ ရောက်ရှိလာခဲ့ရာ ကီရာလာဒေသတစ်ခုတည်း၌ ကျေးရွာပေါင်း-၁၆၀ ပျက်စီးသွားခဲ့သည်။

ထိုလှိုင်းကြီးများသည် ချင်းနိုင်းနှင့် နာဂါပက်တီနမ်ဒေသများကိုပါ မွှေနှောက်ဖျက်ဆီးသွားခဲ့သည်။ ထိုနည်းတူစွာ သီရိလင်္ကာနိုင်ငံ ကိုလံဘို၊ ထိုင်းနိုင်ငံ ဘမ်နမ်ခမ်နှင့် အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားဒေသများ၌လည်း လူ့အသက်အိုးအိမ် စည်းစိမ်ပျက်စီးဆုံးရှုံးမှုများကို ကြီးမားစွာဖြစ်ပေါ်စေခဲ့သည်။

အင်အားကြီးမားလှသော ဆူနာမီလှိုင်းတံပိုးများ၏ တွန်းတိုက်ရွှေ့လျားမှုများကြောင့် အင်ဒိုနီးရှားနှင့်အိန္ဒိယကုန်းမြေများသည် ၁၂-စင်တီမီတာမျှတိုး၍ နီးကပ်သွားခဲ့သည်။

ထိုကဲ့သို့နီးကပ်သွားရခြင်းမှာ အိန္ဒိယတောင်ပိုင်းကုန်းမြေများက အရှေ့ဘက်သို့ ရွှေ့လျားသွားကာ အင်ဒိုနီးရှားနိုင်ငံ ဆူမားတြားကုန်းမြေများက အနောက်ဘက်သို့ အနည်းငယ် ရွှေ့သွားသွားသောကြောင့် ဖြစ်သည်။



ကမ်းခြေသို့ ရိုက်ပုတ်လာသော လှိုင်းတို့၏ အရွယ်ပမာဏ၊ ရွေ့လျားရောက်ရှိနှုန်းနှင့် အင်အားတို့အပေါ် မူတည်ပြီး ပင်လယ်ကမ်းစပ်ဒေသများသည် အနားယူအပန်းဖြေစခန်းများ ဖြစ်ကြသကဲ့သို့ ကြောက်စရာလည်း ကောင်းလှသည်။

ငလျင်ဘေးအန္တရာယ်ကြောင့် ကမ္ဘာမြေမျက်နှာပြင် အနေအထားများ ပြောင်းလဲသွားနိုင်သည်။ ကြီးစွာသော အက်ကြောင်းကြီးများပေါ်လာသည်။ အချို့ကျွန်းများရေအောက်သို့ နစ်မြုပ်သွားပြီး၊ အချို့နေရာများ၌ ကျွန်းသစ်များ ပေါ်လာစေသည်။

အချို့မီးတောင်များပေါက်ကွဲသဖြင့် မီးလောင်ခြင်း၊ ချော်ရည်ပူများအောက်သို့ရောက်ကာ မြို့ရွာများပျက်စီးခြင်း၊ လူ့အသေအပျောက်များစွာ ဖြစ်ခြင်းမျိုးလည်း ရှိခဲ့ကြပေသည်။

ထို့ကြောင့် ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ဆူနာမီကဲ့သို့ ရေလှိုင်းကြီးများ တက်လာခြင်းများမှာ ဆက်စပ်လျက်ပင် ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၁၃ )

## ဖွတ်ဝင်လာသော အလောင်းများ

ယခုရက်ပိုင်းမှာတော့ အခြေအနေက သိပ်မှ ကောင်းလှပေ။ လျှင်မကြာခဏလှုပ်ပြီး၊ မီးတောင်ဘက်မှ လည်း ပေါက်ကွဲသံကဲ့သို့သောအသံမျိုး မကြာခဏကြားနေ ကြရသည်။ လျှင်လှုပ်တာ အားပြင်းသည့်အခါ ကမ်းစပ်မှ တဆင့်ကမ်းပေါ်အထိ ရေလှိုင်းကြီးများ တက်လာလေ့ရှိ

www.burmeseclassic.com

www.burmeseclassic.com



သည်။

ထိုဒေသတစ်ဝိုက်မှာရှိကြသည့်ရွာများမှာ ကုန်းမြင့်များပေါ်တွင် တည်ထားသောရွာက အတော်နည်းပြီး ကမ်းနှင့်နီးသောနေရာတွင် တည်ထားသောရွာများက ပိုများသည်။ အဘယ်ကြောင့်ဆိုသော် ပင်လယ်ထွက်ပြီး ငါးရှာကြသောအခါ လှေငယ်၊ လှေကြီးများအသုံးပြုကြရသဖြင့် ကမ်းခြေနှင့်နီးသော နေရာများတွင် ရွာတည်ပြီးနေကြခြင်း ဖြစ်ကြသည်။

သာမန်တော့ ကျွန်းများပေါ်သို့ ဒီရေများမရောက်ပေ။ မုန်တိုင်းတိုက်ခြင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ လျှော့လှုပ်ခြင်းများကြောင့် သာမန်ထက်ပိုကြီးသော လှိုင်းကြီးများတက်လာလျှင်တော့ ကျွန်းပေါ်သို့ ရောက်လာပြီး အိမ်များရေမြုပ်ကြသည်။

ယခုရက်ပိုင်းအတွင်း မီးတောင်ကြီးပေါက်ကွဲတော့မည့် အခြေအနေကို ရောက်နေမှန်း လူတိုင်းသိကြသည်။ သို့ကြောင့် မိမိတို့အလုပ်များကိုပင် ဖြောင့်အောင်မလုပ်နိုင်ကြတော့ပဲ ရိက္ခာစုဆောင်းခြင်း၊ လှေပြင်ခြင်း၊ ဝါးဖောင်ပြင်ခြင်းများကို ဂရုစိုက်ပြီး ပြုလုပ်နေကြလေသည်။

ယခင်ကတော့ မီးတောင်ပေါက်ကွဲခြင်းကို လက်တွေ့မကြုံခဲ့ဖူးသေးသောကြောင့် ပေါ့ပေါ့တန်တန်ပင် နေခဲ့ကြသည်။ ယခု ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာပြီး ပြောပြသည်ကတစ်ကြောင်း၊ အခြေအနေများကလည်း ကြောက်ရွံ့ထိတ်



လန့်ဖွယ်ရာများ ဆက်တိုက်ဖြစ်နေသောကြောင့် ပြင်ဆင်စရာ ကြိုတင်ပြင်ဆင်နေကြခြင်း ဖြစ်သည်။

သို့သော် ရပ်ဝေးကိုတော့ ပြောင်းရွှေ့သွားရန် စိတ်ကူးမရှိကြပေ။ အဘယ်ကြောင့်ဆိုသော် မိမိတို့ကာလကြာမြင့်စွာနေခဲ့သော အိမ်၊ နေရာနှင့် အလုပ်အကိုင်များရှိနေသည်ကတစ်ကြောင်း၊ မီးတောင်ပေါက်လျှင် ရွှေငွေကျောက်မျက်ရတနာများ ပါလာနိုင်သည်ဟု သတင်းကြားထားသောကြောင့် မိမိတို့နေရာများမှာပင် ဆက်လက်နေထိုင်ကြခြင်း ဖြစ်ပေသည်။

နီမောင်တို့နေသော သုဝဏ္ဏရွာသည် မီးတောင်ရှိသောနေရာနှင့် အနည်းငယ် အလှမ်းဝေးစေကာမူ ဒေါက်တာမင်းထင်ကျော်တို့ ရောက်လာပြီးနောက်ပိုင်း ရွာလူကြီး ဖမုန်းထန်က ဦးဆောင်ပြီး နိုးဆော်ဆောင်ရွက်သောကြောင့် အတော်များများကတော့ မိမိတို့၌ရှိသောလှေကြီးလှေငယ်တို့ကို ပြင်သူကပြင်၊ အသစ်ပြုလုပ်သူက ပြုလုပ်ကြသည်။ အချို့လည်း လူအတော်များလိုက်ပါ၍ ရနိုင်သောဝါးဖောင်ကြီးများ ပြုလုပ်ကြသည်။

ဝါးပိုးဝါးကြီးများဖြင့် ပြုလုပ်ထားသော ဝါးဖောင်ကြီးများမှာ လှေကြီးတစ်စင်း၊ ဒါမှမဟုတ် သင်္ဘောတစ်စင်းတမျှအသုံးဝင်သော ပင်လယ်ပြင်သုံး ကိရိယာများ ဖြစ်ကြသည်။ မီးတောင်နှင့်နီးသော်လည်း ယခင်က ကိုယ်နှင့်မဆိုင်သကဲ့သို့

www.burmeseclassic.com

www.burmeseclassic.com



အေးအေးပင်နေကြသော ဇော်ဂနီရွာသားများပါ ရွာလူကြီးက တိုးတိုးတိတ်တိတ် နိုးဆော်သတိပေးထားသောကြောင့် ယခုအခါမှာ အရေးကိစ္စပေါ်ပေါက်လာပါက အသုံးပြုနိုင်ရန်လှေ၊ ဝါးဖောင်အချို့ ပြုလုပ်နေကြပြီဖြစ်၏။

အချို့ကတော့ နတ်ဆရာအားကိုးဖြင့် ဘာမှကြိုတင်ပြင်ဆင်မှု မလုပ်ကြသေးပေ။

"ငါတို့ရွာမှာ တန်ခိုးရှိတဲ့ နတ်ဆရာတစ်ယောက်လုံးရှိနေတာပဲ၊ ဘယ်တော့မှ ဒီလိုအန္တရာယ်မျိုးတွေဖြစ်လာမှာမဟုတ်ဘူး"

ဟု တယူသန်စကားပြောကာ အေးအေးပင်နေကြသည်။ အတော်များများကတော့ နတ်ဆရာပြောတိုင်းသိပ်မယုံတော့ပဲ ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေကြသည်။ ထိုအခြေအနေမျိုးကြောင့် ထိခိုက်နစ်နာမှု ဖြစ်နေရသူများကတော့ နတ်ဆရာမိသားစုဖြစ်သည်။ ၎င်းမှာ မိန်းမများစွာယူထားပြီး သားသမီးများလည်း အတော်များများရှိသည်။ သူနေရာနှင့်သူထားသော မိသားစုများကို နတ်ဆရာအလုပ်ဖြင့်ရှာဖွေကျွေးမွေးနေခြင်း ဖြစ်သည်။

ယခင်က အဆင်ပြေသော်လည်း ယခုနောက်ပိုင်းသိပ်အဆင်မပြေတော့ပေ။ သုဝဏ္ဏရွာမှ ရွာလူကြီး ဇမုန်းထန်ခေါ်လာသော မြို့ကဧည့်သည်များ ၎င်းတို့ရွာရောက်လာပြီးကတည်းက အခြေအနေက ပြောင်းလဲသွားသည်။ ရွာလူကြီး



ဆူရာဂျဲကိုယ်တိုင် ၎င်းပြောသောစကားကို သိပ်အလေးအနက်မထားတော့ဘဲ ၎င်းတို့လုပ်စရာရှိသည်များကိုသာ ပြုလုပ်နေတော့သည်။

သို့ကြောင့် နတ်ဆရာမှာအတော်ပင် အကျပ်ရိုက်နေတော့သည်။ ယခင်က ရွာသူရွာသားများ အထင်ကြီးစေရန်ဆီပူအိုးထဲဝင်ထိုင်ပြခြင်း အပါအဝင် အခြားကိစ္စများပြုလုပ်ပြလိုက်လျှင် ကြောက်ရွံ့ကြသည်။ ဒယ်အိုးထဲမှဆီများကို သိဒ္ဓိရှိသောဆီများဟု ယုံကြည်ကြသဖြင့် အဆောင်အဖြစ် အသုံးပြုရန်၊ ဆေးအဲဖြစ်အသုံးပြုရန် ပုလင်းကြီး၊ ပုလင်းငယ်များဖြင့်လာရောက်ဝယ်ယူရာ ဝင်ငွေအတော်များများ ရခဲ့ပေသည်။

ယခုတစ်ကြိမ် ဆီပူထဲဆင်းထိုင်ပြခဲ့ပြီးသော်လည်း ထိုဆီများကို လာရောက်ဝယ်သူ အတော်ပင်နည်းသွားလေသည်။

"အဲဒါ ဘယ်လိုဖြစ်တာလဲ ဆရာကြီး၊ အရင်က ပွဲပြီးသွားတာနဲ့ လာဝယ်ကြတာ လက်မလယ်အောင် ထည့်ပေးရတယ်၊ အခုမလာကြတော့ဘူး"

တပည့်ဖြစ်သူ ပေတလူက မကျေမနပ်ပြောလိုက်သည်။

"ကျွန်တော်ထင်တာတော့ ဟိုရွာကလာတဲ့မြို့က ဧည့်သည်တွေလာကြည့်ပြီး အခုလိုအခြေအနေ ပြောင်းသွားတာ၊ သူတို့က ဒီမှာလုပ်တဲ့လှို့ဝှက်ချက်တွေကိုသိလို့များ ရွာလူကြီး

www.burmeseclassic.com



ကို ပြောပြသွားသလားမသိဘူး"

စံနက်ကျော်ကပါဝင်ပြောရာ အနားမှာရှိနေသည့် တာတေဆိုသူကပါ မကျေမနပ်ဖြင့် ခေါင်းညိတ်ပြသည်။

"ဟုတ်တယ်၊ သူတို့ပြောပြသွားလို့ ရွာသူရွာသား တွေက ဒီကလျှို့ဝှက်ချက်တွေကို သိသွားကြတာဖြစ်မယ်၊ ဘာပဲဖြစ်ဖြစ် ဒီအတိုင်းဆိုရင်တော့ နောက်ကိုဒီလိုလုပ်စားလို့ မလွယ်တော့ဘူး၊ ကျွန်တော်တော့ အဲဒီလူတွေကို မကျေနပ် ဘူး"

"ဟုတ်တယ်ဆရာကြီး၊ ဒီနည်းနဲ့မဟန်ရင် နောက် တစ်နည်းနဲ့တော့ ကြံစည်ရမှာပဲ၊ ကျွန်တော့်သဘောကတော့ ကျွန်တော်တို့ရဲ့အလုပ်တွေကို တမင်လာပြီး ဒုက္ခပေးတဲ့ မြို့ သားတွေကို ဖြစ်တဲ့နည်းနဲ့ ပြန်ပြီးဒုက္ခပေးရမယ်၊ ဒါမှ ဆရာ ကြီးကို ပြန်ပြီးကြောက်ရွံ့လာကြလိမ့်မယ်"

"အေး မင်းတို့ပြောတာလည်း မှန်ပါတယ်၊ သူတို့က ခေတ်ပညာတတ်တွေဆိုတော့ လွယ်လွယ်နဲ့တော့ လုပ်လို့ရ မှာ မဟုတ်ဘူး၊ ငါကြံစည်လိုက်ပါဦးမယ်"

ဟု နတ်ဆရာကြီးကပြောတော့မှ တပည့်သုံးယောက် လည်း နေရာမှထသွားကြလေသည်။ အနားမှာတော့ မင်ဇူရီ တစ်ဦးသာ ကျန်ခဲ့တော့သည်။

"အဖေဘာယ်လိုလုပ်မှာလဲ၊ သူတို့ကိုတော့ မကောင်း ကြံစည်လို့ ရမှာမဟုတ်ဘူး"





ထိုစကားကြောင့် မျက်နှာထားတင်းတင်းဖြင့် ပြန် ကြည့်သည်။

"ဘာဖြစ်လို့လဲ"

"သူ ပြောသွားတာတွေက မှန်ဖို့များတယ်၊ တကယ် လို့ ဖြစ်လာခဲ့ရင် ကျွန်မတို့လည်းသေမှာပဲ၊ အခုကတည်းက တစ်ခုခု ပြင်ဆင်ထားတာ ပိုမကောင်းဘူးလား"

"နင်က ငါ့ထက် တခြားလူတွေကို ပိုပြီးအားကိုးယုံ ကြည်နေလို့လား၊ နင်ပြောသလိုလုပ်ရင် တစ်ရွာလုံးက ငါ့ကို အထင်သေးပြီး ဝိုင်းသတ်ကြမှာပေါ့၊ တန်ခိုးသိဒ္ဓိရှိတဲ့ လူတစ် ယောက်က မီးတောင်ပေါက်ကွဲရင် ထွက်ပြေးဖို့လှေပြင်နေ တယ်၊ ဖောင်ပြင်နေတယ်ဆိုတာကိုသိရင် ဘယ်လိုထင်မလဲ"

မင်ဇူရီကတော့ ဘာမှပြန်မပြောပေ။

"ဒီလိုအဖြစ်မျိုးတော့ ဘယ်တော့မှအရောက်မခံဘူး လူတွေအထင်သေးခံရတာနဲ့စာရင် ချော်ရည်ပူတွေအောက် ရောက်နေရတာကပိုပြီး ကောင်းလိမ့်မယ်"

ထိုသို့ပြောပြီး နတ်ဆရာက ထသွားရာ မင်ဇူရီမှာ မျက်ရည်အဝိုင်းသားနှင့် ထိုနေရာမှာကျန်ခဲ့လေသည်။ နောက် တော့ နတ်ဆရာယက္ခရသည် ၎င်း၏တပည့်များဖြစ်သော ပေတလူ၊ စံနက်ကျော်နှင့် တာတေတို့ကိုခေါ်၍ ကျောက်ဆောင် သချိုင်းများရှိသောနေရာဘက်သို့ ထွက်သွားကြသည်ကို လှမ်းမြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ညအချိန်ရောက်သောအခါ ဗော်ဂနီရွာမှာ ထူးခြားမှုများ ဖြစ်လာတော့သည်။ အခြားတော့မဟုတ်ပေ။ အသက်သေဆုံးသွားသဖြင့် ဖုတ်သွင်းပြီး ကျောက်တောင်သင်္ချိုင်းသို့ သွားဖို့ထားသော အလောင်းများမှာ ဖုတ်ဝင်၍ပြန်ထလာပြီး ရွာများသို့ ပြန်ရောက်လာခြင်း ဖြစ်သည်။

ကျောက်တောင်သင်္ချိုင်းတွင် သဂြိုလ်ထားသော အလောင်းများမှာ တစ်ရွာတည်းမှမဟုတ်ပေ။ ပတ်ဝန်းကျင်မှာရှိသော ရွာများမှာလည်းလာရောက် သဂြိုလ်ထားသောကြောင့် မည်သူမည်ဝါမှန်း မသိနိုင်တော့ပေ။ နောက်တစ်ခုက အချို့အလောင်းများမှာ နှစ်ကာလကြာမြင့်ပြီဖြစ်သောကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသောကြောင့် မမှတ်မိကြတော့ပေ။

ကျောက်တောင်သင်္ချိုင်းမှထလာသော အလောင်းများက ရွာများအတွင်းသို့ ဝင်ရောက်လာပြီး လူများကို အနှောက်အယှက်ပေးကြလေသည်။ ညအချိန်မတော်ရောက်မှ ဖုတ်ဝင်နေသော အလောင်းတစ်လောင်းက အိမ်ရှေ့သို့သော်လည်းကောင်း၊ အိမ်ပေါ်သို့သော်လည်းကောင်း တက်လာသောကိစ္စမှာ ကောင်းသောကိစ္စတော့ မဟုတ်ပေ။

သို့သော် ထိုကိစ္စက နတ်ဆရာနှင့်သက်ဆိုင်သောကိစ္စ ဖြစ်သောကြောင့် ရွာသူရွာသားများအနေဖြင့် ဘာမှမတတ်နိုင်ကြပေ။ ဖုတ်ဝင်နေသော အလောင်းများမှာ ဗော်ဂနီရွာတစ်ရွာတည်း ဝင်ရောက်လာသည်မဟုတ်ပဲ ကျောက်





တောင်သင်္ချိုင်းနှင့်နီးသော ရွာများသို့ ရောက်သွားကြခြင်းဖြစ်ပေသည်။

ထိုအရပ်ဒေသမှာ နေကြသူများမှာ ဖုတ်ဝင်နေသော အလောင်းများကို မကြောက်ရွံ့ကြပေ။ လူသေလျှင် ဖုတ်သွင်းပြီး သင်္ချိုင်းရောက်အောင် ပို့ပေးရသော ကိစ္စမှာ လုပ်ရိုးလုပ်စဉ် ကိစ္စမျိုးဖြစ်သောကြောင့် ဖုတ်ကောင်များကိုတော့ မကြောက်ကြပေ။ သို့သော် သင်္ချိုင်းသို့ပို့ထားပေးပြီးမှ ယခုလို ပြန်ရောက်လာသော ဖုတ်ကောင်မျိုး မရှိသဖြင့် အတော်ပင် စိတ်ညစ်နေကြသည်။

ဖုတ်ကောင်များက သုဝဏ္ဏရွာသို့လည်း ရောက်သွားကြလေသည်။ ညအချိန်မတော်မှ ဖုတ်ကောင်များ ရောက်လာသည်ကို တွေ့မြင်ရသောအခါ အချို့လည်း ထိတ်လန့်သွားကြသည်။ ထိုအခြေအနေကို သင်္ဘောထဲမှာပင် နေကြသော ဆရာကြီးသူရဇ္ဇတို့ကို ဇမုန်းထန်ကိုယ်တိုင် အကျိုးအကြောင်း သွားပြောပြရသည်။

"ဆရာကြီး သင်္ချိုင်းပို့ထားတဲ့ အလောင်းတွေ ဖုတ်ဝင်ပြီးရွာထဲ ပြန်ရောက်လာကြတယ်၊ ကြည့်ပေးပါဦး"

ထိုသို့ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်ကိုပါခေါ်ပြီး လိုက်သွားကြသည်။ ဦးဗန်ကောင်းကတော့ ဆေးဝါးပစ္စည်းများ ထည့်ထားသော လွယ်အိတ်ကြီးတစ်လုံးကို လွယ်လာသည်။ ဆရာကြီးသူရဇ္ဇကတော့ အင်းချပ်များ ပတ်ထား



www.burmeseclassic.com

www.burmeseclassic.com

သော ဆေးတောင်ဝှေးကိုသာ ယူလာသည်။

အချိန်က ညဦးပိုင်းအချိန်ကျော်ခဲ့ပြီဖြစ်သောကြောင့် သစ်ပင်များဖြင့် အုပ်ဆိုင်းနေသော သုဝဏ္ဏရွာတလျှောက်မှာတော့ အမှောင်ထုများက ဖုံးလွှမ်းထားလျက်ရှိသည်။ သုံးယောက်သား တံတားပေါ်မှ အပေါ်တက်သွားတော့ ရွာလမ်းတစ်လျှောက်တွင် ခြေကားရား လက်ကားရားဖြင့် လျှောက်သွားနေကြသည့် ဖုတ်ကောင်များကို စတင်တွေ့ရသည်။ လမ်းပေါ်ရောက်တော့ မျက်နှာချင်းဆိုင်မှလာနေသော ဖုတ်ကောင်ကို တွေ့သဖြင့် ဆရာကြီးသူရဋ္ဌက. . .

"အော်. . ကိုဖုတ်ကောင်၊ ကိုယ့်နေရာကိုယ်မနေပဲ ဘယ်နှယ့် လမ်းလျှောက်နေရတာလဲ"

ဟုပြောပြီး ဆေးတောင်ဝှေးဖြင့်ထိလိုက်ရာ နေရာမှာဇင် အရုပ်ကြိုးပြတ် လဲကျသွားလေတော့သည်။ ဖုတ်ထွက်သွားသဖြင့် ပြန်မထလာနိုင်တော့ပေ။ ဤသို့ဖြင့် တစ်ရွာလုံးရောက်နေကြသည့် ဖုတ်ဝင်နေသော အလောင်းတို့ကို ဆေးတောင်ဝှေးဖြင့်တို့ခြင်း ဆေးရည်၊ ပရိတ်ရေများဖြင့် ပက်၍ပူးကပ်နေသော ဖုတ်များကို နှင်ထုတ်ကြသည်။

ထိုကိစ္စများကိုတော့ ဆရာကြီးသူရဋ္ဌနှင့် ဦးဗန်ကောင်းတို့ကပင် ဒိုင်ခံလုပ်ကြသည်။ ဒေါက်တာမင်းထင်ကျော်ကတော့ ဆေးဝါးအစီအရင်ကိစ္စများကို မကျွမ်းကျင်လှသဖြင့် အကူအညီ ပေးရုံသာ ပြုလုပ်ပေးသည်။





တစ်ရွာလုံးဝင်ရောက်နေသော ဖုတ်ကောင်များကို ရှင်းလင်းထုတ်သင်ပြီးတော့မှ ဇမုန်းထန်ကပြောသည်။

"ဖုတ်သွင်းပြီး သချိုင်းပို့ထားတဲ့အလောင်းတွေက အခုလို ရွာထဲပြန်ဝင်လာတာ တစ်ခါမှမကြုံဖူးသေးဘူး၊ ဘယ်လိုဖြစ်တာလဲမသိဘူး"

"အသက်မရှိတော့တဲ့ အလောင်းတွေကတော့. . သူ့အလိုလို ထလာမှာမဟုတ်ပါဘူး၊ တစ်စုံတစ်ယောက်ရဲ့ ပယောဂကြောင့်သာ ထလာကြတာဖြစ်မှာပေါ့"

ဆရာကြီးသူရဋ္ဌက ပြောလိုက်သည်။

"အံ့သြစရာပဲ၊ ဒီမှာ ဆရာကြီးတို့ရောက်နေလို့သာပဲ မဟုတ်ရင်တော့ အခက်ပဲ၊ ဒီအတိုင်းဆိုရင်တော့ သချိုင်းနဲ့နီးတဲ့ရွာတွေလည်း ဖုတ်ကောင်တွေ ရောက်နေလောက်ပြီ"

"မိုးလင်းတော့မှ အခြေအနေလိုက်ကြည့်ကြတာပေါ့၊ ဒီဖုတ်ကောင်တွေကို ဒီအတိုင်းထားလို့မရဘူး၊ သူ့နေရာသူပြန်ပို့ပေးမှဖြစ်မယ်"

"မီးတောင်ပေါက်ကာနီးလို့ အလောင်းတွေထပြေးလာကြတာလား မသိဘူး"

ကြံကြံဖန်ဖန်ပြောလိုက်သော ဇမုန်းထန်စကားကြောင့် ကျန်သုံးယောက်က သဘောကျစွာရယ်လိုက်ကြသည်။

"ကြံကြံဖန်ဖန်ဗျာ၊ သေပြီးတဲ့အလောင်းကတော့ မီးလောင်တာလည်း မသိဘူး၊ ရေကြီးတာလည်း သူမသိနိုင်


www.burmeseclassic.com

www.burmeseclassic.com



တော့ပါဘူး၊ အခုလိုဖြစ်တာ သာမန်တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး၊ တစ်ယောက်ယောက်ရဲ့ ပယောဂကြောင့်ဆိုတာတော့ သေချာပါတယ်၊ မနက်လင်းတော့မှ အဖြေသိအောင် စုံစမ်းကြည့်ရမယ်”

ဟု ပြောလိုက်သည်။

ထို့နောက် တစ်ညလုံး မအိပ်ကြတော့ပဲ ဇမုန်းထန်အိမ်မှာပင် လက်ဖက်ရည်သောက်ရင်း စကားပြောနေကြသည်။

“ဆရာကြီးတော့ဘယ်လိုထင်သလဲ မသိဘူး၊ ကျွန်တော်ကတော့ မော်ဂနီရွာကနတ်ဆရာကို သိပ်တော့မသင်္ကာဘူး၊ ဒါမျိုးက နတ်ဆရာတွေပဲလုပ်တတ်ကြတာမဟုတ်လား”

ဇမုန်းထန်က သူ့စိတ်ထဲတွင် ရှိနေသည်ကိုပြောသည်။

“သူ့ရဲ့လျှို့ဝှက်ချက်တွေ ပေါ်သွားတာကြောင့် မတော့မနပ်ဖြစ်ပြီး အခုလိုလုပ်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့”

ဦးဇန်ကောင်းကပါ လက်ဖက်ရည်သောက်ရင်း ဝင်ပြောသည်။

“ဘာပဲဖြစ်ဖြစ်ပေါ့လေ၊ ဝိဉာဉ်တွေကိုအခုလို အနှောက်အယှက်ပေးတာတော့ မကောင်းလှဘူး၊ ကာလကြာရင် မိစ္ဆာတွေကို နှိမ်နှင်းရတာခက်တယ်၊ ဒါကြောင့်နောက်တစ်နေ့ မနက်လင်းတာနဲ့ တခြားနေရာရောက်နေတဲ့ မိစ္ဆာ





တွေကိုပါ လိုက်ပြီးရှင်းပေးနိုင်ရင် ပိုကောင်းတယ်”

ဆရာကြီးသူရဇ္ဇစကားကြားတော့ ဦးဇန်ကောင်းက

“ဒီအတွက်တော့ စိတ်မပူပါနဲ့ဆရာကြီး၊ ဒါမျိုးတွေက ကျွန်တော်တို့လုပ်နေကျအလုပ်ပါ၊ မနက်ကျရင် ဆရာကြီးနေခဲ့ပါ၊ ကျွန်တော်တို့ တာဝန်ယူပြီး လိုက်ရှင်းပေးပါ့မယ်”

ဟု ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၁၄ )

# ဘဝနှင့်ရင်းရသော ချစ်ခြင်းမေတ္တာ

နောက်တစ်နေ့ နံနက်ပိုင်းမှာတော့ ဦးဗန်ကောင်း၊ နီမောင်နှင့် ဒေါက်တာမင်းထင်ကျော်တို့သုံးယောက် ခရီးထွက်ကြလေသည်။ ဆေးလွယ်အိတ်ကြီးကိုတော့ နီမောင်က လွယ်ထားပြီး၊ ဆေးတောင်ဝှေးကိုတော့ ဦးဗန်ကောင်းက ကိုင်ထားသည်။

ဒေါက်တာမင်းထင်ကျော်ထံမှာတော့ သေနတ်တစ်

www.burmeseclassic.com

www.burmeseclassic.com



လက် ပါလာသည်။ သို့သော် နာနာဘာဝများကိုတော့ သေ နတ်ဖြင့် ပစ်၍မရမှန်းသိသည်။

၎င်းတို့နေသော သုဝဏ္ဏရွာမှထွက်သည်နှင့် နေရာ အချို့တွင် သွားလာနေသော ဖုတ်ကောင်များကို တွေ့ကြရ သည်။ ဖုတ်ကောင်များက သူ့ဖာသာသွားလာနေကြသော် လည်း ရွာသားများကတော့ အလုပ်အကိုင်ပျက်ကာ စိတ် ညစ်နေကြသည်။ အချို့ဖုတ်ကောင်များက လယ်ထဲရောက် နေသည်။ အချို့က အိမ်ပေါ်တက်လာပြီး ရှိသမျှ အစားအ သောက်များကို ယူ၍စားသောက်ကြသည်။

ဦးဗန်ကောင်းကတော့ လမ်း၌သွားလာနေသည့် ဖုတ်ကောင်တွေ့လျှင် . . .

"ကိုဖုတ်ကောင် ခေါင်းထဲမှာနေရတာကြာလို့ လမ်း လျှောက်နေတာလား"

ဟု ပြောကာ ဆေးတောင်ဝှေးဖြင့် ထိလိုက်သည်နှင့် အရုပ်ကြိုးပြတ်ဖြစ်ကာ လဲကျသွားလေတော့သည်။ အချို့ ဖုတ် ကောင်များက အနားကပ်မခံသဖြင့် ဆေးစီရင်ထားသောရေ ဖြင့် ပက်ရသည်။ ဆေးရည်ထိသည်နှင့်ပင် လဲကျသွားတော့ သည်။

ဤသို့ဖြင့် လမ်းတစ်လျှောက်တွေ့သမျှ ဖုတ်ကောင် များကို ဖယ်ရှားပြီးနောက်သွားကြရာ မော်ဂနီရွာသို့ ရောက် သွားကြသည်။ မော်ဂနီရွာတစ်ဝိုက်ရောက်တော့ လူပ်ရှား



သွားလာနေကြသည့် ဖုတ်ကောင်အတော်များများကို တွေ့ရ သဖြင့် သုံးယောက်သား တက်ညီလက်ညီ သုတ်သင်ဖယ်ရှား ကာ တဖြည်းဖြည်းသွားကြရာ ရွာလူကြီး ဆူရာဂျာနေအိမ်သို့ ရောက်သွားကြသည်။

"ခင်ဗျားတို့ရောက်လာတာ ဝမ်းသာလိုက်တာ၊ ဒီမှာ တော့ တစ်ရွာလုံး ဖုတ်ကောင်တွေပြန့်နေပြီ"

"စိတ်မပူပါနဲ့ ကျုပ်တို့ ရှင်းပေးခဲ့ပါမယ်၊ လမ်းမှာ လည်း အတော်များများ ရှင်းထားခဲ့ပြီးပါပြီ"

"ကျေးဇူးတင်လိုက်တာဗျာ၊ အကြာကြီးသာ နှောက် ယှက်နေရင်တော့ ဒီမှာ ဘာမှလုပ်ရတော့မှာ မဟုတ်ဘူး၊ နတ်ဆရာ သွားခေါ်ပြောတော့လည်း သူမတတ်နိုင်ဘူးလို့ ပြော လိုက်တယ်"

"သူရှင်းမပေးရင်လည်း ကျုပ်တို့ရှင်းပေးသွားပါ့မယ်၊ ရွာသားတွေကိုသာ ခေါ်လိုက်ပါ"

ဟု ဦးဗန်ကောင်းကပြောသဖြင့် ရွာလူကြီးက မောင်း ထုပြီးခေါ်သောအခါ ရွာသူရွာသားအတော်များ ရောက်လာ ကြသည်။ ထိုအခါ ဦးဗန်ကောင်းက ဂမုန်းနက်ဖြင့် ဆေးကို ရေဖြင့်ရောကာ ရွာသားများကိုပေးသည်။

"ခင်ဗျားတို့ အိမ်မှာရောက်နေတဲ့ ဖုတ်ကောင်တွေ ကို ဒီဆေးရေနဲ့ ဖြန်းလိုက်ရင် ထွက်ပြေးသွားပါလိမ့်မယ်"

ဟုပြောကာ ပေးသောအခါ ဗူးများခွက်များဖြင့် ယူ



www.burmeseclassic.com

www.burmeseclassic.com



ဆောင်သွားကြလေသည်။

ဦးဗန်ကောင်းတို့ကတော့ ရွာလူကြီးနေအိမ်မှပင် ဆေးအစီအရင်များပြုလုပ်ကာ ရောက်လာသမျှပေးရာ လက်မလည်ရအောင် ဖြစ်နေတော့သည်။ နေ့ခက်တော့ မော်ဂနီရွာသာမကပဲ သတင်းကြားသဖြင့် အခြားရွာများက ပါ တကူးတကရောက်လာပြီး ယူကြသည်။ ဂမုန်းဆေးရေက တော့ ထွေထွေထူးထူး စီရင်ပြုလုပ်စရာမရှိပေ၊ ပါလာသော ဂမုန်းနက်ကို ရေစိမ်၍သော်လည်းကောင်း၊ စီရင်ထားသော အင်းချပ်တို့ကိုရေစိမ်၍ ပေးရုံနှင့်ပင် ဖုတ်ကောင်များထွက် ပြေးကြသည်။

တစ်နေ့ကုန်ပေးပြီးနောက်မှာတော့ ညနေပိုင်းအချိန် ရောက်တော့ လူရှင်းသွားတော့သည်။ သတင်းစုံစမ်းကြည့် တော့ သွားလာနေသော ဖုတ်ကောင်များလည်း မရှိတော့ ကြောင်း သိရတော့မှ သက်ပြင်းချနိုင်ကြတော့သည်။

"ကျေးဇူးတင်လိုက်တာဗျာ ဆရာကြီးတို့သာ ရောက် မလာရင်တော့ အခက်ပဲ"

ညနေပိုင်းရောက်တော့ ရွာလူကြီးက အစားအ သောက်များဖြင့် ကျွေးမွေးဧည့်ခံကာ တစ်ညအိပ်ပေးဖို့ တောင်းပန်ပြောဆိုသဖြင့် လက်ခံလိုက်ကြသည်။ ညဦးပိုင်း အချိန် စားသောက်ပြီးသဖြင့် နားနေကြစဉ် အမျိုးသမီးနှစ် ယောက် ရောက်လာကြသည်။



"နတ်ဆရာကြီးက ဒီမှာရောက်နေတဲ့ ဧည့်သည်သုံး ယောက်ကို ကျွေးမွေးဧည့်ခံဖို့ ဖိတ်ခိုင်းလိုက်ပါတယ်ရှင်"

ထိုစကားကြားတော့ ဆူရာဂျာကတော့ လိုက်မသွား စေလိုပေ။ သို့သော် ဒေါက်တာမင်းထင်ကျော်က အခြေအ နေသိလိုသဖြင့် လိုက်သွားရန် ကျန်နှစ်ယောက်နှင့်တိုင်ပင် သည်။

"သွားကြတာပေါ့၊ နဂါးကချေသည်လေးနဲ့လည်း ပြန် တွေ့ရတာပေါ့"

ဦးဗန်ကောင်းက ပြောလိုက်တော့ နီမောင်ကပါ သ ဘောကျစွာရယ်နေသည်။ ထိုနောက် သုံးယောက်သား ပြင် ဆင်စရာပြင်ဆင်ပြီး လာခေါ်သော မိန်းကလေးနှစ်ယောက် နှင့်အတူ လိုက်သွားကြလေသည်။ နီမောင်နှင့် ဦးဗန်ကောင်း တို့တွင် ဝါးတုတ်တစ်ချောင်းစီပါကြပြီး တောင်ဝှေးသဖွယ် အသုံးပြုလာကြသည်။ ဒေါက်တာမင်းထင်ကျော်ထံမှာတော့ သေနတ်တစ်လက်ပါသည်။

နတ်ဆရာနေသောနေရာမှာ ရွာအပြင်ဘက်တောင် ကုန်းတစ်ခုပေါ်တွင် သီးခြားရှိနေသောကြောင့် ရွာမှထွက်ပြီး လမ်းတစ်လမ်းမှ ဖြတ်သွားကြရသည်။ အချိန်က ညဦးပိုင်းအ ချိန် ရောက်နေပြီဖြစ်သော်လည်း သစ်ပင်ရိပ်ကင်းသောနေရာ တွင် အလင်းရောင်အချို့ ရှိနေသေးသဖြင့် မှုံဝါးဝါးမြင်နေရ သေးသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာအပြင်ဘက်ရောက်တော့ သွားမည့်လမ်းပေါ်မှာ သူသုံးယောက်ရပ်နေသည်ကို လှမ်းမြင်ရသဖြင့် ရပ်လိုက်ကြသည်။ လာခေါ်သော မိန်းကလေးနှစ်ယောက်ကတော့ ထိုသူများကို တွေ့သည်နှင့်တစ်နေရာသို့ ခတ်သုတ်သုတ်ထွက်သွားကြလေသည်။

မရှေးမနှောင်းမှာပင် နောက်ဘက်သစ်ချုံများရှိသောနေရာမှ လူလေးယောက်ထပ်ထွက်လာပြီး ရှေ့နောက်ဝိုင်းထားလိုက်ကြသည်။ ထိုအခြေအနေကိုမြင်တော့ ဒေါက်တာမင်းထင်ကျော်က အေးအေးဆေးဆေးပင် ပြောလိုက်သည်။

"နဂါးကချေသည်နဲ့မတွေ့ရခင် အနားမှာရှိနေတဲ့ ယက္ခဂုမ္ဘာန်တွေနဲ့ အရင်တွေ့ရတယ်ထင်ပါရဲ့"

"တွေ့တော့လည်း သွေးပူလေ့ကျင့်ခန်းလုပ်ကြတာပေါ့"

"ဒီမှာတော့ သူတို့ဒေသခံတွေနဲ့ အဆင်မပြေရင် အခုလို လူအုပ်နဲ့ ဝိုင်းပြီးရန်ရှာကြတာမျိုးက မကြာခဏတွေ့ရတယ်၊ ကျွန်တော့်အဖို့တော့ ရိုးနေပါပြီ"

ထိုသို့ပြောနေစဉ်မှာ ဓားလှံလက်နက်များကိုင်ထားသော လူခုနှစ်ယောက်က ဒေါက်တာမင်းထင်ကျော်တို့ သုံးယောက်ကို ဝိုင်းဝန်းတိုက်ခိုက်ကြသည်။ သူတို့အထင်က လူများများနှင့် ဝိုင်းဝန်းတိုက်ခိုက်လျှင် ရမည်ထင်ထားသော်လည်း တကယ်တော့မလွယ်လှပေ။ နီမောင်၊ ဒေါက်တာမင်း





ထင်ကျော်နှင့် ဦးဗန်ကောင်းတို့ သုံးယောက်စလုံးမှာ သိုင်းပညာ၊ ဗန်ဒိုပညာတို့ကို တတ်ကျွမ်းထားသူများဖြစ်သဖြင့် အနားကပ်လာသော ရန်သူအချို့ကို နလံမထူအောင် တိုက်ခိုက်နိုင်ကြသည်။

နီမောင်က နောက်မှမှိန်းဖြင့် ဝင်ထိုးသောသူကို လွတ်အောင်ခုန်ရှောင်ပြီး လက်ထဲမှ ဝါးရင်းတုတ်ဖြင့် လက်ပြန်ရိုက်ရာ မျက်နှာကိုထိပြီး မှိန်းတခြားလူတခြားဖြစ်ကာ လဲကျသွားသည်။

ဦးဗန်ကောင်းကလည်း ဓားဖြင့်ဝင်ခုတ်သောရန်သူကို ဓားချက်လွတ်အောင်ရှောင်ပြီး ဒူးဆစ်ကို ဝါးရင်းတုတ်ဖြင့်ရိုက်ရာ ပုံလျက်သားလဲကျသွားရာ ပြန်မထနိုင်တော့။

ဒေါက်တာမင်းထင်ကျော်ကိုတော့ လူသုံးယောက်က ရှေ့နောက်ဝိုင်းတိုက်သည်။ နောက်မှဝင်လာသူကို ခြေထောက်ဖြင့်ကန်ထုတ်လိုက်ပြီး ဘေးမှဝင်လာသော ဓားကိုင်သောလက်ကို ဖမ်းထားလိုက်သည်။ အခြားတစ်ဖက်မှ ဓားဖြင့်ဝင်ထိုးသောအခါ ကိုယ်ကိုညွတ်၍ ရှောင်ပေးလိုက်ရာ ရန်သူအချင်းချင်း ထိုးမိသွားသည်။ ထိုအခါ မှ ဘေးမှဝင်လာသော ရန်သူ၏မျက်နှာကို လက်ဝါးစောင်းဖြင့် ခုတ်ချရာ လဲကျသွားသည်။

နီမောင်က စိတ်မကျေနပ်သဖြင့် လဲကျနေသူလေးယောက်၏ခေါင်းကို ဝါးရင်းတုတ်ဖြင့် လိုက်ရိုက်ရာ မထနိုင်



www.burmeseclassic.com

www.burmeseclassic.com



တော့ပေ။ မားထိထားသူ အပါအဝင် လူငါးယောက်လဲကျ သွားသောအခါ ကျန်နှစ်ယောက်မှာ အခြေအနေမဟန်မှန်း သိသဖြင့် အမှောင်ထဲသို့ ဝင်ပြေးသွားလေတော့သည်။

"သွေးတောင်သိပ်မပူလိုက်ပါဘူး"

ဦးဗန်ကောင်းကပြောရင်း ကွမ်းယာတစ်ယာကို ထုတ်၍ ပါးစပ်တွင်းထည့်ကာ ဝါးနေလေသည်။

"ဘယ်လိုလုပ်မလဲ ဆရာ"

နီမောင်က မေးလိုက်သည်။

"သူကဖိတ်ခိုင်းလို့လာတာဆိုတော့ နတ်ဆရာဆီ ကိုပဲ သွားကြတာပေါ့"

ထိုသို့ပြောဆိုပြီး သုံးယောက်သား ထိုနေရာမှထွက်ခဲ့ ကြလေသည်။ နတ်ဆရာအိမ်ရောက်တော့ နတ်ဆရာကိုမ တွေ့ရပဲ သူ့မိန်းမနှင့်ကလေးများကိုသာ တွေ့ရသည်။ မင်ဇူရီ လည်း ရှိနေသည်။ မင်ဇူရီကတော့ ဒေါက်တာမင်းထင်ကျော် တို့ သုံးယောက်ကိုမြင်တော့ မျက်စိမျက်နှာပျက်နေသည်။

ဒေါက်တာမင်းထင်ကျော်က မင်ဇူရီအား ပြုံးပြကာ မေးလိုက်လေသည်။

"နတ်ဆရာရှိပါသလား၊ သူအခေါ်ခိုင်းလို့ လာကြ တာပါ"

"အဖေမရှိပါဘူး၊ ဟိုဘက်ရွာကလာခေါ်လို့ လိုက် သွားပါတယ်"





"သူနဲ့မတွေ့ရလည်း ကိစ္စမရှိပါဘူး၊ မင်းနဲ့စကား နည်းနည်းလောက်ပြောချင်ပါတယ်"

ထိုသို့ခွင့်တောင်းတော့ မင်ဇူရီက အသာအယာ ခေါင်းညိတ်ပြသဖြင့် နဂါးရုပ်တုကြီးရှိသောနေရာဘက်သို့ ခေါ်လာသည်။ ထိုနေရာရောက်တော့ ထိုင်ပြီး သိလိုတာကို မေးရင်း အခြေအနေကို ပြောပြရသည်။

"ကိုယ့်နာမည်က ဒေါက်တာမင်းထင်ကျော်လို့ ခေါ် တယ် မီးတောင်ပေါက်ကွဲတာ လေ့လာဖို့ ဗမာပြည်ကလာကြ တာပါ"

သူမက ခေါင်းညိတ်ပြသည်။

"မင်းနာမည်က ဘယ်သူလဲ"

"မင်ဇူရီပါ"

"မင်းက နဂါးအကကတာ အတော်လေးလှတယ်၊ ဒါထက် နတ်ဆရာက မင်းအဖေလား"

"ဟုတ်ပါတယ် ကျွန်မအမေကတော့ သေသွားပါပြီ"

"ဒီည နတ်ဆရာက တွေ့ချင်လို့ဆိုပြီး မိန်းကလေး နှစ်ယောက်ကလာခေါ်တယ်၊ လမ်းရောက်တော့ လူခုနှစ် ယောက် ဝိုင်းဝန်းတိုက်ခိုက်တာခံရတယ်၊ ဒီအကြောင်းတွေကို မင်းသိသလား"

သူမက မျက်လုံးအဝိုင်းသားဖြင့်ကြည့်ကာ ခေါင်းခါ ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ပေါ့၊ မင်းတို့ကို တောင်းပန်စရာတွေ ရှိပါတယ်၊ မင်းတို့ရဲ့ လုပ်ငန်းတွေကို တမင်လာပြီး အနှောက်အယှက်ပေးသလို ဖြစ်သွားတာတော့ တောင်းပန်ချင်ပါတယ်"

"ဒါပေမယ့် ရှင်မှန်ပါတယ်"

"ကိုယ်လည်း ဒီလိုမလုပ်ချင်ပါဘူး၊ ဒါပေမယ့် ရာပေါင်းများစွာရှိတဲ့ ရွာသူရွာသားတွေကို ဒီလိုမှ သဘောပေါက်အောင် ပြောပြမထားဘူးဆိုရင် တကယ်လို့ မီးတောင်ပေါက်ကွဲလာရင် ပြေးစရာမြေမရှိပဲ ချော်ရည်ပူတွေအောက်ရောက်ပြီး သေကြရလိမ့်မယ်"

သူမက ခေါင်းညိတ်ပြသည်။

"ကျွန်မလည်း အဖေခိုင်းတာကို လုပ်ပေးနေရပေမယ့် ဒါမျိုးလုပ်ရတာကို သဘောမကျပါဘူး၊ ဒီမှာနေရတာလည်း မပျော်ပါဘူး"

"မင်းမှာ ဒီလိုသဘောထားမျိုးရှိတယ်ဆိုရင် အကူအညီပေးလို့ရပါတယ်"

"ဘယ်လိုပေးမှာလဲ"

"မင်းမနေချင်တဲ့နေရာက ခေါ်သွားပေးပါ့မယ်"

သူမက တအံ့တဩ ဖြစ်သွားသော အမူအယာဖြင့် မော့ကြည့်သည်။

"ရှင်ပြောတဲ့စကားမျိုးက ဘယ်လိုသဘောမျိုးလဲ"

"အမှန်ပြောရရင်တော့ မင်းကိုစတွေ့ကတည်းက





ကိုယ်က စိတ်ဝင်စားနေတာပါ၊ မင်းလက်ခံပေးရင် ဒီနေရာကနေ တစ်ခါတည်း ခေါ်သွားပေးပါမယ်"

"ကျွန်မကဘယ်လိုယုံကြည်ရမှာလဲ၊ ရှင့်အခုမှတွေ့ကြတာ ရှင့်အကြောင်းကိုလည်း ဘာမှမသိရသေးဘူး"

"ဒီမှာတော့ ကိုယ့်အကြောင်းကိုသိတဲ့သူတွေ ရှိပါတယ်၊ သုဝဏ္ဏရွာလူကြီးဇမုန်းထန်နဲ့ အခုပါလာတဲ့ နီမောင်တို့ကို မေးကြည့်လို့ ရပါတယ်၊ ကိုယ့်ကိုယုံပါ မင်းကို ဒုက္ခရောက်အောင် ဘယ်တော့မှမလုပ်ပါဘူး"

"ကျွန်မ စဉ်းစားပေးပါ့မယ်"

"မင်းကို တစ်ခါတည်းမှာခဲ့ပါမယ်၊ မကြာခင် မီးတောင်က ပေါက်ကွဲတော့မယ်၊ မင်းအဖေပြောတာကို နားထောင်ပြီး ဒီမှာကြာကြာမနေပါနဲ့၊ တကယ်လို့ မီးတောင်ပေါက်ကွဲလာရင် ဘယ်လိုအရာနဲ့မှ ကာကွယ်ထားဆီးလို့မရနိုင်ဘူး၊ ဒီတော့ တစ်ခုခု စီစဉ်ထားပါ"

"ဘယ်. . ဘယ်လိုစီစဉ်ရမှာလဲ"

"ဖြစ်နိုင်ရင်တော့ လောလောဆယ် ဒီနေရာမှာမနေပဲ တခြားနေရာမှာရွှေ့နေရင် အကောင်းဆုံးပဲ၊ မင်းတို့နေတဲ့နေရာက မီးတောင်နဲ့အနီးဆုံးနေရာမှာ ရှိနေတယ်၊ ဒီတော့ မီးတောင်ပေါက်ကွဲတာနဲ့ တစ်နာရီကို မိုင် ၆၀-၇၀ လောက်နှုန်းနဲ့ စီးဆင်းလာတဲ့ ချော်ရည်ပူတွေက မင်းတို့ရွာကို အရင်ရောက်လာမှာပဲ၊ အဲဒီလို ဆင်းလာမှ ပြေးရင်တော့ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



မှ မလွတ်နိုင်တာသေချာတယ်”

သူမက စိုးရိမ်ထိတ်လန့်သောအမူအယာဖြင့် ကြည့်နေသည်။

“ရွာလူကြီး ဆူရာဂျာနဲ့ ရွာသူရွာသားအတော်များများတော့ မီးတောင်ပေါက်ကွဲတာနဲ့ ထွက်ပြေးဖို့ ဝါးဖောင်တွေ၊ လှေတွေလုပ်ထားကြပြီ”

“ရှင်. . ရှင် ပြောတာတွေက တကယ်ပဲလားဟင်”

“ မင်းကို မဟုတ်တဲ့စကားတွေ ဘာကြောင့်ပြောရမှာလဲ၊ မီးတောင်ကြီးပေါက်ကွဲတော့မယ့် အခြေအနေရောက်နေပြီ ဆိုတာလည်း မင်းအသိပဲ မဟုတ်လား”

“မီးတောင်ပေါက်ကွဲတာ တစ်ခါမှ မမြင်ဖူးသေးဘူး”

“မကြာခင်တော့ တွေ့ရတော့မှာပါ။ မင်းဒီမှာအဆင်မပြေရင် ကိုယ်ရှိနေတဲ့သုဝဏ္ဏရွာကိုလာပြီး အကူအညီတောင်းနိုင်ပါတယ်”

“ရှင်က ဘာနဲ့လာတာလဲဟင်”

“ကိုယ်ပိုင်သင်္ဘောနဲ့လာတာပါ။ ကိုယ်ပြောတာကို မင်းစဉ်းစားပေးရင် ကိုယ်ပြန်တဲ့အခါ ဇမာပြည်ကို တစ်ခါတည်း ခေါ်သွားပါ့မယ်”

“ကျွန်. . ကျွန်မမှာ အဖေကလွဲပြီး အားကိုးစရာတွယ်တာစရာ ဘာမှမရှိပါဘူး၊ ရှင်ပြောတာကို ကျွန်မစဉ်းစားပေးပါ့မယ်”



ထိုစကားကြားတော့ ဒေါက်တာမင်းထင်ကျော်က သဘောပေါက်သွားသော အမူအယာဖြင့် တစ်ချက်ပြုံးလိုက်ပြီး သူမလက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။ ပထမတော့ တွန့်ခနဲ ဖြစ်သွားသေးသည်။ နောက်တော့ ရုန်းဖယ်ခြင်းမပြုပဲ ငြိမ်သွားသည်။

ဒေါက်တာမင်းထင်ကျော်မျက်နှာကို စေ့စေ့ပြန်ကြည့်နေရာမှ အဖြေတစ်ခု တွေ့သွားဟန်ဖြင့် ဒေါက်တာမင်းထင်ကျော်လက်ကို ပြန်ဆုပ်ထားလိုက်သည်။ ပါးစပ်ကမပြောသေးသော်လည်း ဒါကပင် သူမပြောလိုသော အဖြေဖြစ်ပေလိမ့်မည်။

“မင်ဂူရီ ကိုယ့်ကို လက်ခံပေးနိုင်မလား”

ဟု တိုးတိုးမေးလိုက်သည်။

“ကျွန်မဘဝမှာ ပထမဆုံးတွေ့ရတဲ့အချစ်ကို မလှည့်စားချင်တော့ပါဘူး၊ ကျွန်မ မောင့်မေတ္တာကို လက်ခံပေးပါတော့မယ်”

ဟု အသံကတုန်ကယင် ပြန်ပြောလေသည်။

“ဒီစကားကြားရတာ တကယ်ပဲ ဝမ်းသာပါတယ်၊ ကိုယ့်ဘက်ကလည်း မင်ဂူရီဟာ ပထမဆုံးရှာတွေ့တဲ့ အချစ်ဖြစ်လို့ ဒီအချစ်ကိုက တစ်သက်လုံး သစ္စာရှိရှိနဲ့ ချစ်သွားပါမယ်လို့ ကတိပေးပါတယ်”

ထိုကဲ့သို့ တစ်ယောက်နှင့်တစ်ယောက် နားလည်မှု

www.burmeseclassic.com

www.burmeseclassic.com



ရသွားသော အခြေအနေကို မလှမ်းမကမ်းမှာရှိနေသော နီမောင်နှင့်ဦးဗန်ကောင်းတို့က မြင်သဖြင့် သဘောပေါက်စွာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ပြုံးလိုက်ကြသည်။ ယခုတော့ စောစောကကြုံတွေ့ခဲ့ရသော ဘေးအန္တရာယ်များကိုပင် မေ့သွားကြပြီဖြစ်သည်။







## အခန်း ( ၁၅ )

## မီးတောင်ကြောင့် ကျွန်းများကွယ်ပျောက်ကြခြင်း

အင်ဒိုနီးရှားနိုင်ငံသည် ကမ္ဘာပေါ်တွင် မီးတော အများဆုံးရှိသည့် နိုင်ငံဖြစ်သည်။ မီးသေတောင်ပေါင်းများစွာ တို့ ရှိကြသည့်အပြင် မီးရှင်တောင်များလည်းရှိသည်။ မီးရှင် တောင်ပေါင်း ၇၀-ကျော်ခန့်ရှိပြီး အချို့တောင်များမှာ အချိန် မရွေး ပေါက်ကွဲနိုင်သော တောင်များလည်းပါဝင်ကြသည်။

www.burmeseclassic.com

ထိုကဲ့သို့ မီးတောင်များ နေရာအနှံ့အပြားၥ္၌ရှိကြသလို ကျွန်းကြီးကျွန်းငယ်ပေါင်း မြောက်မြားစွာတို့လည်း ရှိကြသည်။ ကျွန်းကြီးမှကျွန်းအပါအဝင် ကျွန်းငယ်ပေါင်း ၃၀၀၀ ကျော်ခန့် ရှိကြလေသည်။

ထိုကဲ့သို့ ကျွန်းများပေါ်ထွန်းမှုများပြားခြင်းမှာ မီးတောင်များ များပြားခြင်းကြောင့်လည်း ဆက်စပ်မှုရှိလေသည်။ မီးတောင်ပေါက်ကွဲသည့်အခါတိုင်း သဘာဝပထဝီအနေအထား ပြောင်းလဲသွားရာ ကျွန်းသစ်များပေါ်ထွန်းသလို ကျွန်းဟောင်းများ ပျောက်သွားခြင်းမျိုးလည်း ရှိပေသည်။

၁၉၁၃-ခုလောက်က ဩစတေးလျတိုက်တွင် ပစိဖိတ်သမုဒ္ဒရာ၌ရှိသော ကျွန်းတစ်ကျွန်းမှာ မီးတောင်ပေါက်ကွဲမှုကြောင့် ကွယ်ပျောက်သွားခဲ့သည်။ ဆူမားတြားကျွန်းနှင့် ဂျာဗားကျွန်းအကြား၌ ရေအောက်မီးတောင် ပေါက်ကွဲမှုကြောင့် ပေါ်ထွန်းခဲ့သော ကာရာတာတိုကျွန်းမှာ မီးတောင်ပေါက်ကွဲမှုကြောင့်ပင် အင်ဒိုနီးရှားနိုင်ငံပိုင် ကျွန်းများစာရင်းမှ ကွယ်ပျောက်သွားခဲ့ဖူးပေသည်။

ကမ္ဘာပေါ်ရှိ ပင်လယ်သမုဒ္ဒရာအချို့တွင် ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် ကျွန်းများပေါ်ထွန်းလာပုံကို အကျဉ်းမျှဖော်ပြပါမည်။ သမုဒ္ဒရာနှင့်ပင်လယ်ရေပြင်တို့၏ အောက်၌ တည်ရှိနေကြသော ရေအောက်မီးတောင်ပေါက်ကွဲမှုများကြောင့် ကမ္ဘာအရပ်ရပ်ရှိ ရေပြင်များပေါ်၌ ပေါ်ထွန်းလာခဲ့ကြသည့် ကျွန်းကြီးကျွန်းငယ် အသွယ်သွယ်တို့သည် ၎င်းတို့ကို ဖြစ်ထွန်းစေသည့် မီးတောင်များ၏ ပေါက်ကွဲမှုများကြောင့်ပင် ကမ္ဘာ့မြေပုံပေါ်မှ ပြန်လည်ပျောက်ကွယ်သွားကြရသည်။



ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ရေမျက်နှာပြင်တို့၏ အောက်၌ ရှိ မီးတောင်များအပါအဝင် ရေအောက်မီးတောင်ကြီးများသည် ငုပ်လျှိုးတည်ရှိနေကြသည်။ အဆိုပါရေအောက် မီးတောင်ကြီးများသည် လွန်ခဲ့သောနှစ်သန်းပေါင်းများစွာကတည်းကပင် ပေါက်ကွဲပွင့်အန်ခဲ့ကြသည်။

လက်ရှိကာလတွင်လည်း ပေါက်ကွဲနေဆဲ၊ ပွင့်အန်နေဆဲဖြစ်ကာ နောင်လာမည့် အနာဂတ်ကာလများ၌လည်း စဉ်ဆက်မပြတ် ပေါက်ကွဲပွင့်အန်နေကြဦးမည် ဖြစ်သည်။ သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်အောက်ရှိ အချို့သော မီးတောင်ကြီးများမှာ ကမ္ဘာ့မြေပြင်ပေါ်ရှိ ရောမမီးတောင်ကြီးများထက်ပင် အရွယ်အစားပို၍ ကြီးမားကြသကဲ့သို့ ပေါက်ကွဲမှုအားသည်လည်း မြေပေါ်မီးတောင်များထက် အဆများစွာ ကြီးမားပြင်းထန်တတ်ကြသည်။

ကမ္ဘာ့မြေပြင်ပေါ်ရှိ မီးတောင်များပေါက်ကွဲပွင့်အန်ကြသည့်အခါ ဖိအားအနည်းငယ်မျှသာရှိသော လေထုကို ဖြတ်သန်းရသည့်အတွက် ကျောက်တုံးများ၊ ချော်တုံးချော်ခဲ

www.burmeseclassic.com



များ၊ အခိုးအငွေ့များ၊ ချော်ရည်များကို လွတ်လပ်စွာ မှုတ်ထုတ်ခွင့် ရရှိကြသည်။ ရေပြင်အောက်ရှိ မီးတောင်များ ပေါက်ကွဲပွင့် အန်ကြသည့်အခါ၌မူ ထုထည်ပမာဏကြီးမား လှသော ဧရာမရေထုကြီး၏ ဖိအားကို ဆန့်ကျင်ထိုးဖောက်ကြရသည့်အတွက် အင်အားရှိသလောက် အစွမ်းပြခွင့်မရရှိကြပေ။

ရေ့အောက်မီးတောင်များသည် ထိုမျှထုထည်ကြီးသော ဧရာမရေထုကြီးကို ဖိလာဆန့်ကျင့်ပြီး ချော်တုံးချော်ခဲနှင့် ချော်ရည်များ၊ ကျောက်တုံးများ၊ ပြာမှုန်နှင့်အခိုးအငွေ့များကို ပမာဏများပြားစွာ မှုတ်ထုတ်ခဲ့ကြသည့်အတွက် ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်များပေါ်၌ ကျွန်းများကို ဖြစ်တည်ပေါ်ပေါက်လာစေခဲ့သည်။

ဥပမာအားဖြင့် ဖော်ပြပါမည်။ အဆိုပါနည်းလမ်းဖြင့် ပစိဖိတ်သမုဒ္ဒရာရေပြင်ပေါ်၌ ဟာဝိုင်ယီကျွန်းစုများနှင့် ကာရိုလိုင်းကျွန်းစုများ၊ အတ္တလန္တိတ်သမုဒ္ဒရာ ရေပြင်ပေါ်၌ ဘာမြူဒါကျွန်း၊ အိန္ဒိယသမုဒ္ဒရာရေပြင်ပေါ်၌ ခရစ္စမတ်ကျွန်းစသည်တို့ကို ပေါ်ပေါက်လာစေခဲ့သည်။

ရေအောက်၌ငုပ်လျှိုးနေကြသော မီးတောင်ကြီးများ ပေါက်ကွဲပွင့်အန်မှုကြောင့် ဖြစ်တည်လာရသော ကျွန်းများ၏ အခြေချရာ သမုဒ္ဒရာရေပြင်အောက် ချိုင့်ဝှမ်းကြီးများသည် ကမ္ဘာ့ကိုက်ကြီးများ အခြေချရာ ကုန်းမြေထုကြီးများကဲ့သို့





ထူထဲခြင်းမရှိဘဲ အများဆုံး ကီလိုမီတာ ၈၀-ခန့်အထိသာ ရှိနေကြသည်။ ဤသည်မှာ ခေတ်သစ်သိပ္ပံပညာရပ်တို့ဖြင့် လေ့လာတိုင်းထွာချက်အရ တွေ့ရှိရမှု ဖြစ်သည်။

ရေအောက်မီးတောင်ကြီးများသည် အလွန်ပါးလွှာလှသော သမုဒ္ဒရာရေပြင်အောက် ချိုင့်ဝှမ်းကြီးများကို ထိုးဖောက်ကာ ပွင့်အန်ခဲ့ကြရခြင်း ဖြစ်သည်။ သို့ဖြစ်၍ အဆိုပါ ရေအောက်မီးတောင်ကြီးများသည် ရေထုကြီး၏ဖိအားကြောင့် လွတ်လွတ်လပ်လပ် ပေါက်ကွဲပွင့်အန်ခွင့်ကို မရရှိသောကြောင့် အလွန်ပူပြင်းလှသည့် ချော်ရည်ချော်မြှုပ်များ၊ ကျောက်တုံးနှင့် ချော်ခဲများ၊ ပြာမှုန်များသည် ပထမဆင့်အနေဖြင့် ရေပြင်အောက်၌ တောင်ကုန်းငယ်ကလေးများအဖြစ်သို့ ရောက်ရှိလာကြသည်။

နှစ်ကာလကြာမြင့်လာသည်နှင့်အမျှ ရေအောက် မီးတောင်ကြီးများ ထပ်မံပေါက်ကွဲ ပွင့်အန်ကြသည့်အခါ မူလက ဖြစ်တည်ခဲ့သော ရေအောက်တောင်ကုန်းငယ်များပေါ်၌ အေးခဲသွားသော ချော်တုံးနှင့်ကျောက်တုံးများက အလွှာထပ်ပိုးကာ တောင်ကုန်းကြီးများကို ဖြစ်ပေါ်လာစေသည်။

ကမ္ဘာ့သမုဒ္ဒရာနှင့် ပင်လယ်ရေပြင်တို့၏အောက်၌ သူမသိသူမသိဖြင့် ပေါက်ကွဲခဲ့ကြသော ငုပ်လျှိုးမီးတောင်များကြောင့် နှစ်ကာလကြာရှည်လာသည့်အခါ လူသိထင်ရှားဖြစ်သည့် ကျွန်းကြီးကျွန်းငယ်များကို ပေါ်ပေါက်လာစေသည်။



www.burmeseclassic.com

www.burmeseclassic.com



အဆိုပါ မီးတောင်ကျွန်းများ၏ အောက်ခံဖြစ်သော သမုဒ္ဒရာချိုင့်ဝှမ်းများသည် အက်ကြောင်းများဖြင့် ပြည့်နှက်လျက် ရှိနေကြသည်။ ဥပမာအားဖြင့် ဆုမားတြားကျွန်းနှင့် ဂျာဗားကျွန်းအကြား ဆန်းဒါးရေလက်ကြားတွင် ရေအောက်မီးတောင်ကြီးများ ပေါက်ကွဲပွင့်အန်မှုကြောင့် ဖြစ်တည်လာခဲ့သော ကာရာကာတိုကျွန်းကြီးသည် ၁၈၈၃-ခုနှစ် ဩဂုတ် ၂၇-ရက်က ဟိုက်ဒရိုဂျင်ဗုံး အလုံး(၃၀)အားနှင့် ညီမျှသော အင်အားဖြင့် ပြင်းထန်စွာ ပေါက်ကွဲခဲ့သည်။

ရေမျက်နှာပြင်အထက် ပေပေါင်း-၁၄၀၀ မြင့်မားသည့် အဆိုပါကျွန်းကြီး၏ အောက်ခံမြေလွှာသည် မူလကတည်းက အက်ကြောင်းများနှင့် ပြည့်နှက်နေခဲ့သဖြင့် ကျွန်းတစ်ခုလုံး တစ်စစီကြေမွသွားကာ ကမ္ဘာ့မြေပုံပေါ်မှ ပျောက်ကွယ်သွားခဲ့သည်။

သမုဒ္ဒရာနှင့်ပင်လယ်ရေပြင်များပေါ်၌ ကျွန်းများအဖြစ် ပေါ်ထွက်လာခြင်းမရှိသေးမီ ရေအောက်၌ နှစ်ကာလအလိုက် တစ်ဆင့်ပြီးတစ်ဆင့် ပေါက်ကွဲလျက်ရှိသော ရေအောက်မီးတောင်ပွင့်အန်မှုများကို သာမန်အားဖြင့် လူများက သတိမပြုမိခဲ့ပေ။

မျက်မှောက်ကာလတွင်မူ သိပ္ပံပညာထွန်းကားလာသဖြင့် ရေအောက်မီးတောင်များ၏ တည်နေရာ (လတ္တီကျု နှင့် လောင်ဂျီကျု အညွှန်းများ)၊ မီးတောင်အရေအတွက်



ပေါက်ကွဲနိုင်သည့် ခန့်မှန်းကာလ၊ ပေါက်ကွဲအားနှင့် ငြိမ်သက်နေမည့် ကာလအပိုင်းအခြား စသည်တို့ကို ရှာဖွေဖော်ထုတ်နိုင်ပေပြီ။

သို့သော် လွယ်ကူစွာဖြင့် စူးစမ်းရှာဖွေဖော်ထုတ်နိုင်ခဲ့သည်မဟုတ်ပေ။ ဝမ်းနည်းဖွယ်အဖြစ်ဆိုးမျိုးကို ကြုံတွေ့ခဲ့ရသေးသည်။ အတိတ်ကာလက ဂျပန်နိုင်ငံ ကမ်းလွန်ပင်လယ် မီယောဂျမ်းရှောရေပြင်ပေါ်၌ ရေအောက်မီးတောင်များ၏ သဘောသဘာဝကို အသေးစိတ်လေ့လာမှတ်တမ်းတင်နိုင်ရန်အတွက် သိပ္ပံပညာရှင်များကို တင်ဆောင်၍ ခုတ်မောင်းနေသော သိပ္ပံစူးစမ်းရေးသင်္ဘောတစ်စင်းသည် စူးစမ်းလေ့လာ တိုင်းထွာမှုများ ပြုလုပ်နေစဉ် အောက်တည့်တည့်ရှိ ရေအောက်မီးတောင်တစ်လုံး မမျှော်လင့်ဘဲ ပေါက်ကွဲခဲ့သည့်အတွက် သင်္ဘောနှင့်တကွ သိပ္ပံပညာရှင်များအားလုံးကို ဆုံးရှုံးခဲ့ရသည်။

တစ်ခါတစ်ရံ၌မူ စူးစမ်းရှာဖွေမှု ခရီးစဉ်မဟုတ်ပဲ သိပ္ပံလောကအတွက် အလွန်တန်ဖိုးရှိသော ရှာဖွေတွေ့ရှိမှုများကို ကြုံတွေ့ခဲ့ရသည်။ သာဓကအားဖြင့် ဖော်ပြပါမည်။

လွန်ခဲ့သော ဆယ်စုနှစ်အနည်းငယ်အတွင်းက အပျော်ခရီးနှင်နေသော သင်္ဘောတစ်စင်းမှ ခရီးသည်နှင့်သင်္ဘောသားများက အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ အဲဇိုးကျွန်းစုများ (Azores)ထဲတွင် ယခင်က မတွေ့ဖူးသော ကျွန်းတစ်

www.burmeseclassic.com

www.burmeseclassic.com



ကျွန်းကို မမျှော်လင့်ဘဲ တွေ့ရှိခဲ့ကြသည်။

ထိုကျွန်းပတ်ပတ်လည်၌ သင်္ဘောကိုလှည့်လည်ခုတ်မောင်းရင်း အဆိုပါကျွန်း၏ပုံစံနှင့် အနေအထားများကို ရုပ်ရှင်ဓာလင်ဖြင့် မှတ်တမ်းတင်ရိုက်ကူးခဲ့ကြသည်။ ထိုရုပ်ရှင်မှတ်တမ်းကို ပြန်လည်ကြည့်ရှု စစ်ဆေးသည့်အခါ ထိုကျွန်းသည် ရေအောက်မီးတောင်ပေါက်ကွဲမှုကြောင့် ရေပေါ်သို့ ထိုးထွက်လာသော ကျွန်းသစ်တစ်ကျွန်းဖြစ်ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။

၁၉၆၃-ခုနှစ် ဖိုဝင်ဘာလအတွင်းက အိုက်စလန်ကျွန်းကြီးအနီးရှိ သမုဒ္ဒရာရေပြင်အောက်ချိုင့်ဝှမ်းတစ်ခုအတွင်း မီးတောင်ပေါက်ကွဲမှုကြောင့် သမုဒ္ဒရာရေပြင်အထက် ပေပေါင်း ၅၅၀ မြင့်မားသော ကျွန်းကြီးတစ်ကျွန်းအဖြစ် ပေါ်ထွက်လာသည်။

အဆိုပါ မီးတောင်ကျွန်းမျိုးသည် ပေါ်ပေါက်လာပြီးမှ ပြန်လည်ပျောက်ကွယ်သွားခြင်းများလည်း ရှိတတ်သည်။ သာဓကအားဖြင့် ဩစတေးလျတိုက် အရှေ့ဘက်ကမ်းခြေမှ ကီလိုမီတာ ၃၂၀၀ ကွာဝေးသော ပစိဖိတ်သမုဒ္ဒရာရေပြင်၌ ဖယ်လ်ကွန်အမည်ရှိကျွန်းသည် ဖြစ်ထွန်းလာပြီးမှ ပျောက်ကွယ်သွားခြင်းဖြစ်သည်။

ဆူမားတြားကျွန်းနှင့် ဂျာဗားကျွန်းအကြားရှိ ကာရာကာတိုကျွန်းသည် ၁၈၈၃-ခုနှစ်တွင် မီးတောင်ပေါက်ကွဲမှုကြောင့် ပျောက်ကွယ်ခဲ့သည်။ သို့သော် ၁၉၂၉-ခုနှစ်တွင် ရေအောက်၌ မီးတောင်ပေါက်ကွဲမှုကြောင့် မူလ ကာရာကာတိုကျွန်းကြီးနေရာတွင် ကျွန်းငယ်တစ်ကျွန်း ပေါ်ထွန်းလာသည်။



အင်ဒိုနီးရှားနိုင်ငံသားတို့က ထိုကျွန်းကို "ကာရာကာတို သားငယ်ကျွန်း" (Son Karakato) ဟု မှည့်ခေါ်ထားပြီး ယနေ့တိုင် တည်ရှိနေသည်။ အတ္တလန္တိတ်သမုဒ္ဒရာတောင်ပိုင်းရှိ အာဖရိကကမ်းလွန်ဒေသ၌ တည်ရှိသော အက်ဆန်းရှင်း (Ascension) ကျွန်းကြီးသည် မီးတောင်ကျွန်းကြီးတစ်ကျွန်း ဖြစ်သည်။ ထိုကျွန်း၏ မြေမျက်နှာပြင်ပေါ်၌ မီးတောင်စုစုပေါင်း (၄၀)ရှိသည်။

အလားတူပင် တောင်အမေရိကတိုက် ဘရာဇီးနိုင်ငံ ရီယိုဒီဂျနေရိုးမြို့၏ အရှေ့မြောက်ကီလိုမီတာ ၁၆၀၀ အကွာ တောင်အတ္တလန္တိတ်သမုဒ္ဒရာအတွင်းရှိ မီးတောင်ကျွန်းကြီးတစ်ကျွန်းသည် သမုဒ္ဒရာရေစီးကြောင်းကြီးများနှင့် လှိုင်းတံပိုးကြီးများ၏ ရိုက်ပုတ်မှုဒဏ်ကြောင့် ဆယ်စုနှစ်တစ်စုအတွင်းမှာပင် ကျွန်း၏ တောင်ဘက်ခြမ်းမှာ ပြိုလဲပျက်စီးခဲ့သည်။

မြောက်ပစိဖိတ်သမုဒ္ဒရာ၏ ဘယ်ရင်ပင်လယ်အတွင်းရှိ အလူးရှင်းကျွန်းစုများတည်ရှိရာ ရေပြင်ဧရိယာသည် ဆူးခြားစွာ ရေပြင်ပေါ်၌ မီးတောက်မီးလျှံများ ထွက်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



လျက်ရှိသည်။ အကြောင်းရင်းမှာ ရေအောက်မီးတောင်များ၏ ထကြွလှုပ်ရှား ပေါက်ကွဲပွင့်အန်မှုများ အမြဲဖြစ်ပေါ်နေခြင်းကြောင့် ရေပြင်ပေါ် ၌ မီးတောက်မီးလျှံများ ဖြစ်ပေါ်ကာ မီးပင်လယ်ဖြစ်ပေါ်နေခြင်း ဖြစ်သည်။

ထို့ကြောင့် မီးတောင်ပေါက်ကွဲမှုနှင့် ကျွန်းများအသစ်ဖြစ်ပေါ်လာခြင်း၊ ကွယ်ပျောက်သွားခြင်းတို့မှာ ဆက်စပ်မှုရှိနေခဲ့ကြသည်။ နဂါးမောက်တောင်ရှိသော ဟာလမာဟီရာကျွန်းကြီးမှာ ယခင်က မီးတောင်ပေါက်ကွဲရာမှ ပေါ်ပေါက်လာသော ကျွန်းကြီးတစ်ကျွန်းဖြစ်ပြီး ကျွန်းပေါ်တွင် မီးသေတောင်များရှိသည်။ ထိုအထဲတွင် မီးရှင်တောင်များလည်းပါဝင်ရာ နဂါးမောက်တောင်ဟု အမည်ပေးထားသောတောင်မှာ အကြီးစားမီးတောင်များထဲတွင် ပါဝင်လေသည်။

ယခုအခါ နဂါးမောက်တောင်အခြေအနေက မကောင်းလှပေ။ အချိန်မရွေးပေါက်ကွဲတော့မည့် အခြေအနေသို့ ရောက်နေပေပြီ။ နေ့ရောညပါ မီးခိုးလုံးကြီးများ ထွက်နေပြီး ပြာပူပြာမှုန့်များကလည်း ပတ်ဝန်းကျင်တစ်ဝိုက်သို့ ပြန့်နှံ့ရောက်ရှိနေကြသည်။

တောင်ခြေနှင့်နီးသော ရွာများသာမကပဲ ဝေးသောရွာများအထိပါ ရောက်နေသည်။ နီးသောရွာများဆိုလျှင် ပြာမှုန့်များ အတော်ပင်များသဖြင့် ပြာပုံအောက်ရောက်နေရသကဲ့သို့ ထင်ရသည်။





မီးတောင်ကြီးက အချိန်မရွေးပေါက်ကွဲနိုင်သောအခြေအနေ ရောက်နေပြီဖြစ်သောကြောင့် ငလျင်များကလည်း မကြာခဏလှုပ်နေသည်။ အင်အားပြင်းသော ငလျင်လှုပ်သည့်အခါ ပင်လယ်ပြင်၌လှိုင်းတံပိုးကြီးများ ထလာသည်။ အချို့ ကမ်းခြေသို့ပင် ပြေးတက်လာကြသည်။

ဒါကပင်လူသားများအား သတိပေးနေသကဲ့သို့ရှိသည်။ ထို့ကြောင့် တောင်ခြေတစ်ဝိုက်မှာ တောင်ယာစိုက်ခင်းများ ပြုလုပ်ထားသူတို့မှာ တောင်ယာစိုက်ခင်းများ ရှိရာသို့ မသွားဝံ့ကြတော့ပေ။ ထို့ပြင် တောင်ခြေနှင့်နီးသောနေရာများသို့ပင် အသွားအလာ မပြုလုပ်ကြတော့ပေ။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၁၆ )

# နဂါးပြည်မှလာသောချစ်သူ

နဂါးမောက်တောင်ဟု အမည်ပေးထားသော မီးတောင်က အချိန်အခါမရွေး ပေါက်ကွဲတော့မည့်အခြေအနေမျိုး ရောက်နေလေပြီ။ ထို့ကြောင့် ဒေသခံများကတော့ မိမိတို့စိုက်ပျိုးထားသော စိုက်ခင်းများ၊ လယ်များရှိရာသို့ဝင်မသွားဝံ့ကြတော့ပဲ ဒီအတိုင်းပစ်ထားကြတော့သည်။

ယခုရက်ပိုင်းအတွင်း ၎င်းတို့ပြုလုပ်သောအလုပ်မှာ

www.burmeseclassic.com



စားနပ်ရိက္ခာများစုဆောင်း၊ သစ်ဖောင်၊ ဝါးဖောင်နှင့်လှေများ ပြင်ဆင်သော အလုပ်များသာ ပြုလုပ်နေကြသည်။

၉ နဂါးဦးခေါင်းပုံသဏ္ဌာန်ရှိသော မီးတောင်ကြီးကလည်း အဝေးမှကြည့်လျှင် ပါးစပ်တွင်းမှအခိုးအငွေ့များထွက်နေသကဲ့သို့ မီးခိုးများထွက်နေသည်။ ငလျှင်လှုပ်ခြင်းများကလည်း မကြာခဏဖြစ်နေသည်။ ငလျှင်လှုပ်တိုင်း အချို့နေရာမှ အက်ကွဲကြောင်းကြီးများပေါ်လာပြီး အခိုးအငွေ့များ ထွက်လာသည်။ ရေများဆူပွက်လာခြင်း၊ ကျောက်သားရွှံ့သားများ အရည်ပျော်ခြင်း၊ အချို့နေရာများမှာ ချော်ရေပူများပင် စိမ့်ထွက်စပြုနေပေပြီ။

ထို့ကြောင့် မည်သူမှမသွားမလာဝံ့ကြတော့ခြင်း ဖြစ်သည်။ ယခင်က ထိုနေရာနှင့် နီးသောတောအုပ်များအတွင်း၌ ငှက်များ၊ တောတိရစ္ဆာန်များရှိကြသည်။ ယခုတော့ အခြားနေရာသို့ ရွှေ့ပြောင်းသွားကြပြီဖြစ်သောကြောင့် ငှက်များလည်း မတွေ့ရတော့။ တောတိရစ္ဆာန်များလည်း မရှိကြတော့ပေ။

ထိုကဲ့သို့သော အခြေအနေမျိုးရောက်တော့မှ မီးတောင်ရှိရာဘက်သို့ လူနှစ်ယောက်ဦးတည်ပြီး လာနေကြသည်။ အခြားတော့မဟုတ်ပေ။ နီမောင်နှင့် မာရီနာတို့ပင် ဖြစ်သည်။ နီမောင်သဘောကတော့ အန္တရာယ်များလှသော ထိုနေရာဘက်သို့ မလာချင်တော့ပေ။ သို့သော် မာရီနာက





အတင်းခေါ်သဖြင့် အဖော်လိုက်လာခဲ့ရခြင်း ဖြစ်သည်။

"မီးတောင်က ပေါက်ကာနီးနေပြီ"

"မပေါက်သေးပါဘူး၊ ငါသိပါတယ်"

"ဒီလောက်အန္တရာယ်များတဲ့နေရာကို ဘာသွားလုပ်မှာလဲ"

"အကြောင်းရှိလို့ပေါ့၊ မီးတောင်ပေါက်လို့ သေတော့လည်းအတူတူသေကြတာပေါ့၊ 'ငါတောင်အသေခံဝံ့တာ နင်က မသေဝံ့ဘူးလား"

နီမောင်က ဘာမှပြန်မပြောတော့ပေ။ နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာကြသော်လည်း နီမောင်ကတော့ ပတ်ဝန်းကျင်ကို သတိထား၍ကြည့်လာလေသည်။ အချို့နေရာများမှာရှိသော သစ်ပင်များမှာ အပင်သေလျက် ခြောက်နေကြပြီ။ စပါးစိုက်ခင်း၊ အသီးအနှံစိုက်ခင်းများမှာလည်း ပျက်စီးနေကြပြီ။ သစ်တောများမှာ တောမီးလောင်ထားသကဲ့သို့ ဖြစ်နေကြသည်။

တောင်ခြေရောက်တော့ တစ်နေရာမှာရပ်လိုက်ကြသည်။

"ကဲ. . ရောက်ပြီ ဘာလုပ်မှာလဲ"

"ငါတို့နှစ်ယောက် အရင်တစ်ခါဝင်တဲ့အပေါက်ကနေ မီးတောင်ထဲဝင်ကြမယ်လေ"

ထိုစကားကြောင့် နီမောင်ပင် မျက်လုံးပြူးသွားတော့



www.burmeseclassic.com

www.burmeseclassic.com



သည်။

"နင်ကြောက်လို့လား"

"မကြောက်ပါဘူး"

"နီမောင် နင့်ကို ငါမေးစရာရှိတယ်"

"မေးလေ"

"မီးတောင်ပေါက်တာနဲ့ တောင်ခြေမှာရှိတဲ့ရွာတွေအားလုံး ပျက်စီးသွားကြတော့မှာ ငါတို့ရွာတွေလည်း ပါမှာပဲ ရွာပျက်သွားပြီးရင် ဒီနေရာတစ်ဝိုက်မှာလည်း ဘာမှလုပ်စားလို့ ရတော့မယ်မထင်ဘူး၊ နင်ဘာလုပ်မလဲဟင်"

နီမောင်ကသက်ပြင်းတစ်ချက်ချကာ ကျောက်တုံးကြီးကစ်တုံးနံဘေးမှာ ခြေပစ်လက်ပစ်ဝင်လိုက်တော့ မာရီနာကပါ အနားမှာဝင်ထိုင်သည်။

"ငါတော့ အဖေတို့နဲ့လည်း တိုင်ပင်ထားပြီးပြီ၊ ဒီမှာမနေတော့ပဲ ဆရာတို့ပြန်ရင် သူတို့သင်္ဘောနဲ့ပြန်လိုက်သွားပြီး ဟိုမှာပဲ လုပ်ကိုင်စားသောက်ဖို့ စိတ်ကူးထားတယ်"

"နင်ပြန်သွားတော့ ငါတစ်ယောက်တည်း ကျန်ခဲ့မှာပေါ့၊ ဒီလိုတော့ ဘယ်ဖြစ်ပါ့မလဲ၊ ငါ့ကိုပါ ခေါ်သွားရမှာပေါ့"

"ငါလည်း ခေါ်သွားချင်ပါတယ်၊ ဒါပေမယ့် နင်နဲ့ငါနဲ့က ဘာမှမဆိုင်ကြသေးတော့ ဘယ်လိုခေါ်သွားရမှာလဲ"

"ဘာဖြစ်လို့မဆိုင်ရမှာလဲ နင်နဲ့ငါနဲ့က ချစ်သူတွေမဟုတ်ဖူးလား၊ အရင်ဘဝက ချစ်သူတွေဖြစ်ခဲ့ကြသလို အခုဘဝမှာလည်း ချစ်သူတွေပဲလေ၊ ဘာလဲ နင်က ငါနဲ့ ချစ်သူမဖြစ်ချင်လို့လား"



"ဟို . . ဟို ဖြစ်ချင်ပါတယ်၊ ဒါပေမယ့်"

"ဘာလဲ ငါ့ကို ရူးနေတဲ့သူဆိုပြီး ငါပြောတဲ့စကားတွေကို အရူးစကားလိုသဘောထားနေတယ် မဟုတ်လား"

"နင့်အပေါ်မှာ အဲဒီလိုမျိုး ဘယ်တုန်းကမှ မတွေးခဲ့ပါဘူး၊ အမှန်အတိုင်းပြောရရင် ငါနင့်ကိုချစ်ပါတယ်၊ ငါသွားရင်လည်း ခေါ်သွားချင်ပါတယ်၊ နင်ငါ့ကို ချစ်တယ်မဟုတ်လား"

သူမက မျက်လုံးအပြူးသားဖြင့်ကြည့်ကာ ခေါင်းညိတ်ပြလေသည်။ နီမောင်က သူမအမူအယာကိုကြည့်ပြီး စိတ်ထဲမှ သနားသွားသောကြောင့် လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားရင်း မေးလိုက်သည်။

"နင် အမှန်ပြောနေတာလား"

"ငါက ရူးပြီး အရူးစကားတွေပြောနေတယ်လို့ နင်ထင်နေလို့လား"

ထိုသို့ပြန်မေးသောအသံမှာ ယခင်ကြားနေကျအသံမျိုးမဟုတ်ပဲ တည်တည်ငြိမ်ငြိမ်ဖြစ်နေသောကြောင့် စိတ်ထဲမှ အံ့ဩသွားကာ သူမမျက်နှာကို အသေအချာကြည့်လိုက်လေသည်။

မာရီနာ၏မျက်နှာအမူအယာမှာ ယခင်က တွေ့ခဲ့ဖူး


www.burmeseclassic.com

www.burmeseclassic.com



သော မျက်နှာမျိုးမဟုတ်ပဲ သာမန်မိန်းကလေး တစ်ယောက်ကဲ့သို့ တည်တည်ငြိမ်ငြိမ် အမူအယာမျိုး တွေ့ရသောကြောင့် စိတ်ထဲမှ ဝမ်းသာသွားလေသည်။

"နင်. . နင် တကယ်ရူးနေတာမဟုတ်ဘူးပေါ့နော်"

"ရူးချင်ရင်ရူးပြီး၊ မရူးချင်လည်း မရူးပဲနေလို့ ရတာပေါ့"

"ငါ ဝမ်းသာလိုက်တာ၊ ဒါဖြင့် ငါ့ကိုချစ်တယ်ပြောတာ တကယ်ပေါ့နော်"

"ငါက ကိုယ်မချစ်တဲ့ ယောကျာ်းတစ်ယောက်နဲ့ နှစ်ယောက်တည်း လျှောက်သွားနေမယ် ထင်နေလို့လား"

ထိုသို့ပြောတော့မှ စိတ်ချလက်ချဖြစ်ကာ သူမကိုယ်လေးကို ရင်ခွင်ထဲထည့်ကာ ထွေးဖက်ထားလိုက်သည်။

"နင် ငါ့ကို ခေါ်သွားမှာလား"

"ခေါ်သွားမှာပေါ့. . ၊ နောက်ဆိုရင် ဘယ်သွားသွား အမြဲတမ်းခေါ်သွားတော့မှာ၊ ဒါထက် နင်ကငါနဲ့လိုက်မှာဆိုတော့ နင့်မိဘတွေကရော ဒီမှာနေခဲ့မှာလား"

"သူတို့လည်း ပြန်လိုက်ဖို့ ပြောနေကြတယ်"

"ဒီလိုဆိုရင်တော့ ဘာမှစိတ်ပူစရာမရှိတော့ပါဘူး၊ ငါ နင့်အပေါ်မှာ သစ္စာရှိရှိနဲ့တစ်သက်လုံး လက်တွဲသွားပါ့မယ်လို့ ကတိပေးပါတယ်"

ထိုသို့ပြောသော မာရီနာက ကျေနပ်စွာခေါင်းညိတ်



ပြရင်း နီမောင်ရင်ခွင်ထဲမှထရင်း ပြောသည်။

"သူတို့ စောင့်နေကြပြီ၊ ငါတို့နှစ်ယောက် မီးတောင်ထဲ ဝင်ကြရအောင်"

"ဟင် ဘယ်သူတွေလဲ"

"ဟိုရောက်တော့ တွေ့ရမှာပေါ့"

ထိုသို့ပြောပြီးနောက် နှစ်ယောက်သား ယခင်ဝင်ခဲ့ဖူးသော အပေါက်မှပင် မီးတောင်အတွင်းသို့ ဝင်ကြလေသည်။ မီးတောင်အတွင်းရောက်တော့မှ အံ့သြဖွယ်ရာ မြင်ကွင်းများကို မြင်ရတော့သည်။

ကျောက်သားနံရံများမှာ အခိုးအငွေ့များ စိမ့်ထွက်နေပြီး အချို့နေရာများရှိ အက်ကြောင်းများအတွင်းမှ ချော်ရည်ပူများပင် စိမ့်ထွက်နေသည်။ အချို့နံရံများမှာ နီရဲနေပေပြီ။ သို့သော် ထိုနေရာသို့ ရောက်နေသော နီမောင်မှာတော့ ပူလောင်ခြင်း မရှိသေးပေ။ တကယ်ဆိုလျှင် မီးဖိုကြီးအလယ်သို့ ရောက်နေသကဲ့သို့ ဖြစ်နေသော်လည်း ထူးထူးခြားခြား၊ အပြင်ဘက်မှာ နေရသကဲ့သို့ နေရခြင်းကပင် အံ့သြစရာဖြစ်နေတော့သည်။

တစ်နေရာရောက်တော့ အောက်ဖက်တွင် မြောင်းကြောင်းတစ်ခုကဲ့သို့ စီးဆင်းနေသော ချော်ရည်ပူများကို လှမ်းမြင်ရသည်။ တပြင်လုံးနီရဲနေပြီး ထမင်းအိုးဆူပွက်သကဲ့သို့ အမြှုပ်များထနေလေသည်။ မာရီနာက ရှေ့မှဦးဆောင်ပြီး

www.burmeseclassic.com

ဆင်းသွားရာ အောက်ဖက်တစ်နေရာရောက်တော့ ချော်ရည်များရှိနေသောကြောင့် ရှေ့ဆက်သွား၍မရတော့သဖြင့် ရပ်လိုက်ကြရသည်။

ရှေ့မှာ ချော်ရည်ပူများရှိနေသည်ကတစ်ကြောင်း၊ ဘေးမှာရှိသော ကျောက်နံရံများကလည်း မီးကျီခဲကဲ့သို့ နီရဲနေပြီဖြစ်သောကြောင့် နီမောင့်စိတ်ထဲမှာတော့ စိုးရိမ်စိတ်ဝင်နေသည်။ ယခုအချိန်ထိတော့ ဒီလောက်အန္တရာယ်များသောနေရာသို့ ဘာကြောင့်ခေါ်လာမှန်းလည်း မသိဖူး။ ဘယ်သူတွေနှင့် တွေ့ရမှန်းလည်း မသိရသေးပေ။

အတန်ကြာတော့မှ အဖြေကပေါ်လာတော့သည်။ သူတို့နှင့် မနီးမဝေးမှာရှိနေသည့် ချော်ရည်ပူများအတွင်းမှ လူသုံးယောက်ထွက်လာကြသည်။ အစိမ်းရောင် အဝတ်အစားများ ဝတ်ဆင်ထားကြသည့် ယောကျ်ားတစ်ယောက်နှင့် အမျိုးသမီးနှစ်ယောက်တို့ ဖြစ်ကြသည်။ အသက်နှစ်ဆယ်ကျော် သုံးဆယ်အရွယ်ခန့်ရှိကြပြီး ချောမောလှပသူများလည်း ဖြစ်ကြသည်။

၎င်းတို့သုံးယောက်က မီးတောင်များအတွင်းမှ ထွက်လာကြပြီးနောက် သူတို့နှင့်မနီးမဝေးမှာ ရပ်လိုက်ကြသည်။ ထိုအခါ မာရီနာက လက်အုပ်ချီ၍. . .

"ညီမတော် သူနဲ့အတူ တစ်နေရာကို လိုက်သွားပါတော့မယ် ခွင့်ပြုပေးကြပါ"



ဟု ခွင့်တောင်းလေသည်။ ထိုအခါ အလယ်မှာရပ်နေသည့် အမျိုးသားကပြောသည်။

"သံသရာခရီးလျှောက်နေကြတာပဲ၊ ဒီလိုပဲ တစ်နေရာပြီးတစ်နေရာ သွားနေကြရမှာပဲ၊ ငါ့ ညီမလေးက ကျွတ်လွတ်ခွင့်ရတဲ့ဘဝနဲ့ လူလောကမှာ ရောက်နေတာဆိုတော့ သွားလိုတဲ့နေရာကိုသာ သွားပါ"

ထိုစကားကြားတော့ မာရီနာ မျက်နှာပေါ်သို့ မျက်ရည်များစီးကျလာသည်။

"ဒါပေမယ့် ဘယ်နေရာကိုပဲရောက်ရောက် မကောင်းမှုတွေမလုပ်ပါနဲ့၊ စိတ်ကိုဖြူဖြူစင်စင်ထားပြီး ကောင်းမှုတွေသိုလ်တွေပဲလုပ်ပါ၊ အစ်ကိုအစ်မတွေကိုရည်စူးပြီး အမျှအတန်းဝေ ပေးပါ၊ ဒီနေရာကိုလည်း တစ်နှစ်တစ်ခေါက် ရောက်အောင်လာပြီး ငါတို့နဲ့လာတွေ့ပါ"

ဟုပြောတော့ ခေါင်းညိတ်ပြရာ မျက်ရည်များက ပါးပြင်ပေါ်သို့ စီးကျသွားလေတော့သည်။ ထို့နောက် လူသုံးယောက်က မာရီနာကိုခေါ်ပြီး ပတ္တမြားတစ်လုံးစီ လက်ဆောင်ပေးကြသည်။

"ဒီမီးတောင်ကြီးက ဘယ်တော့ပေါက်မှာလဲဟင်"

"လပြည့်ည မွန်းတည့်ချိန်မှာ ပေါက်ကွဲတော့မယ်၊ သူတွေရဲ့အသက်ကို တတ်နိုင်သမျှ ကယ်တင်ပေးလိုက်ပါ"

ဟု ပြောဆိုကာ သုံးယောက်စလုံး ချော်ရည်ပူများ

www.burmeseclassic.com



အတွင်းသို့ ဝင်ရောက်ပျောက်ကွယ်သွားကြလေတော့သည်။

မာရီနာကတော့ ၎င်းတို့ကိုကြည့်ရင်း မျက်ရည်များ ကျနေသဖြင့် နီမောင်က ဖြောင်းဖျပြောဆိုပြီး အပြင်ဘက်သို့ ပြန်ထွက်ခဲ့ကြသည်။ အပြင်ရောက်တော့မှ နီမောင်ကပြော သည်။

"ငါတို့က မော်ဂနီနတ်ဆရာရဲ့သမီး နဂါးကချေသည်ကို နဂါးပြည်ကလာတဲ့လူလို့ ထင်နေကြတာ၊ တကယ် နဂါးပြည်က လာတာက နင်ပဲကိုး"

"ခုတော့သိပြီလား"

"သိပါပြီ၊ အခုလိုမြင်ရတော့ စိတ်မကောင်းပါဘူး။ နင့်အစ်ကိုတွေ အစ်မတွေက ခွင့်ပေးလိုက်ပြီဆိုတော့ နင့်ကို တစ်သက်လုံးခေါ်ထားလို့ရပြီပေါ့နော်"

"ဒါကတော့ နင့်သဘောပေါ့"

ထိုသို့ပြောပြီး ပတ္တမြားသုံးလုံးကို နီမောင်အားပေး သည်.။

"ငါမလိုချင်ပါဘူး နင်ပဲယူထားပါ။ နင့်ကိုပိုင်ဆိုင်ခွင့် ရမှတော့ ပတ္တမြားတွေက အရေးမကြီးတော့ပါဘူး"

"ဒါပေမယ့် ငါတို့ဘဝထူထောင်ဖို့က ရှိသေးတယ် လေ၊ သူတို့အတွက် ကုသိုလ်ကောင်းမှုတွေလည်း လုပ်ပေးလို့ ရတာပေါ့"

ဟု ပြောတော့မှယူပြီး အိတ်ထဲထည့်ထားလိုက်



သည်။

"ဒါကအရေးမကြီးဘူး၊ ငါတို့ရွာကို အမြန်ပြန်ကြမှ ဖြစ်မယ်၊ လမြည့်ညရောက်ဖို့က မလိုတော့ဘူး ငါတို့ရွာသား တွေကိုရော တခြားရွာတွေပါ လက်လှမ်းမီသလောက် လိုက် ပြီးသတိပေးရမယ်၊ ဆရာတို့ကိုလည်း ပြောပြရတယ်"

ဟု ပြောဆိုပြီး နှစ်ယောက်သား ၎င်းတို့ရွာရှိရာဘက် သို့ ပြန်လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com







# အခန်း ( ၁၈ )

# ဘ၀ခရီးနှင့် နေ့သစ်များစွာ

နောက်တစ်နေ့မှာတော့ နီမောင်၊ ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီးသူရဋ္ဌ၊ စောထီး၊ ငမဲအောင်၊ ဇမ္ဗူထန်အပါအဝင် သုဝဏ္ဏရွာမှာရှိသော လူအတော်များများ အလုပ်ရှုပ်ကြလေသည်။ သုဝဏ္ဏရွာသာမကပဲ အနီးဝန်းကျင်တစ်ဝိုက်မှာရှိသော ရွာသူရွာသားများ၊ နေထိုင်သူများတို မီးတောင်ပေါက်ကွဲတော့မည့်အကြောင်း လိုက်လံသတိပေး

www.burmeseclassic.com

www.burmeseclassic.com



ကြရသည်။

"လပြည့်ညရောက်ရင် မီးတောင်ကြီးပေါက်ကွဲတော့မယ်၊ အခုကတည်းက ဘေးအန္တရာယ် လွတ်ကင်းရာသို့ ရွှေ့ပြောင်းနေကြပါ"

လပြည့်ညရောက်ဖို့ သုံးရက်ခန့်လိုသေးသောကြောင့် အချို့လည်း ယုံကြသည်။ အချို့လည်း မယုံကြပေ။ မယုံကြည်သူများက မီးတောင်ပေါက်ကွဲမှုကို မယုံကြည်ကြသောကြောင့်လည်းပါသည်။ မကြုံဖူးမတွေ့ဖူးသေးသောကြောင့်လည်းပါသည် ။

ထို့ပြင် မိမိတို့နေသောရွာ၊ မိမိတို့လုပ်ကိုင်နေသောလယ်မြေ၊ အလုပ်အကိုင်များကို မစွန့်ခွာလိုသောကြောင့်လည်းပါသည်။ ထို့ကြောင့် လိုက်လံသတိပေးသော်လည်းပြင်ဆင်မှု ပြုလုပ်ခြင်းမရှိကြပဲ နေမြဲအတိုင်းနေကြသည်။

"မီးတောင်ပေါက်ကွဲတယ်ဆိုတာ ဖြစ်ခဲတဲ့ကိစ္စပဲ၊ သူတို့ပြောတိုင်းလည်း ဟုတ်ချင်မှဟုတ်မှာပါ"

"လပြည့်ညမှာ မီးတောင်ပေါက်ကွဲမယ်လို့ပြောတယ်၊ သူတို့က နတ်ဆရာတွေလား၊ ဒါမှမဟုတ် အကြားအမြင်ရနေတဲ့ ဆရာတွေလား"

"မဟုတ်ဘူး သူတို့ရွာမှာ စိတ်မမှန်တဲ့ကောင်မလေးတစ်ယောက်ရှိတယ်၊ အဲဒါကောင်မလေးက မီးတောင်ပေါက်ကွဲမယ့်အချိန်ကို သေသေချာချာပြောတာလို့ သတင်းကြား



တယ်"

"အရူးစကားများ အမှန်ယူလို့ကွာ၊ စိတ်မနှံ့တဲ့သူက သူပြောချင်တာပြောမှာပေါ့၊ ငါတို့ကတော့ အရူးပြောတဲ့အတိုင်း မလုပ်နိုင်ပါဘူး"

"ဟုတ်တယ်၊ အိမ်တွေ ခြံတွေ ကျွဲနွားတွေ လယ်တွေကို ဒီအတိုင်းထားခဲ့လို့တော့ ဘယ်ဖြစ်ပါ့မလဲ ဒီအတိုင်းပဲနေမယ်"

ဟု ပြောဆိုကာ ဘာမှမပြင်ဆင်ပဲ နေသူများလည်းရှိကြသည်။ အချို့တော်တော်များများကတော့ ကြိုတင်ပြုလုပ်ထားသော သစ်ဖောင်၊ ဝါးဖောင်၊ လှေများပေါ်သို့သော်လည်းကောင်း၊ မြင့်သောတောင်ကုန်းများ တောင်များပေါ်သို့သော်လည်း ရွှေ့ပြောင်းကြသည်။

မော်ဂနီရွာကိုတော့ ဒေါက်တာမင်းထင်ကျော် ကိုယ်တိုင်သွားလေသည်။ ရွာလူကြီး ဆူရာဂျာအပါအဝင် ရွာသူရွာသားအတော်များများကတော့ ပြင်ဆင်စရာရှိသည်များကို ကြိုတင်ပြင်ဆင်ထားကြသည်။ အချို့လည်း နတ်ဆရာကိုယုံကြည်သဖြင့် ဘာမှမလုပ်ကြသေးပေ။ ဒေါက်တာမင်းထင်ကျော်က နတ်ဆရာ ယက္ခရန်နှင့် သွားတွေ့ပြီး ပြောသည်။

"လပြည့်ည မွန်းတည့်ချိန်မှာ မီးတောင်ပေါက်ကွဲတော့မယ်၊ ဒါကြောင့် ဘေးကင်းတဲ့နေရာကို ရွှေ့ပြောင်းစေချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"တခြားသူတွေပြောင်းမယ်ဆိုရင် ပြောင်းကြပစေ၊ ငါ့မိသားစုတွေ ငါ့တပည့်တွေကိုလည်း ခွင့်ပေးထားပြီးပြီ၊ ငါကတော့ ဒီမှာပဲနေမယ်၊ မီးတောင်ပေါက်တာကို မတားဆီးနိုင်ပဲ ထွက်ပြေးတဲ့ နတ်ဆရာဘဝမျိုးနဲ့တော့ အသက်ရှင်နေလည်း အပိုပဲ"

"သဘာဝဘေးအန္တရာယ်ဆိုတာ ဘာနဲ့မှတားဆီးလို့ မရနိုင်ပါဘူး၊ အခုနေ ရွှေ့ပြောင်းရင် အချိန်ရပါသေးတယ်"

နတ်ဆရာက ဘာမှပြန်မပြောပေ။

"ကျွန်တော် ခင်ဗျားဆီမှ ခွင့်တောင်းစရာတစ်ခုရှိပါတယ်၊ ကျွန်တော် မင်ဖူရီကို နှစ်သက်ပါတယ်"

"သူ့ကိုတော့ ခေါ်သွားနိုင်ပါတယ်"

ဟု ပြန်ပြောလေသည်။ ထို့နောက်မှာတော့ မင်ဖူရီကို တစ်ပါတည်းခေါ်ကာ သုဝဏ္ဏရွာသို့ ပြန်လာခဲ့ပေသည်။ နတ်ဆရာအတွက် စိတ်မကောင်းဖြစ်မိသော်လည်း ဘာမှ မတတ်နိုင်တော့ပေ။

၁၉၃၀-ပြည့်နှစ်၊ နိုဝင်ဘာလ (၄)ရက်၊ ၁၂၉၂-ခု တန်ဆောင်မုန်းလဆန်း (၁၅)ရက် အင်္ဂါနေ့ည ရောက်ချိန်မှာတော့ ညဦးပိုင်းအချိန်ရောက်ကတည်းက မည်သည့်အသံမှ မကြားရတော့ဘဲ တိတ်ဆိတ်ငြိမ်သက်နေသည်။ ထိုအချိန်မတိုင်ခင် တောင်ခြေဘက်မှ အိပ်တန်းတက်နေသော ငှက်အုပ်များ၊ ဂူအောင်းနေသော လင်းနို့ဆွဲများ စူးစူးဝါးဝါးအော်လျက်



ထပျံသွားကြသည်။

နောက်တော့ လျှောင်များ အဆက်မပြတ်လှုပ်လာသည်။ လျှောင်လှုပ်ခြင်းကြောင့် အက်ကွဲကြောင်းများပေါ်လာပြီး ထိုအထဲမှ အခိုးအငွေ့များ ထွက်လာသည်။ ချော်ရည်ပူများ၊ မီးတောက်မီးလျှံများ ထွက်လာသည်။ ညဦးပိုင်းရောက်တော့ အရှေ့ဘက်မှ လထွက်လာသည်။ လရောင်ရှိသော်လည်း ပတ်ဝန်းကျင်တစ်ခုလုံး မီးခိုးများပြာမှုန့်များ ဖိတ်နေသောကြောင့် ဝေဝါးနေသည်။

မွန်းတည့်ချိန်ရောက်တော့ လရောင်က နဂါးမောက်တောင်ထိပ်ဝပေါ်သို့ ရောက်လာသည်။ ထိုအချိန် ပြင်းထန်သော လျှောင်ကြီးတစ်ခု လှုပ်လိုက်ပြီးနောက် မရှေးမနှောင်းမှာပင် တောင်ထိပ်ဝမှ ပြင်းထန်သောပေါက်ကွဲသံကြီး ထွက်ပေါ်လာလေတော့သည်။

မီးတောင်ပေါက်ကွဲပေပြီ။ မီးတောက်မီးလျှံများ၊ ချော်ရည်ပူများမှာ ကောင်းကင်သို့ မိုင်ချီပြီး တိုးတက်သွားကြသည်။ မီးတောင်ပေါက်ကွဲမှုကြောင့် ဟာလမာဟီရာကျွန်းကြီး တစ်ကျွန်းလုံး ဟိုက်ဒရိုဂျင်ဗုံးပေါင်းများစွာ တပြိုင်နက် ပေါက်ကွဲသကဲ့သို့ တုန်လှုပ်သွားလေသည်။

တဆက်တည်းတောင်ထိပ်မှ စီးကျလာသော ချော်ရည်ပူများက တစ်နာရီ မိုင် ၄၀-၅၀ အရှိန်လောက်ဖြင့် တောင်ခြေများသို့ စီးဆင်းလာလေတော့သည်။ ပေါက်ကွဲထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



သော ချော်ရည်ပူများနှင့်အတူ ရှေးအခါက နာဂရမင်းဆက်များသို့ဝှက်ထားခဲ့သော ကျောက်မျက်ရတနာမိုး ရွာချသကဲ့သို့ ရှိတော့သည်။

ထိုကဲ့သို့ စိန် ပတ္တမြားစသော ရတနာများပါလာသော်လည်း လူများကတော့ အသက်အန္တရာယ်ဘေးမှလွတ်အောင် ပြေးကြရသောကြောင့် လှည့်မကြည့်နိုင်ကြတော့ပေ။ ချော်ရည်ပူများနှင့်အတူ ကျောက်မျက်ရတနာများပါလာသလို မီးတောက်မီးလျှံများလည်းပါလာရာ စီးဆင်းရာလမ်းတစ်လျှောက်မှာရှိသော သစ်ပင်များ၊ လယ်များ၊ နေအိမ်များကို လောင်ကျွမ်းဝါးမြိုသွားလေတော့သည်။

အနီးဆုံးရွာများမှာ ချော်ရည်ပူများအောက်သို့ ရောက်သွားကြလေတော့သည်။ အနီးဆုံးရွာမှာ မော်ဂနီရွာဖြစ်သောကြောင့် အရှိန်ဖြင့် စီးဆင်းလာသော ချော်ရည်ပူများက ထိုရွာသို့ ဦးစွာရောက်လာလေတော့သည်။ ရွာလူကြီးဆူရာဂျာနှင့် ရွာသူရွာသား အတော်များများကတော့ ညဦးပိုင်းကတည်းက ဘေးအန္တရာယ်လွတ်ရာသို့ ရွှေ့ပြောင်းသွားကြပြီဖြစ်သဖြင့် မရှိကြတော့ပေ။

ထိုရွာတွင် နတ်ဆရာနှင့် ရွာသားအချို့လောက်သာ ရှိကြရာ ဘေးအန္တရာယ်ကြုံတော့မှ ထွက်ပြေးကြသော်လည်း မလွတ်ကြတော့ပေ။

နတ်ဆရာယက္ခရကတော့ နဂါးရုပ်တုကြီးအနားမှာ





ဝင် တောင့်တောင့်ကြီးရပ်နေရင်း ချော်ရည်ပူများက ဖုံးအုပ်သွားလေတော့သည်။ နောက်တော့ တစ်ရွာလုံး ချော်ရည်ပူများအောက်သို့ ရောက်သွားကြလေတော့သည်။

ချော်ရည်များက မီးတောင်ပေါက်ကွဲသော်နေရာကို ဗဟိုရ်ချက်ပြုလျက် လေးဘက်လေးတန်သို့ စီးဆင်းသွားရာ နေရာအတော်များများမှာ အချိန်အနည်းငယ်အတွင်းမှာပင် ချော်ရည်ပူများ ဖုံးလွှမ်းထားကာ မီးပင်လယ်ကြီး ဖြစ်သွားလေတော့သည်။

တိတ်ဆိတ်နေသောအချိန်တွင် နေရာအနှံ့အပြားမှ အော်သံတစ်သံများ ကြားနေရသော်လည်း နောက်တော့ တဖြည်းဖြည်းနှင့်အသံများ ပျောက်သွားလေတော့သည်။ အုဝက္ကရွာကတော့ အချိန်ယူပြီးပြင်ဆင်ထားကြသောကြောင့် အတော်များများ ဘေးအန္တရာယ်မှ လွတ်ကင်းကြသည်။ ချော်ရည်ပူများရောက်လာတော့ ရွာမှာ လူနှင့်တိရစ္ဆာန်များ မရှိကြတော့ပေ။

သစ်ဖောင်၊ ဝါးဖောင်များ၊ လှေများဖြင့် ဘေးကင်းရာသို့ သွားသူကသွားကြ၊ အချို့ကလည်း ချော်ရည်ပူ မရောက်နိုင်သည့် တောင်ကုန်းတောင်ထိပ်များသို့ သွားရောက်နေကြသဖြင့် ဘေးအန္တရာယ်လွတ်ကင်းကြသည်။

ဒေါက်တာမင်းထင်ကျော်ပိုင်သည့် ပင်လယ်မင်းသားသင်္ဘောပေါ်မှာတော့ ဒေါက်တာမင်းထင်ကျော်၊ ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com



သူရဲ့ ဦးဗန်ကောင်းတို့အပြင် မင်ဂျူရီလည်း ရှိသည်။ နီမောင်တို့မိသားစုအပြင် မာရီနာလည်း ရှိသည်။ ဇမုန်းထန်တို့လည်း ရှိသည်။ စောထီးနှင့်ငမဲအောင်တို့လည်း နီမောင်နှင့် လိုက်လာကြသည်။

မင်ဂျူရီက ကျွန်းတစ်ကျွန်းလုံး မီးတောက်မီးလျှံများအောက်သို့ ရောက်သွားသည်ကို လှမ်းကြည့်ရင်း ဖခင်အတွက် စိတ်မကောင်းဖြစ်ကာ မျက်ရည်ကျနေလေသည်။

"ဆရာ မီးတောင်ပေါက်ပြီဆိုတော့ ရတနာတွေပါ လာပြီပေါ့နော် "

နီမောင်က မေးသဖြင့် ဒေါက်တာမင်းထင်ကျော်က ခေါင်းညိတ်ပြလိုက်သည်။

"ပါလာရောပေါ့၊ ဒါပေမယ့် ချော်ရည်ပူတွေ အေးခဲသွားမှပဲ ရှာဖွေယူလို့ရကြမှာပေါ့"

"ဆရာတို့က ရတနာတွေရှာဖို့လာကြတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး၊ လူတွေရဲ့ အသက်ကို ကယ်ဖို့လာခဲ့ကြတာပါ၊ လူ့အသက်တွေက ရတနာတွေထက်ပိုပြီး တန်ဖိုးရှိပါတယ် "

သည်တော့မှ သဘောပေါက်သွားသဖြင့် ဆက်မပြောတော့ပဲ စကားလွှဲလိုက်သည်။

"ဒါပေမယ့်ဆရာအတွက်တော့ နှစ်သက်စရာကောင်း



တဲ့ ရတနာတစ်ခု ရခဲ့တယ် မဟုတ်လား"

နီမောင်က မင်ဂျူရီရပ်နေသော နေရာဘက်သို့ကြည့်ရင်း ပြောသဖြင့် ဒေါက်တာမင်းထင်ကျော်က သဘောကျစွာပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

"နီမောင် မင်းနဲ့ငါနဲ့က ဘဝတူတွေပါပဲ၊ သူများတွေက အရှုံးလို့သဘောထားပြီး ဝိုင်းပယ်ထားတဲ့ နဂါးပြည်က လာတဲ့ ပတ္တမြားတစ်ပွင့်ကို ရလာခဲ့တာပဲ မဟုတ်လား"

"တစ်ပွင့်တောင်မဟုတ်ဘူး၊ ဒီမှာသုံးပွင့်ရှိပါသေးတယ်"

"အဲဒါတွေကို ရောင်းချပြီးတော့ မင်းတို့ဘဝ ထူထောင်လို့ရတာပေါ့၊ မင်းတို့အတွက် ဝမ်းသာပါတယ်"

ဟု ပြောလိုက်လေသည်။

အချိန်က အာရုဏ်ဦးသို့ ရောက်လာပေပြီ။ အနောက်ဘက်ယွန်းယွန်းသို့ရောက်နေသော လပြည့်ည လရောင်က ဖင်လယ်ပြင်သို့ ဖြာကျနေသည်။ ပင်လယ်ပြင်နေရာအနှံ့မှာတော့ လှိုင်းများနှင့်အတူ ဝါးဖောင်၊ သစ်ဖောင်များလှေများက နေရာအနှံ့တွင် ရှိနေကြသည်။

သူတို့သည် ချော်ရည်ပူများဖုံးလွှမ်း၍ ပျက်စီးသွားသော နေရာဟောင်းများအား စွန့်ခွာလျက် နေရာသစ်များ ထပ်မံရှာဖွေကြရပေတော့သည်။

အာရုဏ်ဦးအချိန်ရောက်တော့မှ ပင်လယ်မင်းသား

www.burmeseclassic.com

www.burmeseclassic.com



ကု အမည်ပေးထားသော ပင်လယ်ကမ်းရိုးတန်းသွားသင်္ဘောသည် စက်ရှိန်မြှင့်လျက် မြန်မာနိုင်ငံ ကမ်းရိုးတန်းများရှိရာဘက်သို့ ဦးတည်ကာ မောင်းခဲ့ကြပေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (နဂါးကခြေသည်) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နဂုံးကမွတ် အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။

အနီယာဟောတုသုခိအတ္တာနံ ပရိဟရန္တု

# ပြီးသည်

အပြီးချိန်။ ။ ၂၀၁၆ခုနှစ်၊ စက်တင်ဘာလ (၄)ရက်၊ တနင်္ဂနွေနေ့၊ နေ့လည် (၂)နာရီ။

www.burmeseclassic.com